# အလောင်းတော် အရိန္ဒမာ လင်္ကာသစ်

## ဆရာ ဦးသာအောင်

*C:\ALONGTAW AYINANDAMAR LINKARTHIT.p65*

## မာတိကာ


| နံပါတ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပဏာမနိဒါန်းလင်္ကာ | |
| ၂။ | အဘယ်မည်သော စကားဖြင့် ဆွေးနွေးတိုင်ပင်ကြသနည်းဟု ဘုရားရှင်မေးမြန်းတော်မူခြင်း | ၁ |
| ၃။ | ဇာတ်လမ်းကို မျှော်လွမ်းလျက် ဘုရားရှင်အား တောင်းပန်ခြင်း | ၂ |
| ၄။ | အရိန္ဒမာမင်းနှင့် သုဝဏ္ဏဂဗ္ဘာတို့ တိုင်းပြည်ကို စိုးပိုင်အုပ်ချုပ် မင်းလုပ်တော်မူခန်း | ၃ |
| ၅။ | အရိန္ဒမာမင်းကြီး အလှူကြီးပေးခန်း | ၄ |
| ၆။ | သိကြားမင်း ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်းတင်းမာမာရှိခြင်း | ၆ |
| ၇။ | အရိန္ဒမာမင်းအား သိကြားမင်း ပုဏ္ဏားယောင်ဆောင်၍ ငွေတစ်ထောင် အလှူမေတ္တာရပ်ခန်း | ၇ |
| ၈။ | အရိန္ဒမာမင်းအား သိကြားမင်း ပုဏ္ဏားယောင်ဆောင်ပြီး တဖန်ထပ်၍ တိုင်းပြည်ကို မေတ္တာရပ်ခန်း | ၈ |
| ၉။ | အရိန္ဒမာမင်းကြီး ပုဏ္ဏားယောင်ဆောင်သော သိကြားမင်းအား ပြည်တော်ကိုလှူခန်း | ၉ |
| ၁၀။ | အရိန္ဒမာမင်း တိုင်းပြည်တော်ကို ပုဏ္ဏားအား လှူပြီး ဗောဓိဆုကို တောင်းခြင်းအခန်း | ၁၀ |
| ၁၁။ | အရိန္ဒမာမင်းကြီး သုဝဏ္ဏဂဗ္ဘာ မိဖုရားနှင့် ရထားစီး၍ ဟိမဝန္တာစခန်းသို့ ထွက်သွားခန်း | ၁၂ |
| ၁၂။ | အရိန္ဒမာမင်းကြီးအား သိကြားမင်း ပုဏ္ဏားယောင်ဆောင်၍ ငွေတစ်ထောင် အပ်နှံထားခဲ့သည်ကို ပြန်၍ တောင်းခန်း | ၁၄ |
| ၁၃။ | အရိန္ဒမာမင်းအား ပုဏ္ဏားငွေတစ်ထောင် အတင်းတောင်းသည့်အတွက် ကြေးငွေရှာရန် ကုန္တာပြည်သို့ ထွက်ခန်း | ၁၅ |
| ၁၄။ | အရိန္ဒမာမင်း သုဝဏ္ဏဂဗ္ဘာမိဖုရားကို ငွေငါးရာနှင့် သူဌေးအိမ်မှာ ပေါင်နှံ၍ထားခန်း | ၁၆ |
| ၁၅-၁၆။ | အရိန္ဒမာမင်းကြီး၏ မိဖုရား သုဝဏ္ဏဂဗ္ဘာ ဒေဝီ သူဌေးအိမ်၌ ဒါသီဖြစ်ခန်း | ၁၇ |
| ၁၇။ | အရိန္ဒမာမင်းကြီး၌ ကျန်သောငွေအသပြာ ငါးရာအတွက် တံခါးစောင့်အိမ်၌ မိမိကိုယ်ကိုရောင်းခန်း | ၁၉ |
| ၁၈-၁၉။ | သုဝဏ္ဏဂဗ္ဘာ မိဖုရားကို သူဌေးမကစိတ် မချဝံ့သည်အတွက် မိမိလင်သူဌေးကို ကြောင့်ကျအားကြီး၍ မိဖုရားအား နာမည်လွှဲပြီး နေရာဌာနပြောင်းခန်း | ၂၀ |
| ၂၀။ | သုဝဏ္ဏဂဗ္ဘာမိဖုရားသည် ရှေးကနန်းမှာ စံစားခဲ့သည်ကို တွေးဆပြီး အရိန္ဒမာမင်းကြီးကို တောင်းတ၍ ပူဆွေးခန်း။ | ၂၂ |
| ၂၁။ | သုဝဏ္ဏဂဗ္ဘာ မိဖုရား ကိုယ်ဝန် ပဋိသန္ဓေ တဖြည်းဖြည်း ရင့်သန်လာသောအခန်း | ၂၃ |
| ၂၂-၂၃။ | သုဝဏ္ဏဂဗ္ဘာ မိဖုရားသည် ဝါခေါင်လကွယ် စနေနေ့ သန်းခေါင်ယံအခါ အများဓမ္မတာဖြင့် သားရတနာကို ဖွားမြင်သောအခန်း | ၂၄ |
| ၂၄-၂၈။ | သုဝဏ္ဏဂဗ္ဘာမိဖုရား သားအသေကို ဖွားသည်အတွက် မိမိလင်သခင်နှင့် တိုင်းပြည်ကို လွမ်း၍ငိုခန်း | ၂၆ |

| | | |
|---|---|---|
| ၂၉။ | သုဝဏ္ဏဂဗ္ဘာမိဖုယားသည် အားကိုမလျှော့ဘဲ သားအသေကို လွှမ်း၍နို့တိုက်ခန်း | ၃၂ |
| ၃၀။ | သုဝဏ္ဏဂဗ္ဘာမိဖုယားသည် သေသောသားငယ်၌ လွမ်း၍ငိုကြွေးနေသည်ကို သူဌေးနှင့်သူဌေးမ ဆဲဆိုငေါက်ငန်းခန်း | ၃၅ |
| ၃၁-၃၂။ | သုဝဏ္ဏဂဗ္ဘာမိဖုရားသည် သုသာန်မြေသို့ သားသေကိုပို့ရန် မြို့တံခါးသို့ထွက်သွားခန်း | ၃၆ |
| ၃၃။ | မြောက်တံခါးမှူးပြောသော မင်းသားနှင့် သိန်းငှက်ပုံအကြောင်း | ၃၇ |
| ၃၄-၃၅။ | အရှေ့ဘက် မျက်နှာ တံခါးမှူးနှင့် မြွေပါပုံအခန်း | ၃၉ |
| ၃၆-၄၀။ | သုဝဏ္ဏဂဗ္ဘာမိဖုရားသည် တောင်တံခါးသို့ ရောက်၍ပြောပြသော အမ္ဗဋ္ဌရ သရက်သီးနှင့် ကျေးငှက်ဝတ္ထုအခန်း | ၄၃ |
| ၄၁-၄၃။ | သုဝဏ္ဏဂဗ္ဘာမိဖုရား မိုးသောက်ချိန်ရောက်ငြားက အနောက်တံခါးသို့ လျှောက်သွားလျှင် လင်မယားတွေ့ကြ၍ သူဌေးနှင့်ခွေး၏ပုံအကြောင်းများပြောပြခန်း | ၅၀ |
| ၄၄-၅၀။ | သုဝဏ္ဏဂဗ္ဘာမိဖုရား ငိုညည်းသံကို ကြားသဖြင့် လင်မယားစစ် ထင်ရှားဖြစ်ကြောင်းကို ပေါင်းဆုံတွေ့မိမှ သိကြသဖြင့် လွမ်းတကြေကွဲပူဆွေးခန်း | ၅၆ |
| ၅၁။ | သုဝဏ္ဏဂဗ္ဘာမိဖုရားအား သားအသေနှင့် လင်တွေ့ဒုက္ခသောကနှိပ်စက်သည်အတွက် အရိန္ဒမာမင်း တံခါးစောင့်တရားဟောခန်း | ၆၆ |
| ၅၂။ | သုဝဏ္ဏဂဗ္ဘာမိဖုရားနှင့် အလောင်းတော် အရိန္ဒမာတို့ သေသောသားသူငယ်ကို အနောက်ဒွါရခေါ် သုသာန်တစသို့ထုတ်ခန်း | ၆၈ |
| ၅၃။ | သုဝဏ္ဏဂဗ္ဘာမိဖုရားနှင့် အလောင်းတော် အရိန္ဒမာတို့ သားအသေကို အရှင်ဖြစ်အောင် သစ္စာဆိုခန်း | ၆၉ |
| ၅၄။ | သိကြားမင်းမဏ္ဍုကမ္ဗလာတင်းမာသဖြင့် လူ့ပြည်သို့လာ၍ သေနေသော သားငယ်ကို ရေစင်ဖြန်း၍ ရှင်သောအခန်း | ၇၀ |
| ၅၅။ | သားငယ်ရှင်၍ ဝမ်းမြောက်ဝမ်းသာရှိခန်း | ၇၂ |
| ၅၆။ | ကျွန်ဘဝမှ လွတ်ရန်သိကြားမင်းအား အကျိုးအကြောင်းကိုပြောပြခန်း | ၇၃ |
| ၅၇။ | မင်းနှစ်ပါးတို့အား သိကြားမင်း တိုင်းပြည်ကို ပြန်အပ်ပြီး ဘိသိက်သွန်းတော်မူခန်း | ၇၅ |
| ၅၈။ | မင်းကျင့်တရားဆယ်ပါးနှင့်လျော်ညီစွာ တိုင်းပြည်ကို အုပ်ချုပ်ခန်း | ၇၆ |
| ၅၉။ | တပည့် သာဝကတို့အား နိက္ခမ ပါရမီ အကြောင်းကို ဟောပြောခန်း | ၇၈ |
| ၆၀။ | ဇာတ်တော်ပေါင်းခန်း | ၇၉ |
| ၆၁။ | နိဂုံး | ၈၁ |

# အလောင်းတော် အရိန္ဒမာ လင်္ကာသစ်

## နမော တဿ ဘဂဝတော အရဟတော

## သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမနိဒါန်း–လင်္ကာ

(၁) ဘုန်းရောင်တောက်ထိန် မာရဇိန်ဟု အစိန္တေယျ သုံးလူ့ဘ၏ ပါဒရောင်ဟုန် စက်ရွှေစုံကို တင်တုံထိပ်ထက် အမြဲရွက်၍ ဖိုလ်မင်္ဂရှစ်တန် ကျေးဇူးမှန်နှင့် နိဗ္ဗာန်ပရိယတ် သုံးလူ့နတ်၏မြိန်မြက် နှုတ်တော်မုက္ခပါဒ်ပေါင်း ရှစ်သောင်း လေးထောင်ကုန်အောင် ကျမ်းမြတ် ပဋိပါတ်နှင့် ပရမတ်သင်္ဃာအရိယာတို့ နှစ်ဖြာမက ဆရာစသား မြတ်သုံးပါးကို မမှားအကျွန်သုံးပါးကံဖြင့် စိတ်သံကျယ်နု ပူဇော်ပြုခါ စေတနာကြောင့် ကိုယ်မှာစောင့်တတ် ဒေဝီနတ်လည်း မြဲကတ် မေတ္တာ သားသက်လျှာကို မ,ပါစေလို တောင်းမွန်ဆိုသည် ထိုထိုဘဝ မြတ်ဇိန၏ရှေ့ကဖြစ်လေ အတိတေလွန် လေပြီးက ဗောဓိသတ္တနုသည်ကပင် ဒါနပါရမီ စုံဆယ်လီဖြင့် သာဂီသမိုက် ဖြည့်လိုက်မှန်စွာ ဇာတ်တော်မှာကား ဖြစ်တော် ငါးရာ ငါးဆယ်မှာဝယ် ထင်ပေါ်ကျော်ထ ရိန္ဒမဟု ဖြစ်ထအကြောင်း ဇာတ်တော်ပေါင်းကို သံညောင်းသံညှာ နားတန်ဆာ ဖြင့် လင်္ကာဆင်၍ မှန်စင်သရုပ် မယုတ်မလွန် စိတ်ဇောမွန်လျက် သင့်ရာသင့်ကြောင်း လင်္ကာလောင်းသည်၊ ။ ထုံးဟောင်း ဇာတ်လမ်း မြောက်စေသော်။ ။

## အဘယ်မည်သော စကားဖြင့် ဆွေးနွေးတိုင်ပင်ကြသနည်းဟု ဘုရားရှင်မေးမြန်းတော်မူခြင်း

(၂) ဘ၀သံသရာ အဏ္ဏ၀ါ၀ယ် မြစ်ပင်လယ်၌ စုံလေမျောပါး ဆုံလယ်နွားသို့ ဘုံခြားမလွတ် ဒုက္ခ၀ဋ်တွင် ပတ်တလေလေ ကရွတ်ခွေသို့ မနေမရပ် နတ်နှင့်လူကို သွယ်ယူကယ်ဆောင် နိဗ္ဗာန်ဖောင်သို့ ရောက်အောင်ကြိုးပန်း ပို့နိုင်စွမ်းသည် သုံးခမ်းဆီမီး မြတ်စောထီးမှန် ဘဂ၀န်လျှင် ထေရ်မွန်သံဃာရဟန္တာနှင့် ပြည်သာ၀တ္ထိ တင်ဘိသာလွန် ဇေတ၀န်၀ေ မြတ်မွန်ဘုန်းတူ နေတော်မူသော် ဘိက္ခုသံဃာ အရိယာတို့ ညီညာစု၀េး တရားပွဲတွင် အမြဲနေကြ သမ္ဗုဒ္ဓ၏ နိက္ခမပါရမီ ပြည့်စုံစီကို အညီအံ့သြော ရွှင်မနောဖြင့် ပြောလေအမှန် ထိုအသံကို မြတ်မွန်လူဆွယ် အစိန္တေလျှင် ခိပ္ပါယ် ရွှေနားတတ်တတ်ကြားသော် အများသိလို ဤသို့ဆို၏၊ ငါ့ကိုရိုညွတ် တရားမြတ်ကို သောက်အံ့မှီလို ငါ့ထံခိုသည် ပုဂ္ဂိုလ် မြောက်ပေ ဘိက္ခုဝေတို့ ဘယ်နေကြောင်းလျှား ဘယ်စကားကို ပြောကြသနည်း ဘုရားမေးသော် မနှေးလျင်စွာ များသံဃာ တို့ ညီညာဖြဖြ လျှောက်ကုန်ကြ၏။ ဘုရားကျေးဇူး ဂုဏ်အထူးကို ချီးကျူးမြောက်စား တင်းခွန်လွှားသို့ တောထွက်သည်မှု ဘုရားဆုကို ပြုစုလုလ္လ ဝီရိယနှင့် နိက္ခမပါရမီ ပြည့်ညီတုံရှောင်း တောထွက်ကြောင်းကို အပေါင်းသံဃာ ချီးမွမ်းပါဟု ထိပ်ပေါ်လက်ထား လျှောက်လေငြားသော် သုံးလူဘက သံတော်မြမြ ဤသို့ဟ၏။ လောကကိလေ မှောင်လေးသွယ်ကို စင်ကြယ်လို့ငှါ မင်္ဂသီဒါဖြင့် ဖြန်းကာဆွတ်လို ငါ့ထံခိုသည် ပုဂ္ဂိုလ်အပေါင်း ငါ့သားကောင်းတို့၊ ဓာတ်လောင်းမှတ်လေ၊ ငါဗုဒ္ဓေ၏ကြီးကျယ်အထူး ဂုဏ်ကျေးဇူးကို အံ့သြမပြီး ထုံးပုံနှီးသော် မြစ်ကြီးသမုဒ္ဒရာ ပင်လယ်ခြာ၀ယ် ဖွယ်ရှာလှည့်ပတ် ကမ်းကိုမှတ်၍ ရည်မှတ်မေသော မရရှာသို့ ပမာထိုလား ငါဘုရား၏ ဖြည့်ငြားဆယ်လီ ပါရမီနှင့် ၀သီအထူး ဂုဏ်ကျေးဇူး ကို ယခုသံဃာ မအံ့ရာနှင့်၊ ရှေ့ခါဘ၀ တိတေကလျှင် ရိန္ဒမရာဇာ ငါဖြစ်ခါ၌ မှန်စွာလိုမှု ဘုရားဆုကို ရမှုဖြည့်ကြောင်း ဇာတ်တော်ဟောင်းကို အပေါင်းသံဃာ ချီးမွန်းရာဟု မြတ်စွာလူဆွယ် သံဃာလယ်တွင် မိန့်ထွေကြောင်းလျှား မြွက်ဘော် ကြား၍ တရားဖိုဝင် နေခဲ့ကျင်သည်၊ ဦးတင်တောင်းပန်စေကြောင်းတည်း။ ။

## ဇာတ်လမ်းကိုမျှော်လွှမ်းလျက် ဘုရားရှင်အား တောင်းပန်ခြင်း

(၃) တောင်းပန်စေကြောင်း ဟောတုံရှောင်းသော် အပေါင်းသံဃာ ရဟန္တာတို့ ထိပ်ပေါ်လက်ချီ အဉ္ဇလီဖြင့် စုံညီအပေါင်း လျှောက်တုံရှောင်းသော် လူပေါင်းမှီရာ ဘဂ၀ါကိုယ်တော်ထွင့်ထား မြတ်ဘုရား၏ ခုမှာဖြည့်ညီ မြတ်စာဂီနှင့် ပါရမီအထူး ဂုဏ်ကျေးဇူးကို ယခုသံဃာ သိရပါ၏။ ရှေးခါဘ၀ ရိန္ဒမဟု ဗုဒ္ဓမြတ်စွာ ဖြစ်ရာထူးဆန်း ဇာတ်တော်ခန်းကို ဥဒါန်းနောက်နောင် မှတ်ရအောင်ဟု ဘုန်းခေါင်သရဖူ ဟောတော်မူပါ၊ တုဏှိဘောဟု နှုတ်တော်ဆိတ်ဆိတ် တိတ်တိတ် နေကာ ထိုရောခါလျှင် ကိုယ်တော်သိကျိုး မရှိနိုးတည်း ရှိခိုးပန်ထွာ မြတ်ဗုဒ္ဓါကို သံဃာအများ လျှောက်လေငြားက ထွင့်ဖျားပရမေ မြတ်စိန္တေလျှင် လွန်လေဘ၀ ရှေးမဆွက ဖြစ်ထလယ်ကြောင်း ၀တ္ထုဟောင်းကို ထပ်လောင်းမိပ္ပါယ် သံဃာလယ်တွင် လူဆွေပုဂ္ဂိုလ် ဟောတုံလို၍ ချွတ်ဆိုမိန့်တော် အာလုပ်တော်က ကုမုဒ်ကြာဆင်း ပန်းပွင့်နှင့်တူ မွှေးကြူ သာငှက်မွန် ကျူးရင့်သံထက် ဆယ်ပြန်မက သုံးလူဘ၏ မိန့်ဟနှုတ်ရေ သာယာပေ၏။ ဆိုလေစကား ယွင်းမမှားဟု မြတ်ဖျားဗုဒ္ဓေ သံဃာလယ်တွင် ဖြစ်ထွေမှန်စွ ရိန္ဒမဟု ရှေး၀တ္ထုကို ထောက်ရှုမှတ်လေ ဘိက္ခုဝေတို့ လွန်လေရှေးခါ ကျေညာတွင်လိုက် သီ၀ရာဇ်ဟု တွင်လိုက်တုံပေ တိုင်းရွှေပြည်ကို စိုးသည်မှန်လှ ရိန္ဒမဟု ပေါက်ထတန်းခိုး ကျွန်းလုံးစိုးသည် နန်းမျိုးဘရှင် ရွှေနားကြင်၏ ညာတင်ဒေ၀ီ လှအင်ညီကို ဘွဲ့ချီနာမ သု၀ဏ္ဏဟု ဂဗ္ဘာဒေ၀ီ ဆင်းနတ်ပြည်နှင့် တူညီမကွာ ရွှေပြည်သာကို အုတ်ကာလေစိုး ရွှေထီးမိုးလျက် နတ်မျိုးအတူ စံတော်မူသည်၊ ဇမ္ဗူခိုက်ခိုက်တုံ၏တည်း။

## အရိန္ဒမာမင်းနှင့် သု၀ဏ္ဏဂဗ္ဘာတို့ တိုင်းပြည်ကို စိုးပိုင်အုပ်ချုပ် မင်းလုပ်တော်မူစန်း

(၄)ခိုက်ခိုက်လေ့တုံ ကျွန်းဇမ္ဗူ၀ယ် ပြိုင်သူမမျှ လောင်းရိန္ဒဟု နာမတွင်ခေါ် အလောင်းတော်လျှင် ပြည်တော် သီ၀ရာဇ်ဌာနစစ်ကို ဆောက်စိုက်ထီးဖြူ မင်းမူသောခါ၊ ဆယ်ဖြာမင်းကျင့် လေးဆင့်ဓမ္မ အဌဉပုသ်စောင့်ထမြဲသို့ ပြာဟ္မစိုရ်

တရား ကျင့်ငါးပါးကို မြင်းဖျားပြည်ရှင် စောင့်ထိန်းကျင်၍ ချစ်ကြင်လှစွာ သတ္တဝါကို မေတ္တာသနား ရင်ဝယ်သားသို့ မင်းဖျားဘုန်းတူ စံတော်မူ တပြိုင်သူမပေါ် အလှကျော်သည် တောင်ညာနန်းမ အစိုးရသည့် ရူပကလျာ ဆင်းရုပ်ဝါနှင့် ခြောက်ဖြာပြစ်လွတ် တောင်နန်းထွင့်ကို မြည်မှတ်ဇေကံ တွင်လျှင်ပြန်၍ သုဝဏ္ဏဂဗ္ဘ မည်တော်ရသား မိဖုယားနှင့် ဘုရားလောင်းတော် မင်းနှစ်ဘော်တို့ စံပျော်မကွဲ ကိုယ်ချင်းနွဲလျက် စက်လဲတူစုံ နန်းရိပ်မြုံ၌ ချုံလေမကွာ ရွှေဟင်္သာသို့ နှစ်ဖြာမောင်နှံ စည်းစိမ်ခံ၍ ချစ်ဟန်ကြီးထွေ ချစ်မိုယ်းစွေသို့ စံနေရေနန်း ရှုမခန်းတည်း၊ ဝိုင်းရံများမြောင် သောင်းခြောက်ထောင်နှင့် ကုန်အောင်မူးမတ် ပရိသာတ်တို့ ရိုညွတ်ကျိုးနွံ မိုယ်းတိမ်စွန်ဝယ် ရောင်လျှံထွန်းပ ကြယ်ပေါင်းခ၍ စံနေရွှေနန်း ရှုမခန်းတည်း၊ သောတမလွန်၊ ပုံသဏ္ဍာန်သို့ ဝိုင်းရံမှူးမတ် ခညွတ်မောင်းမ ရံထမပြတ် အထပ်ထပ်လျှင် ပြာသာဒ်ကြီးကျယ် ပြလ္လင်ရွှေထက် နှစ်သက်စမွှါယ် နှစ်ဆွေကြင်ဘော် မင်းချမ်းသာတို့ ထိုခါလောင်းလှ ရိန္ဒမနှင့် အလှသုဝဏ် ပြည်ရာဇ်စကို အမှန်ရိပ်ဖြူ ဆောင်းတော်မူသည် ဇမ္ဗူတိုက်လုံး တရှိုးရှိုးလျှင် အားလုံးရစ်ကြိုး မှော်ကွန်းထိုးသည်၊ ထိန်ကြိုးတောက်လင်း အာဏာတည်း။

## အရိန္ဒမာမင်းကြီး
## အလှူကြီးပေးစန်း

(၅) ထိုရောအခါ လောင်းရာဇာလျှင် မှန်စွာမပျက် တစ်ရက်မချွတ် ကုသိုလ်ဝတ်ကို စိတ်ပြက်ကြယ်ဖြူ ဒါနဟူသော အလှူကောင်းမှု နောင်သို့ရှု၍ ယခုငါသည် ပေးတော့မည်ဟု စိတ်သောမန ဝမ်းမြောက်လှ၍ ခဏမကြာ လှူများစွာနှင့် လျှင်စွာမနှေး မြို့ချာလယ်တွင် တင့်တယ်စလောက် မြေကပေါက်သို့ လျှောက်ပတ်လှစွာ သာလာယံ,ဇရပ် ဆောက်လတ်တုံပေ လူနေမဏ္ဍာပ် မပြတ်ခြောက်ဆောင် ဆောက်ပြီးနောင်မှ တင့်ခေါင်ကြီးကျယ် မဏ္ဍာပ်လယ်တွင် ထွေရစီရင် များဖျင်လူပေါင်း နေကြောင်းတစ်ခြား ပုဏ္ဏားရဟန်း နေခန်းတသီး မဏ္ဍာပ်ကြီးတို့ ရံဆီးကာပတ် ရာဇမတ်ဖြင့် ကွပ်ညှပ်တင်ကာ မြေမှာမလွတ် အထပ်ထပ်လျှင် ခင်းမှတ်ကော်ဇော ဖြူထောတံခွန် စိုက်ပြန်တုံလေ အထွေထွေနှင့် ကြီးကျယ်တုံလတ် လှူမဏ္ဍာပ်၌ မင်းမြတ်ဘုန်းတူ နေတော်မူ၍ ပြည်သူများစွာ ရောက်လေရာကို လူတကာနှင့် ရောက်လာ အများ ပုဏ္ဏားရဟန်း ချင်းနှင့်ဟာရီ သင်ချီစည်းဒါး မိန်းမ,မကြံ လှူခံအများ ဆင်းရဲသားနှင့် တခြားမျက်ကန်း လူမစွန်းတို့ ပြွန်းပြွန်းများစွာ ရောက်လေရာကို ထိုခါမင်းလှ ရိန္ဒမလျှင် သောမနဝှန် စိတ်သုံးတန်သည် အမှန်အားကြီး ရေလျှင်စီးသိုပ ယိုစီးဖြာဖြာ စေတနာနှင့် သဒ္ဓါရွှန်းရွှန်း ပွင့်သည်ပန်းသို့ မဇလျှင်စွာ ယူပြီးခါမှ များစွာရွှေငွေ ဆန်ရေစပါး ဝတ်စားမကြံ နေ့ယံမပြတ် ကုသိုလ်ဝတ်ကို မလွတ်စေရ ပေးဝေ၍၏။ ကုန်လေများစွာ ငွေသပြာမူ မှန်စွာတွက်ကိန်း ကုန်ခြောက်သိန်းနှင့် ငြိမ်းငြိမ်းလှူဒါန်း ဒါနလမ်းကို ကြိုးပမ်းလုံ့လ ရိန္ဒမဟု လောင်းလှရာဇာ စွန့်ကြဲခါ၌ သဒ္ဓါရွှင်လန်း ရေစက်သွန်းက ချီးမွန်းသာဓုခေါ် ဝေါ်ပြုလည်း နုမောဒနာ ကြိမ်သုံးခါဖြင့် လူ့ရွာနတ်ရပ် ထင်သို့မှတ်လိမ့် မချွတ်သုန္ဒရေ ဤသည်မြေလျှင် မနေငလျင် လှုပ်လေကျင်သည်၊ လူ့ခွင်နတ်ရပ်ကြော်ငြာတည်း။ ။

## သိကြားမင်း ပဏ္ဍုကမ္ဗလာမြကျောက်ဖြာ
## တင်းတင်းမာမာရှိခြင်း

(၆) နတ်ရပ်လူ့ခွင် ကျော်ဇောထင်သည် ကုန်အပ်နှံ့သိလောင်းဘုန်းရှိ၏။ ကြီးဘိဝုညာ ဒါနအဟိန် ပါရမိန်ကြောင်း ပထဝိန်မြေလှုပ်ထွေပြင်းစွာ ဥပမာမူ ချာချာလှည့်ပတ် စက်ရဟတ်သို့ မြည်လတ်အသံ မည်းအုတ်ကျက် တကျွတ်ကျွတ်လျှင် ဆူလျက်တဲ့တင် တော်ငလျင်နှင့် ကောင်းကင်ပရပွက် ဆူကျွတ်ကျွတ်လျှင် ပြိုပျက်မြည်ဟန် အသံကြုံးကြုံး တရှိုးရှိုးလျှင် တပြုံးကပြောင် မိုယ်းတိမ်တောင်က တစ်ထောင်မိုယ်းကြိုး ပစ်လွှတ်ထိုးသို့ မြေမိုယ်းမလွတ် ရစ်သတ်ပဲ့တင် ငလျင်တော်လေး မြေကြီးကွဲမှတ် ပြိုမတတ်သို့ လှုပ်လပ်ပြင်းစွာ ဆင်ကုန်းခါသို့ လေးဖြာရောင်စို တောင်မြင်းမိုရ်လေ ပုံဆိုကြိမ်တူ ညွတ်လှမူ၍ ဘုန်းတူရာဇာ စေတနာကြောင်း များစွာသာလျှင် လှုပ်ကျင်တုံလေ ကြောင်းဖြစ်ထွေကို သိပေတုံငြား မိုယ်းသိကြား၏ နေညားကမ္ဗလာ မြကျောက်ဖျာလျှင် ပူဆာတင်းတင်း ရှိလတ်လျှင်းသော် မိုယ်းနတ်ကျော်က ကြောင်းတော်တစိ ဘယ်သို့ရှိဟု ဘုန်းရှိနတ်ပေါ် ကြည့်လတ်သော်လျှင် ပြည်တော်သီဝရာဇ် ဌာနစစ်ကို သိမ်းပိုက်အုပ်စိုး အာဏာမိုးသည် နန်းရိုးဆက်ခံ စိုးအုပ်စံသည် ဘုန်းလျှံတောက်ပ လောင်းရိန္ဒလျှင် ဒါနအရာ ရဲရင့်စွာနှင့် အခါမပြတ် လှူလတ်တရှောင်း

ထိုအကြောင်းကို နတ်ပေါင်းရာဇာ ဝတီသာက ထိုခါတတ်တတ် မြင်သိလတ်၍ မချွတ်ခုပေ ငါသွားလေမှ ထိုမင်းလု၏ ဒသဆယ်လီ ပါရမီလျှင် ခုဤပြည်မည် မပြည့်မည်ကို ခုဝယ်တခန်း ငါလျှင်စန်းအံ့၊ မင့်လျှင်စွာ ထက်နတ်ရွာက ထိုခါ သိကြား သက်လာငြား၍ ပုဏ္ဏားအဟန် သက်မွန်နှစ်ဆယ် အရွယ်တိုင်အောင် ပြီစွာဆောင်ငြား မိုယ်းသိကြားလျှင် ဖြူထွားအဝတ် အလွယ်ပတ်၍ လျှောက်ပတ်လှစွာ လက်မှာခရု ညွှတ်နှုမြေဇာ သပြေပါလျက် ထိုခါပုဏ္ဏားသွားလေငြား၍ မင်းဖျားထံမှောက် ပုဏ္ဏားရောက်သည်၊ လက်မြှောက်ဦးချီ လီလီတည်း။

## အရိန္ဒမာမင်းအား သိကြားမင်း ပုဏ္ဏားယောင်ဆောင်၍ ငွေတစ်ထောင် အလှူမေတ္တာရပ်စန်း

(၇) လက်မြှော်ဦးချီ အဥ္စလီဖြင့် ထိပ်ဆီလက်ထား မင်းထံပါးဝယ် ပုဏ္ဏားပြာဟ္မဏော သင့်ရာနေက မြင်လေထိုခါ မင်းရာဇာလျှင် သိသာကြောင်းရေး ဤသို့မေး၏။ အိုလေ သူမြတ် ပုဏ္ဏားထွဋ်ကို လျှော်ပတ်စလောက် ငါ့ထံမှောက်ဝယ် တစ်ယောက်တည်းသာ ခုရောက်လာသည် ခြင်းရာတစိ ဘယ်သို့ရှိဟု မင်းကြီးရာဇာ မေးလတ်သော်ဝယ် ထိုခါပုဏ္ဏား လျှောက်ထားခြင်းရာ အကြောင်းမှာက ဒီပါကျွန်းခွင် စိုးကျင်ပိုင်ခြင်း အမင်းမင်းနှင့် မှန်ကင်းရွက်ဆိုင် စည်းစိမ်ပြိုင်သည် ဦးကိုင်ဘုရင် ရွှေနန်းရှင်၊ ကျွန်လျှင်အမှန် ဆင်းရဲလွန်း၍ အကြံမတတ် တပါတ်ပါတ်လျှင် ငတ်မွတ်ခေါင်းပါး ရှိနေသောကြောင့် ဘုရင်ထံမှောက် လှူခံရောက်ဟု ဝမ်းမြောက်သဒ္ဓါ သားပမာလျှင် ကြင်နာသနား ကိုယ်တော်အားမူ ဖြူထောပြောင်ပြောင် ငွေတစ်ထောင်ကို မင်းခေါင်ဘုန်းထူ လှူတော်မူဟု နှုတ်သံချိုချို ပုဏ္ဏားဆိုသော် စိတ်လိုဖြည့်ထ လောင်းရိန္ဒဟု မင်းလှကိုယ်မှာ ဖရဏာသည် ဂွမ်းပေါ်ဆီကျ ပမာဏသို့ မနဝှန် လှူချင်ပြန်၍ သုံးတန်စေတနယာ သဒ္ဓါအားကြီး သဟတ္ထိဟု မင်းကြီးကိုယ်တိုင် လက်ကိုင်ယူပေ တစ်ထောင်ငွေကို လူဆွေမင်းလှ လှူပြီးမှလျှင် ဩဇာသံညောင်း ဆုလျှင်တောင်း၍ အပေါင်းများစွာ သတ္တဝါကို ညာမော်သောင်ကမ်း နိဗ္ဗာန်လမ်းသို့ ပို့စွမ်းနိုင်တတ် ယောကျ်ားမြတ်လျှင် ဖြစ်လတ်ဇေကန် သဗ္ဗညာဏ်ကို အမှန်ခုဝယ် ရပါစေဟု ချပါရေစက် ဆုပန္နက်၍ သွက်သွက်စီးလေ သုန္ဒြေကို သက်သေတည်ထား ထိုပုဏ္ဏားအား ဖြူထောပြောင်ပြောင် ငွေတစ်ထောင်ကို မင်းခေါင်ဘုန်းတူ လက်ရောက်လှူ၍ ယူပေပုဏ္ဏား သွားလေလောဟု ပေးငြားသောခါ ပုဏ္ဏားကျော်လည်း ဝမ်းမှာတဘန် ဤသို့ကြံ၏။ အမှန်ရပေ တစ်ထောင်ငွေကို ခုဝယ်တဘန် မင်းကြီးထံမှာ အပ်နှံ၍ပေ ထားတော့မည်ဟု နှစ်လည်များစွာ မြင့်ကြာတာရှည် ထားခဲ့ပေမှ ထိုသည့်ရာဇာ မေ့လျော့ခါမှ ထပ်ကာလည်းကောင်း၊ လာ၍တောင်းမှ ကောင်းပေစွဟု စိတ်ကမှတ်ပြီး ပုဏ္ဏားကြီးသည် ကြောင်းရှိတဖန် လျှော်တုံပြန်၏၊ ဘုန်းကံကြီးဘိ တုမရှိသည် တိုင်ကြီးသခင် ရွှေနန်းရှင် ကျွန်လျှင်အမှန် ရပြန်တုံပေ တထောင်ငွေကို ခုဝယ်တဖန် မင်းကြီးထံတွင် အပ်နှံထားမည် ကျွန်ုပ်သည်လည်း ပြုထွေကိစ္စ များလွန်းလှ၍ ဌာနတစ်ခြား တိုင်းတစ်ပါးသို့ သွားလေတုံဘိ အလိုရှိဟု ပြီးစီးကိစ္စ ပြန်ခါမှလျှင် ကျွန်အားမနေ ယူရစေဟု လျှောက်လေသောခါ မင်းရာဇာလည်း စိတ်တော်ရွှင်ပကောင်းပေစွဟု မိန့်တော်မူမှာ ထိုသူယောကျ်ား ထိုပုဏ္ဏားလည်း အပ်ထားလေပြန် ကာယကံဟု ထိပ်စွန်လက်မိုး သုံးကြိမ်ခိုးမှ ထက်မိုးရပ်နေ ဝတီပြည်သို့ မနေသိကြား လျှင်စွာသွားသည်၊ ထိပ်ဖျားဘုန်းထွဋ် သခင်တည်း။ ။

## အရိန္ဒမာမင်းအား သိကြားမင်း ပုဏ္ဏားယောင်ဆောင်ပြီး တစ်ဖန်ထပ်၍ တိုင်းပြည်ကို မေတ္တာရပ်စန်း

(၈) ဘုန်းထွဋ်သခင် သူဇာလင်ဟု ခေါ်တွင်နာမ ဝါသဝလျှင် တေဇာထံပြင်း သိကြားမင်းလည်း အလျှင်သွားလေ ဝတီပြည်သို့ ရော်လေလတ်သော် မိုယ်နတ်ကျော်က စိတ်တော်တစ်ဖန် ဤသို့ကြံ၏၊ အမှန်မှာကား တဖန်သွား၍ တောင်းငြားလေပြန် မင်းကြီးထံဝယ် လှူခံမည်ဖြစ် ပြည်တော်စစ်ကို စင်စစ်မသွေ ယူရစေဟု မနေသိကြား မြင်းမိုရ်ဖျားက ဆင်းငြားလာ၍ နော်တခါတွင် မှန်လှအရွယ် သက်သုံးဆယ်သို့ ပြုထွေဖန်ငြား ပုဏ္ဏားလားသို့ သိကြားမနေ သွားတုံလေ၍ ရွှေပြည်တွင် လိုက်သီဝရာဇ်ကို သိမ်ပိုက်အုပ်စိုး အာဏာမိုးသည် နန်းရိုးဆက်ခံမင်းဖြစ်စံသည် ဘုန်းကံကြီးခြင်း ရိန္ဒမင်း၏ ထံတော်ရင်းမှောက် ပုဏ္ဏားရောက်သော် လက်မြှောက်တင်ချီ ရှိခိုးနှီ၍ လျှောက်လေခြင်းရာ မြတ်မဟာ၊ လောဟာကျယ်ခြင်း မြစ်တစ်စင်းက စီးဆင်းထွေထွေ ထိုမျှမရလည်း ကုန်မည်မထင် ပမာသွင်သို့ ထိုပြင်တူစွာ ဘုရင်မှာလည်း ဖြစ်ရဇော်

တမလွန်ဝယ် နောင်စံရကြောင်း ကျိုးကြောင်းဖြစ်ပြီး အလှူကြီးကို မင်းကြီးအားထုတ် မယုတ်စေရ ကြီးလုံ့လနှင့် ဒါနမြဲခြင်း စောင့်သီတင်းလည်း ကြီးခြင်းအကျိုး ရိက္ခာမျိုးကို ကုန်ရိုးမရှိ မှန်လှဘိဟု မင်းကြီးရာဇာ စောထွဋ်ချာလည်း စိတ်တော်မတွန့် မဆိုင်းငံ့နှင့် ရွှင်လန်းမြောက်စွာ စေတနာကို ကောင်းစွာလည်းထာ ရှင်မင်းဖျား၏ စိုးငြားတုံပြန် ပြည်ရဇ္ဇနှင့် ထီးမွန်ရတနာ ဤနှစ်ဖြာကို ရာဇာမင်းဖျား ကျွန့်ပုဏ္ဏားအား စိတ်ထားကြည်ဖြူ လှူတော်မူဟု ခုမူမှန်စွာ မင်းအရာကို ကျွန်သာအမှန် ချမ်းသာခံအံ့ ပျော်စံရကြောင်း လက်စုံပေါင်း၍ မင်းကောင်းအထံ ပြည်ရဇ္ဇကို တဖန်ရကြောင်း ပုဏ္ဏားတောင်းသည်။ ။ ရကြောင်းမလွဲ အမှန်တည်း။

## အရိန္ဒမာမင်းကြီး ပုဏ္ဏားယောင်ဆောင်သော သိကြားမင်းအား ပြည်တော်လှူခန်း

(၉) မလွဲဧကံ ရာဇထံဝယ် အမှန်ရကြောင်း ပြည်ကိုတောင်းသော် မင်းကောင်းရာဇာ စောထွဋ်ချာလည်း စိတ်တော်ရွှင်လန်း ပွင့်သည်ပန်းသို့ ရွှန်းရွှန်းစေတနာ သဒ္ဓါတိုးတက် ယခုထက်လျှင် မပျက်စိတ်ထား ငါးပါးဝသီ မြတ်စာဂီနှင့် ပါရမီအပြား သုံးဆယ်အားတွင် ဖြည့်ငြားအစ ဒသပါရမီ ပြည့်စုံစီကို ခုဤငါသည် ဖြည့်တော့မည်ဟု စိတ်ဝယ်မှတ်ငြား ထိုပုဏ္ဏားအား မင်းဖျားသံချို ဤသို့ဆို၏၊ ထိုထိုများစွာ လူတကာတွင် ကိုယ်မှာဥပါဒ် ဘေးမလွတ်အောင် စွဲမှတ်ဆေးဝါး မန္တရားနှင့် ဂြိုဟ်များပယ်တတ် ပြစ်မျိုးလွှတ်သည် သိမှတ်လှစွာ အိုဆရာ၊ လျှောက်လာပုဏ္ဏား ထိုစကားကို ကြားသည်ကပင် စိတ်မှာရွှင်ခါ ငါလျှင်မှန်စွာ ဥပမာမူ ရှေ့ခါကာလ ဆင်းရဲလှသား ကြင်ယောက်ျားလျှင် တောင်းတ,အာသာ နေလေရာကို ကြမ္မာဖန်ထ ထောင်ထုပ်ရလို့ စိတ်ကဝမ်းမြောက် သဒ္ဓါပေါက်၍ လက်ရောက်ပြည်ကို လှူမည်ဆိုသော် ပြည်ကိုလည်းရ ပြာဟ္မဏအား မင်းဖျားကုန်းတူ မည်တော်မူ၏ မင်းမူရလို တောင်းပန်းဆိုသည် အိုအိုသူမြတ် ပုဏ္ဏားထွဋ်၊ ဖြတ်လတ်ခြင်းရာ မင်းရာဇာကို မှန်စွာမလွဲ ရနိုင်ခဲဟု ကြောင်းရေးမှန်စွာ လက္ခဏာကို သိသာရုံပယခုပြဟု ရာဇနွှတ်ချွေ မိန့်တုံလေသော် မနေခဏ ပြာဟ္မဏလည်း ဟတ္ထမှန်စွာ စုံနှစ်ဖြာကို မကြာလျှင်ဆွ ဖြန့်၍ပြသော် မြင်ရတုံလေ ပြာဟ္မဏေ၏ ကောင်းထွေလက္ခဏာ အရာရာကို ထိုခါနန်းရှင် တတ်တတ်မြင်သော် ကျွန်းခွင်စတု ပေါင်းလေးခုကို ယခုပုဏ္ဏား အပိုင်စား၍ ဆောင်းငြားထီးဖြူ မင်းမူခိုင်ခံ့ ဖြစ်လတ္တံ့ဟု မင့်လျှင်စွာ မင်းရာဇာလျှင် မကြာလွယ်ကူကရားယူ၍ ထိုသူယောက်ျား ဆင်းရဲသားအား မင်းဖျားဘုန်းတူ ပြည်ကိုလှူသည်၊ ဇမ္ဗူနန်းမှာ ကျော်သောင်းတည်း။ ။

## အရိန္ဒမာမင်း တိုင်းပြည်တော်ကို ပုဏ္ဏားအားလှူပြီး မောစိဆုကို တောင်းခြင်းအခန်း

(၁၀) နန်းမျှဇမ္ဗူ ထိန်းထိန်းဆူ၍ ပြိုင်သူမရ သောဠသတွင် မရဖက်ကင်း အာဏာချင်းသည် သတင်းထင်ပေါ်ပတ်ဝန်းကျော်သည် လောင်းတော်မှန်လှ စောရိန္ဒကား ခဏမကြာ ပုဏ္ဏားကျော်အား တိုင်းကားနန်းထီး အလှူကြီးကို ပေးပြီးတုံရှောင်း ဆုလျှင်တောင်း၏၊ အပေါင်းများစွာ သတ္တဝါကို ချမ်းသာပေးတတ် ပရမတ်ဟု အမြတ်ယောက်ျား ဘုံသုံးပါးတွင် ဘုရားဤကိုယ် ဖြစ်ရလိုဟု မြွက်ဆိုတုံလျက် ဆုပန္နက်၍ ရေစက်ချထွေ သုန္ဒြေကို သက်သေလည်းထား ထိုပုဏ္ဏားအား မင်းဖျားဘုန်းလျှံ ပြည်ရဇ္ဇကို စိတ်သံကြည်ဖြူ လှူတော်မူသော် ဇမ္ဗူတိုက်လုံး တချုံးချုံးလျှင် မဆုံးအုပ်ကျက် တပြိုင်နက်လျှင် ပြိုပျက်ဖွေလီ ပထဝီသည် တုန်လည်မလွတ် ပြိုမတတ်သို့ ထက်ရပ်ကောင်းကင် ဆူကျင်ပရပွက် တကျွက်ကျွက်လျှင် မြည်လျက်အသံ ဘဝဂ်လျှံမျှ မကျံငါလျှင် လှုပ်ကျင်ပြင်းစွာ ဆင်ကုန်းခါသို့ ဖြစ်ပါဘိခြင်း တောင်များမင်းလည်း မယွင်းတုန်ကြောင်း ကြိမ်နှာမောင်းသို့ ပျောင်း၍နုနေ ညွှတ်လှပေ၍ ထိုသည့်ရာဇာ စေတနာကြောင်း များစွာငလျှင် လှုပ်ကျင်မှန်စွာ ဖြစ်ခြင်းရာကို ဒေဝါနတ်များ စိတ်ထားဝမ်းမြောက် လက်ပန်းပေါက်ဖြင့် ဖြောက်ဖြောက်တီးကာ ကြိမ်သုံးခါလျှင် မှန်စွာသာစု ခေါ်ဝေါ်ပြုသည် အနုမောဒနာ ကောင်းချီးငြာ၍ ထိုခါနတ်များ တသွားသွားလျှင် ပျော်ပါး၍ပေ နေကြလေ၏။ ထိုသည့်အခါ ပြည်သာတွင်လိုက် သီဝရာဇ်ဟု မြို့၌နေငြား ယောက်ျားမိန်းမ ကြီးငယ်စသား လူအများတို့ နှီးနှောတိုင်ပင် ငါတို့ရှင်သည် လှူကျင်သည်မှာ မဖွေရာဟု တို့သာအမှန် ပုဏ္ဏားကျွန်လျှင် ဧကံမချွတ်ဖြစ်ရတတ်ဟု ရေရွတ်တ,ဆို တချို့ငို၏။ လျှောက်ဆိုမဝံ့ လွန်ကြောက်လန့်၍ အညံ့ခံထွေ နေရလေ၏။ ပရမေညွှတ်ပေါင်း

နေအတူ စံတော်မူ၍ မိုယ်းသူအပဟန် အလှလွန်သည် တောင်စံနန်းရ သုဝဏ္ဏာဟု ဂဗ္ဘာတွင်ညီ ဆင်းနတ်ပြည်နှင့် တူညီမကွာ ယဉ်သာယူပြီး ရထားစီး၍ မင်းကြီးလောင်းမွန် ထွက်သွားဟန်ကို အကျွန်ဆရာ ပညာဉာဏ်ဟိန် တထိန်ထိန်သည် ဝရဇိန်ကျောက် မြေကိုဖောက်သို့ ထပ်လျှောက်ငါသည် ဆိုတော့မည်ဟု သာကြည်ရွှင်လန်း စုဏ္ဏေတန်းသည်၊ ။ တခန်းပြလိုသောကြောင်းတည်း။

## အရိန္ဒမင်းကြီး သုဝဏ္ဏ ဂဗ္ဘာ မိဖုရားနှင့် မြင်းရထားစီး၍ ဟိမဝန္တာစခန်းသို့ ထွက်သွားခန်း

(၁၀) တဒါ, သီဝရဋ္ဌံ, ဣဿရော, အရိန္ဒမာနာမရာဇာ၊ ရဋ္ဌံပြာဟွဏာဿဒတွာ, စတုဟိအဿာ

ဇာနေဟိ, ယောဇေတွာ, ရထံ, ဩရုယှ, သတ္ထာ, သုဝဏ္ဏဂဗ္ဘာဒေဝီယာ, သဒ္ဓိံ, ဟိမဝန္တံနိက္ခ မတိ။ ။ (ဤကား စုဏ္ဏေယျပါဠိဘာသာတည်း)။

အနက်ကား။ ။ တဒါ၊ ထိုရောအခါ၌၊ သီဝရဋ္ဌံ၊ သီဝရာဇ်ပြည်ကို၊ ဣဿရော၊ အစိုးရသော၊ အရိန္ဒမာနာမ၊ အရိန္ဒမ အမည်ရှိသော၊ ရာဇာ၊ မင်းသည်၊ ပြာဟွဏာဿ၊ ပုဏ္ဏားအား၊ ရဋ္ဌံ ပြည်တိုင်းကားကို၊ ဒတွာ၊ ပေးလှူစွန့်ကြဲပြီးသည် ရှိသော၊ စတုဟိအဿာဇာနေဟိ၊ လေးစီးသော အဿာဇာနည်မြင်းဖြင့်၊ ယောဇေတွာ၊ ကစေသော၊ ရထံ၊ ရထားထက်သို့၊ ဩရုယှ သက်တော်မူ၍၊ သတ္ထာ၊ ဘုရားလောင်း အရိန္ဒမာမင်းကြီးသည်၊ သုဝဏ္ဏဂဗ္ဘဒေဝီယာ၊ သုဝဏ္ဏာဂဗ္ဘာမိဖုရားနှင့်၊ သိဒ္ဓိ၊ တူစုံမောင်နှံ၊ ဟိမဝန္တံ၊ ဟိမဝတာ ဂန္ဓိုင်ဟေမာသို့၊ နိက္ခမတိ၊ ထွက်သွားကြလေ၏။

(၁၁) တခန်းပြလို တနည်းဆိုပိန့် ပြည်ကိုစွန့်ထ လောင်းရိန္ဒဟု နာမတွင်စွာ ဘုရားလျှာလျှင် ထိုနေ့တစ်ရက် မသွားရက်ပေ နန်းတော်ထဲဝယ် လိုင်ရွှဲမောင်နှံ ညဉ့်လုံးစံ၍ လင်းတန်ချိန်မှတ် သူရိန်နတ်လျှင်၊ ရှေ့ရပ်ပြုပ္ပါ ဝိဒေဟာက ရောင်ဝါလက်လက် ပေါ်လာထွက်က ရက်၏လွယ်ကူ ရထားယူ၍ ခုမူငါသည် ထွက်တော့မည်ဟု စိတ်ဝယ်မှတ်ပြီးဒ ထိုမင်းကြီးသည် အပြီးလျှင်စွာ စီးယဉ်သာတွင် မှန်စွာအဿ လေးစီးက၍ ရွှေကရွှေကြိုး အသင့်ထိုး၍ သတိုးမင်းကျော် နှစ်ဖော်တူကွ တောင်းနန်းရနှင့် စီးထအတူ ထီးဖြူလည်းကြက် ရထားထက်က ရွှေဇက်ကိုင်ထွေး တဖြည်းဖြည်းလျှင် မင်းရဲရာဇာ ထွက်လေပါသော် ပြည်သာအစ တံခါးဝသို့ ရောက်ငြားတုံလိုက် ရထားဆိုက်သော် မြို့၌နေငြား လူအများတို့ ဖြာဖြာအုံးအုံး တရုံးရုံးလျှင် အားလုံးညီညာ ရောက်ကြလာ၍ ခြေမှာဦးတိုက် ပူဇော်လိုက်၍ သောင်းတိုက်မြေပေါ် ဟိုးဟိုးကျော်သည် လောင်းတော်ရိန္ဒမ သုဝဏ္ဏနှင့် ထိုခါတုံပင် ရထားနှင်သော် ဝေးကွာဌာနေ ရောက်လေလတ်သော် ယူဇနာမူ မှန်စွာတွက်ကျိုး သုံးယူဇနာ မြေတာခန့်ထော ခရီးလောက်တွင် တယော်ပုဏ္ဏား ရောက်ငြားအမှန် ကြီးပြန်တုံလေ သက်ကိုးဆယ်သို့ အရွယ်တိုင်ပြီ ပုဏ္ဏားကြီးလျှင် ဆီး၍ရှေ့က လျှောက်ထားအမှန် ကျွန်ုပ်ကျွန်အား ယဉ်ရထားကို မင်းဖျားပြည်ရှင် လှူစေချင်ဟု လျှောက်တင်စကား ထိုမင်းကြားသော် သနားစုံမက် ရထားထက်က သက်စေမြေပေါ် ပုဏ္ဏားကျော်အား ယဉ်ရထားကို လှူလေငြား၍ ယူသွားလေရာ ပြဟ္မဏာလည်း ထိုမှာမနေ သွားတုံလေ၍ ထိုသည်အခါ ရာဇာမင်းလှ အရှင်မသည် နှမသုဝဏ် တောင်နန်းစံနှင့် တရံမကွာ အတူသာလျှင် ကန္တာခရီး ဟေဝန်နီးသော် အပြီးတွက် စစ် တာပေါင်းလိုက်သော် ခုနစ်ယူဇနယာ အခန့်တာကို မြိုင်ဂျာတောဖျား ခြေဖြင့်သွား၍ ပေါက်ပြားဆပ်ဆပ် တောင်နန်း ထွင့်မှာ နုလတ်ဖဝါး ကြွက်ငယ်လားသို့ သွားခြင်းမယင် ရဂုံခွင်ဝယ် နာကြင်စုပ်ပဲ့ သွေးရဲရဲနှင့် လူးလဲမြေထက် လိုက်လျက် မမှီ ဒေဝီမူးမှိုင် မသွားနိုင်ဘဲ တရွဲ့ရွဲ့လျှင် ရှိသည်မြင်သော် ဘုရင်ဆွတ်ပြန့် မရှုဝန့်၍ လက်လှမ်းကိုင်တွဲ အသာဆွဲပြီး မင်းရဲရာဇာ အတူသာလျှင် နှစ်ဖြာမောင်နှံ သွားလေပြန်သော် မြည်သံကျေးငှက် ကလူကွက်နှင့် ဇရက်ဝံလို ဝါဘိုသိန်းစွန် ဒေါက်ရန်အောက်ချင်း ဇောမာန်ပြင်းသည် သစ်ထွင်းခေါက်ယာ သာလိကာနှင့် ဇင်ယော်ရေကြက်ခေါင်ဗုတ်ငှက်နှင့် တချက်တဲဒုတ် ဥပုတ်တခြား ကျေးကုလားတို့ ပျော်ပါးသောင်းသောင်း နားမညောင်းအောင် ငှက်ပေါင်းပျော်ရာ ဟေဝန္တာသို့ မကြာထုတ်ချောက် လျှင်စွာရောက်က တထောက်ပန်းဖြေ နေကြလေသည်။ မောင်မယ်နှစ်ပါးတူစုံတည်း။

## အရိန္ဒမာမင်းကြီးအား သိကြားမင်း ပုဏ္ဏားယောင်ဆောင်၍ ငွေတစ်ထောင်အပ်နှံထားခဲ့သည်ကို ပြန်၍တောင်းစန်း

(၁၂) နှစ်ပါးတူစုံ တောရဂုံ၌ နေတုံသောခါ မင်းနှစ်ဖော်တို့ ခြင်းရာမကျန် ဖြစ်ရပုံကို အကျွန့်ဆရာ တနည်း ဖော်ပိန့် မှတ်နာစိမ့်ကြ လေးဒီပတွင် ခြားထသမုဒ္ဒရာ အချာမဈေ့ လေးကျွန်းဗွေတွင် မြင့်ဖွယ်အစောက် ထက်အောက်ရေ ပေါ် ပေါင်းသော် ရှစ်သောင်းလေးထောင်အမှန် ခုန်လှောက်ခံသား ရောင်လျှံလေးဖြာ ထွန်ပပြောင်ဝါ မဟာဂီရိတ် ဗဟိုရ်ထိပ်ဝယ် သုံးကျိပ်သုံးပါး နတ်အများတို့ ပျော်ပါးစံနေ ဝတီပြည်ကို စိုးထွေပိုင်ခြင်း သိကြားမင်းလျှင် မယွင်းတဖန် ဤသို့ကြံ၏၊ အမှန်ငါသည် သွားတော့မည်ဟု စိတ်ဝယ်မှတ်ငြား မင်းကြီးအားတွင် အပ်ထားတုံပေ တထောင်ငွေကို လက်ဝယ်အရ တောင်းမည်ပဟု မိုဃ်းကလည်းဆင်း သိကြားမင်းလျှင် မယွင်းသဏ္ဍာန် ပုဏ္ဏားဟန်သို့ သွားပြန်လေရာ မင်းရှေ့မှာဝယ် ရောံလာပြဟ္မဏာ ဤသို့ဟ၏၊ လျှော့ထခြင်းရာ မြတ်မဟာ၊ ကိုယ်တော်ဘုရား အပ်ထားများမြောင် ငွေတထောင်ကို မဲ့ဆောင်ကြာပြီး ယခုအကျွန်လိုချင်ပြန်ဟု နှုပ်သံညောင်းညောင်း ပုဏ္ဏားတောင်းသော် မင်းကောင်းရိန္ဒမ ဟုတ်ပေစွဟု ဆိုထတုံပြီး ပုဏ္ဏားကြီး၊ လျှုပြီးငါ့မှာ များစွာရွှေငွေ ဆံရေစပါး တခြားမှုံးမတ် မလွတ်နန်းထီး အလှူကြီးကို ပေးပြီးမကျန် လှူရပြန်လေ တထောင်ငွေလျှင် နန်းဝေကျန်လိုက်မဲ့သည်ဖြစ်၍ မင်းသစ်ပြုသူ ထိုသည်လူကို ခုမူတောင်းလေ မိန့်တုံလေက မဖွယ်မရာ အိုရာဇာ၊ ကျွန်လျှင်မသိ၊ ထိုမင်းကြီးအား တောင်းလေငြားလည်း ရငြားဘယ်မှာ ရှိတန်ရာဟု ရာဇာမင်းဖျား ပေးပါလားဟု လွတ်ငြားဖိရေး တိန်းရှောင်ပြေးလည်း မင်းရဲရာဇာ မသင့်ပါဟု မာန်ပါစိတ်ပေါက် ပုဏ္ဏား ငေါက်၍ တောက်တောက်မြည်ခါ မင်းရာဇာအား သပြာများမြောင် ငွေတစ်ထောင်ကို ရအောင်ပုဏ္ဏား တောင်းလေငြား သည်၊ ဆီးတားစိတ်ဆိုး မာန်ပါတည်း။

## အရိန္ဒမာမင်းအား ပုဏ္ဏားငွေတစ်ထောင် အတင်းတောင်းသည့်အတွက် ကျေးငွေရှာရန် ဏ္ဍနာပြည်သို့ထွက်စန်း

(၁၃) စိတ်ဆိုးမာန်ပါ တောဟေမာဝယ် ငွေသာရကြောင်း ပုဏ္ဏားတောင်းသော် မင်းကောင်းရိန္ဒမ စောဒေဝကား မရအကြံ တောဟေဝန်တွင် ပူပန်ဒုက္ခ သောကစိုးရိမ် မငြိမ်နှောင့်ရှက် ငွေအတွက်ကြောင့် မှိုင်လျက်တွေဝေ နေလေသရော် ပုဏ္ဏားကျော်လည်း ငွေသာရကြောင်း တစ်ဖန်တောင်းသော် မင်းကောင်းဆိုးထ ပြဟ္မဏာအား တောဝ၍မှာ ပေးစရာသည် ငွေသာမရှိ သို့ဖြစ်ဘိ၍ လှဘိရုပ်သွင် တောင်နန်းရှင်နှင့် ငါလျှင်အမှန် ပုဏ္ဏားထံတွင် စေခံမည်ကြောင်း ဆိုတုံရှောင်း သော် မင်းကောင်းရာဇာ ထွင့်မဟာ၊ မလျှော်ပါငြား ဆိုစကားကို ငါနားမချမ်းမရွှင်လန်းတည်း ကျွန်ခံမလို မင်းကြီးကိုလျှင် စေလို့မထိုက် စိတ်မာန်ညစ်နှင့် စင်စစ်မင်းဖျား ပေးပါလားဟု တောင်းငြားလေပြန် အဖန်ဖန်လျှင် လွတ်ရာမမြင် မြိုင် တောခွင်ဝယ် ဘုရင်မင်းကြီး ချွေးယိုစီး၍ ခုပြီးမလွတ် မြီဟောင်းရပ်ကို ဆပ်ရတုံလို ဤသို့ဆို၏။ အိုအိုဆရာ ပုဏ္ဏားကျော်၊ ဝေးကွာလှပေ ကျွန္ဒပြည်သို့ မနေစင်စစ် ပုဏ္ဏားလိုက်လော ပြည်သို့ရောက်ပြန် ရှာဖွေကြံ၍ ဆပ်ပါရစေ ဆိုတုံပေသော် စိတ်ဝယ်ရွှင်ပ ပြာဟ္မဏလည်း ကောင်စွာမင်းကြီး ဆိုတုံပြီးမှ တောကြီးဟေမဝါ ရဂုံသာက သုံးဖြာတူကွ သွားလေကြ၍ ဌာနဝေးကွာ ပြည်ကျွန္ဒာသို့ မနေထုတ်ရှောက် လျှင်စွာရောက်က ပန်းထောက်ဖြေကာ ဇရပ်ပေါ်သို့ မင်းကျော်ရက်ရက် အသာတက်သည်။ အိပ်စက်သုံးယောက် အဖော်တည်း။

## အရိန္ဒမာမင်း သုဝဏ္ဏဂန္ဓာ မိဖုရားကို ငွေရောင်းရာနှင့် သူဌေးအိမ်မှာ ပေါင်နှံ၍ ထားစန်း။

(၁၄) အိပ်စက်၍သာ သာလာပေါ်ဝယ် မင်းကျော်ရိန္ဒမ နေပြီးမှလျှင် ခဏမနေ ပုဏ္ဏားငွေကို ဆပ်ပြန်လို့ငှာ ဖွယ်နွယ်ရှာအံ့ ထိုခါမင်းဖျား မိဖုရားနှင့် နှစ်ပါးတူကွ သွားလေကြ၍ မြို့မအလယ် တွက်စစ်ရေသော် ကုဋေ့ရှစ်ဆယ် ကြွယ်ဝပေသား များထွေဥစ္စာ ထင်ပေါ်ချမ်းငြိမ် သူဌေးအိမ်သို့ လောင်းရိန္ဒမ တောင်နန်းရနှင့် ခဏမနေ ရောံလေသွားခါ သူဌေးကျော်လည်း မြင်သော်သိရေ ဤသို့မေး၏။ ရပ်ဝေးကလာ ငါအိမ်ပေါ်ဝယ် ဘယ်ငှါတစ်အလိုရှိ၍ ရောံဘိသနည်း

သူဌေးမေးသော် မင်းရဲရာဇာ ကြောင်းခြင်းရာကို ထပ်ခါတဖန် ဆိုတုံပြန်၏။ ရှေ့လွန်မဆွ ကုသလကြောင့် များလှရွှေငွေ ပြည့်စုံပေ၍ ကြီးကျယ်စည်းစိမ် ဗိမာန်အိမ်နှင့် ချမ်းငြိမ်စံပျော် သူဌေးကျော်၊ ကျွန့်မှာခုလျှင်၊ သူ့မြီတင်၍ ဆပ်ရအမှန် တထောင်ကျန်ကို ရှင်မွန်သူဌေး ထုတ်၍ပေးပါ မြတ်လေးဆပွား ကြင်မယားနှင့် နှစ်ပါးအကျွန် သူဌေးထံဝယ် စေခံမည် ကြောင်း ဆိုတုံရှောင်းသော် အကြောင်းသိပြီး သူဌေးကြီးက ကြောင်းရှိစကား ဤသို့ပြောသည် လှထောရုပ်ဝါ လုလင်ကျော်၊ ခုမှာမယွင်း ယောကျ်ားချင်းလျှင် ဖြစ်ခြင်းအမှန် ငါ၏ထံဝယ် စေခံမထိုက် ငါမကြိုက်ဟု ဆိုလိုက်စကား မင်းကြီးကြားသော် စကားတုံ့လှန် ဤသို့ပြန်၏။ အမှန်ယောကျ်ား ငါ၏အားကို စေခံမလို သူဌေးဆိုသော် နဂိုရ်ဟန်ရ ဝမ်းဘဲမသို့ လှပရုပ်ဝါ ပြည့်စုံစွာသည် ကျွန့်မှာသက်ထား ကြင်မယားသို့ မမှားလွယ်ကူ သူဌေးသူဟု ခုမူမှန်စွာ ထောင်သပြာကို မှန်စွာခွဲဝေ ငါးရာငွေကို မနေသူဌေး ထုတ်၍ပေးဟု သံအိုညောင်းညောင်း ဆိုတုံရှောင်းသော် အကြောင်းသင့်ပြီး သူဌေးကြီးလည်း နတ်ပြီးဆင်းဝါ တောင်နန်းလျှာကို မြင်ကာခဏ မျက်စိကျ၍ လှပရုပ်ရည် တော်လှပေ၏ မြတ်သည့်မိန်းမ မှန်ပေစွဟု ခဏမနေ ငါးရာငွေ ထိုဝယ်သူဌေး ထုတ်၍ပေးသော် အမြဲသေချာ စက္ကူပေါ်မှာ မှန်စွာရေးငြား သေချာထားမှ မိဖုရားစစ် ဒါသီဖြစ်သည်။ ညွှန်၌ညစ်ကျူးမဝင်တည်း။ ။

## အရိန္ဒမာမင်းကြီး၏ မိဖုရားသုဝဏ္ဏဂန္ဓာဒေဝီသည် သူဌေးအိမ်၌ ဒါသီဖြစ်စနန်း

(၁၅) ညွှန်၌မရှင် သူ့အိမ်တွင်ဝယ် ကျွန်လျှင်အစစ် ဒါသီဖြစ်၍ နေလိုက်တုံငြား မိဖုရားကို မင်းဖျားရာဇာ အဖြာဖြာကို မှတ်နာစေလို ဤသို့ဆို၏။ ငါ့ကိုချစ်ခင် လေးမြတ်ကြင်သည် ညာတင်ဒေဝီ မဟေသီ၊ စုံညီကြောင်းလျား ငါ့စကားကို လှထောသက်ဝေ ရွှေနားနည်လော နေသည့်သူ့အိမ် တစ်နာရီမျှ လုပ်လီမလွတ် ဆန်ဖွတ်ထင်းခွေ တောင်နန်း နေလျှင် မနေရေခပ် စ-မလွတ်ဘဲ သူ့အိမ်ထဲဝယ် ချက်မြဲထမင်း မဲသားဟင်းကို မယွင်းအချိန် လှဒေဝီလျှင် နာရီမလွတ် လုလ္လအားပြု ရှင်စားမှုကို နတ်ရုပ်ဆင်းဝါ လုပ်လေ့ပါက ရှင်မနှစ်သက် လွန်စုံမက်လိမ့် လုပ်ချက်မသိ ပျင်းရိရိနှင့် မေမိညက်စင် နေသည်မြင်သော် အိမ်ရှင်သူဌေး ခြိမ်းမောင်းမဲ၍ ဆဲလေမပြတ် တောင်နန်းထွဋ်ကို ရိုက်သတ်ထောင်းထု အိမ်ရှင်ပြုသော် သက်စုကြင်ရာ မိထွဋ်ချာလျှင် ကိုယ်မှာစုပ်ပြ သွေးရဲရဲနှင့် ပူဆွေးနာကြင် သူ့အိမ်တွင်ဝယ် မရွှင်မျက်နှာ ညိုးရုပ်ဝါနှင့် ရှိပါလိမ့်မည်ကြောင်းဖြစ်ထွေကို သက်ဝေမောင်က စိုးရိမ်လှ၍ နှမသက်ဝေ မလပ်စေနှင့် လုပ်လေမိချစ် နေနှင့်ရစ်တုံ ပြစ်ပြစ်စီးယို ငိုလည်းငို၏။ မင်းပျိုလောင်းလှ မှာပြီးမှလျှင် နှမသုဝဏ် တောင်နန်းစံအား တဖန်သံချို ဤသို့ဆိုသည် အိုအိုမိမွန် တောင်နန်းစံ၊ အမှန်ငါ့မှာ အသပြာသည် ဆပ်ရန်ကျန်ဘိ ငါးရာရှိဟု မှန်ဘိအကယ် ငါးရာငွေ ကို မနေလျှင်စွာ သွား၍ရှာအံ့ ချိုသာစကား မင်းကြီးကြားသော် လှထောရုပ်ဝါ တောင်နန်းပျော်သည် တွင်ခေါ်နာမ သုဝဏ္ဏာလျှင် ခဏမနေ မင်းကြီးခြေကို ထိပ်ဝယ်တင်ကာ ဆံကေသာကို အသာဖြေလတ် သုံးကြိမ်ပွတ်၍ ကြည်ညွတ်သဒ္ဓါ ရှိသေစွာဖြင့် ကွဲကွာရမည် သို့ဖြစ်ပေ၍ ကျွန်ဝေဂဗ္ဗ သုဝဏ္ဏာလျှင် တသငိုလိုက် ခြေဦးတိုက်သည်၊ လင်ချစ်ခြေရင်း ပူဇော်တည်း။

(၁၆) ခြေရင်းပူဇော် ထိုအခါဝယ် တောင်ညာနန်းရ သုဝဏ္ဏာလျှင် နာမတွင်ညီ မဟေသီလည်း ထိပ်ဆီလက်ထား ငယ်မျော့သားအား မှာထားတုံလိုက် ရှင်မင်းစစ်လျှင် ချစ်သည်ကုသိုလ် ပညာကိုလည်း အလိုအားကြီး စိတ်ကစီး၍ ဇနီးကြင် မျှ ချစ်မဝသည် နှမအကျွန် သူဌေးထံတွင် အမှန်အစစ် ကျွန်လျှင်ဖြစ်လည်း ကြင်ချစ်နှမ စိတ်မခွတည်း၊ ထားရသစွာ ကျွန့်မှာမပျက် နှောင့်ရှက်မရှိ မှန်လှဘိဟု လက်တွေ့စိတ်တော် ရွှင်ပျော်ပျော်သို့ ပဒုံကြာကို ရေသာလည်းဖြိန်း ညိုးမနွမ်းဘဲ ရွှေနန်းသခင် မှတ်စေချင်ဟု ညာတင်ဒေဝီ အလီလီလျှင် ဖန်တီဖန်တွတ် ငိုချင်းလွှတ်၍ မင်းမြတ်ခြေမှာ ဒွေးဟတ္ထာဖြင့် ဖက်ကာဦးတိုက် ပူဇော်လိုက်၍ မေချစ်သခင် ရွှေနန်းရှင်လည်း လိုအင်ဆန္ဒ ဟူသမျှကို ရကြပါစေ ကျွန့်သက်ဝေဟု ပြစ်သွယ်စီးကျတသ,သလျှင် ငှက်မ,ဟသ်ာဖော်နှင့်ကွာသို့ ကျွန်သာအမှန် သူဌေးထံဝယ် နန်းစံမေချစ် ကျွန်အဖြစ်ဖြင့် ရက်,နှစ်တာရှည်နေတော့မည်ဟု သာကြည်စကား မင်းကြီးအားကို မှာထားသံချို ငိုလည်းငို၍ လင်ကိုစုံမက် မခွါရက်ပေ မျက်ရည်ရွယ်နှင့် သူဌေးအထံ မယ်သုဝဏ်လျှင် အမှန်စင်စစ် ဒါသီဖြစ်သည့် လောင်းစစ်မင်းလျှင် ကြင်ဖော်တည်း။

## အရိန္ဒမာမင်းကြီး၌ ကျန်သော ငွေသပြာငါးရာအတွက် တံခါးစောင့်အိမ်၌ မိမိကိုယ်ကိုရောင်းစန်း

(၁၇) မင်းလှကြင်ဖော် အလှကျော်သည် တောင်ညာနေလိုက် ထိုအခိုက်တွင် လောင်းစစ်မင်းလှ ရိန္ဒပလည်း မလှရုပ်ဝါ နေတွေ့ကြာသို့ စိတ်တော်မရွှင် တောင်နန်းရှင်ကြောင့် ပူပင်၍သာ ငွေငါးရာကို ရှာမည်မလွတ် စိတ်ကမှတ်၍ မြင့်မြတ်မဟာ ပုဏ္ဏားကျော်နှင့် ထိုခါလှည့်မှတ် မြို့ကိုပတ်၍ ရှာလတ်မနေ စုံစမ်းလေသော် ထိုငွေမရ ရှာလတ်ကလျှင် စိတ်မရွှင်ဘဲ ဘုရင်မင်းကြီး ချွေးယိုစီး၍ ထွက်၍မနေ သွားပြန်လိုသော် နောက်ဝယ်တံခါး အနီးပါးသို့ မင်းဖျားပြည်ရှင် ရော်လေကျင်သော် ထိုတွင်နေငြား နောက်တံခါးကို ပိုင်ကားစောင့်သူ တယောက်လူလျှင် မြင်သူသိရေး အကြောင်းမေး သော် အိုလေးမောင်လှ ဂုဏ်တ၊ မလှရုပ်ဝါ ညိုးနွမ်းစွာနှင့် ပူဆာစိတ်တွင် မရွှင်မျက်နှာ ယခုလာသည် ငါသာမြင်ရ ဘယ်ကိစ္စဟု ကြောင်းစသိရေး တဖန်မေးသော် မင်းရဲရာဇာ စောထွဋ်ချာလည်း ထပ်ခါတစ်ဖန် ဆိုတုံပြန်၏။ အမှန်ကျွန်ုပ်မှာ အသပြာသည် မှန်စွာတွက်ရေ ငါးရာငွေလျှင် တင်သည်သူ့မြိန် ခုနှိမ်မလွတ် ဆပ်မည်မှတ်၍ လှဲ့ပါတ်ရကြောင်း ကျွန့်ကိုရောင်းမှ အကြောင်းသင့်မည် ရောက်လာသည်ဟု သာကြည်စကား မင်းကြီးကြားသော် သနားစုံမက် ခေါ်စက်စက် နှင့် ဟမြွက်ဆိုထ အိုညီလှ၊ မှတ်ကြားနားဝင် ခုလျှင်များစွာ လူတကာတွင် တတ်ရာအပြား ဆယ့်ရှစ်ပါးတွင် တစ်ပါးပါးမျှ ဌာရသကို ညီလှမောင်ဘွား မတတ်လောဟု မေးသောအခါ မင်းရာဇာလျှင် ထပ်ခါသံချို ဤသို့ဆို၏။ လူဗိုလ်တကာ တတ်ရာအမှန် ဆယ့်ရှစ်တန်တွင် အကျွန်မှတ်သား တပါးဒွါရံ သံချွန်သံချိတ် တံခါးပိတ်နှင့် ဖွင့်ထားတံခါး တစ်ခုအားကို ထင်ရှားလှစွာ တတ်နိုင်ရာဟု ချိုသာစကား မင်းကြီးကြားသော် စိတ်ထားရွှင်မြူး တံခါးမှူးလည်း အထူးသိရေး တဖန် မေးသော် မင်းရာဇာလည်း ထပ်ကာသံချို ဤသို့ဆိုသော် အိုအိုအနှောင်း မွေးသမောင် အနောင်ရွှေနား တဖန်ကြားလော ငါကားပိတ်သျှိုးတံခါးရိုးကို လူဘို့များစွာ ထောင်ပြည့်လာလည်း ဘယ်မှာတစ ဖွင့်မရတည်း ဖွင့်ထတံခါး ပိတ်လိုငြားလည်း မပြားထိုနည်း တချက်တည်းဟု ကြောင်းရေစကား လုံးစုံများကို ဘုရင်မင်းဖျား ပြောလေငြား၍ နောက်တံခါးမူ အစောင့် လူလည်း ထိုသူယောကျ်ား မင်းကြီးအားကို သနားစုံမက် မေတ္တာဩသက်၍ မပျက်ကရုဏာ သဒ္ဓါတရား မပြားချစ်ခင် ညီလျှင်အလား နှလုံးထား၍ လျှင်လျှားမနေ ငါးရာငွေကို ယူပေအရှင် ချိန်ရိုးတွင်၌ တင်ကာအမြဲ ကိုယ်ဖို့ပေး၍ ကြောင်းရေ စကား မှာထားပြော၍ မောင်ဖွားလုလင် တံခါးတွင်ဝယ် စောင့်လျှင်နေရစ် ငါ့ညီချစ်ဟု ကြောင်းဖြစ်စကား သင်ထားတုံပေ တံခါးမှူးလည်း မနေခဏ သွားလေရ၍ နေထဂေဟာ ရောက်လေပါသော် ထိုခါမင်းဖျား ပုဏ္ဏားအားကို ရငြားမှန်စွာ ထောင်သပြာကို ယူကာပေးလေ သင်မနေနှင့် သွားလေပြဟူဏ မိန့်တော်ဟသော် ပုဏ္ဏားကျော်လည်း ထိုခါမနေ သွားရ လေသော် ထိုမင်းကျော်လည်း စောင့်သောမမှား နေ့ံတံခါးမှာ မင်းဖျားစင်စစ် ကျွန်အဖြစ်ဖြင့် စင်စစ်မနေ စောင့်ရပေ သည်။ နှစ်ရှည်လများ ကြာအောင်တည်း။ ။

## သုဝဏ္ဏာဂန္ဓာမိဖုရားကို သူဌေးမက စိတ်မချမ်းသည့်အတွက် မိမိလင် သူဌေးကို ကြောင့်ကျအားကြီး၍ မိဖုရားအား နှာမည်လွှဲပြီး နေရာဌာန ပြောင်းစန်း

(၁၈) လများနှစ်ရှည် စောင့်ထိန်းလေ၍ ထိုသည်အခါ မင်းရာဇာလည်း မေတ္တာသနား ကြင်ဆပ္ပားသည့် မယား သုဝဏ် သူဌေးထံဝယ် အမှန်စင်စစ် ဒါသီဖြစ်၍ နေလိုက်ပေငြား မိဖုရားကို မျက်ဝါးထင်ထင် မြင်လေခဏ သူ့ဌာနက ဒေါသမာန်ဝင် စိတ်မရွှင်နှင့် ရုပ်သွင်လှပ ဤကျွန်မကို မေလှသခင် သူဌေးရှင်လည်း မျှဝင်မေတ္တာ ကရုဏာနှင့် စိတ်က ရောရှက် ရှိမည်တွက်၍ မြွက်ဟသံချို ဤသို့ဆိုသည်၊ အိုအိုသူဌေး မိလိုင်ရွှေ၊ ကြောင်းရေခဲခက် ကျွန်မ, ပျက်ကို ခုပစ်အိမ်တွင် မထားချင်နှင့် ဆိုလျှင်စကား သူဌေးကြားသော် ကောင်းငြားပေစွ သူဌေးမဟု တွေးဆဆင်ခြင် ကြော်စိတ်ဝင် ၍ သူဌေးရှင်လည်း မခင်မေတ္တာ တောင်နန်းလျှာကို မကြာသွားလီ စပါးကျီတွင် ထားလီမှန်လှ အိမ်ပြည့်မဟု မလှအမည် ထင်ရှားလေ၏။ ထိုသည့်အခါ လူများစွာတို့ မှန်စွာမုချ ခေါ်ဝေါ်ကြသည် ပြည့်မဟုပင် ပြည်လုံးတွင်၏။ ကျီတွင်နေငြား မိဖုရားမှာ စိတ်ထားမရွှင် သူ့အိမ်တွင်ဝယ် ပူပင်ပြောင်းနွမ်း လင်ကိုလွမ်း၍ မခန်းမျက်ရည် နှင်းမိုယ်းစွေသို့ စိတ်သည် ဆယ်ဖြာ တစာစာလျှင် လင်းပြာငှက်မ ဖော်ကိုတ,သို့ နှမသူ့ဝဏ် ဖြစ်ရဟန်ကို လောင်းမွန်မေချစ် မြင်ပါလှဲ့ဟု ပြစ်ပြစ်

စီးယို ငိုလည်းငိုသည် ပြည်ကိုလည်းတန်း သူ့ကျီခန်းတွင် တောင်နန်းသခင် နတ်ရှင်ဆင်းဝါ မိထွင့်ချာလျှင် ထိုခါအမှန် ဆင်းရဲခံသည်။ ရှေးကံမကုန် အကြောင်းတည်း။ ။

(၁၉) ရှေးကံမကုန် ဝိပါက်ဟုံကြောင့် ခံတုံပေရ သုဝဏ္ဏာလျှင် ဖြစ်ရဇာကံ သူဋ္ဌေးထံဝယ် အမှန်စင်စစ် ကျွန်လျှင် ဖြစ်လည်း အပြစ်လွတ်အောင် ရှင်မှုဆောင်၍ အိမ်ထောင်ရာဝယ် အထွေထွေကို လုပ်ရဲမလွတ် တောင်နန်းထွင့်လျှင် မပြတ်ချက်ပြုတ် ကြိုးအားထုတ်၍ မယုတ်စေရ ဝီရိယနှင့် နေ့ညမလွတ် တပတ်ပတ်လျှင် ဆံဖွတ်ထင်းခွေ မိညက်ခြေလျှင် မနေရေခပ် စ,မလွတ်ဘဲ သူ့အိမ်ထဲဝယ် ဆင်းရဲအမှန် ဒုက္ခခံ၍ နေပြန်လေရ သုဝဏ္ဏာဟု ဂဗ္ဘာတွင်ငြား မိဖုရားလျှင် စိတ်ထားမရှွင် သူ့အိမ်တွင်ဝယ် ကုန်စင်အောင်ပြု ရှင်စားမှုကို တစ်ခုမကျန် အတန်တန်လျှင် လုပ်ပြန်မလွတ် ဒလဇတ်လျှင် မိုယ်းစွတ်နေပူ တောင်နန်းသူ၏ ခံတုံမချွတ် ဒုက္ခဝင့်ကြောင့် မူလအသား ဝါဂွမ်းလားသို့ ထိုခါမရ ဟာန်မရတည်း ပြီးမှမတင် ကောင်းဆံပင်လည်း ရှုပ်တင်ပွေလီ တောင်နန်းဆီလျှင် စိတ်နီမရွှင် ပြုပြင်မကိုင်းယိုင်မဖန်တည်း မခန်းမျက်ရည် စီးပြိုင် သွယ်နှင့်မနေရတတ် သူ့အိမ်ရပ်တွင် အဝတ်မဆင် စိတ်ပူပင်၍ ရုပ်သွင်မလှ မုဆိုးမသို့ ဖြစ်ရကျွန်ခံ သူဋ္ဌေးထံဝယ် နေ့ယံမလွတ် အရှင်ဝတ်ကို မပြတ်လုပ်ဆောင် ရှင်ချစ်အောင်ဟု တောင်ညာဒေဝီ မဟေသီလျှင် တိန်းနီတိန်းပါး ရူးသော လားသို့ ထံပါးကျိုးနွံ သခင်ထံဝယ် လုပ်ကျွန်မကြွင်း စုံအောင်ခင်းမှ ရှင်းထားအော်ဆီ စပါးကျီသို့ ဒေဝီလှထွင့် ပြန်တုံလတ် သည်၊ အိပ်လတ်စက်မွေ့မရှွင်တည်း။

## သုဝဏ္ဏဂဗ္ဘာဒေဝီ မိဖုရားသည် ရှေးကနန်းမှာ စံစားခဲ့သည်ကို တွေးဆပြီး အရိန္ဒမာမင်းကြီးကို တောင်းတ၍ ပူဆွေးစန်း

(၂၀) အိပ်စက်မရှွင် တောင်နန်းရှင်သည် ကျွန်လျှင်ဖြစ်ရအစစကို မေလှမနေ အောက်မေ့ချေသော် ရွှေပြည် သီဝရာဇ် ဌာနစစ်ကို စိုးလစ်ပိုင်ခြင်း ရိန္ဒမင်းလျှင် မယွင်းကုသိုလ် ဒါနကိုလည်း ကြည်ညိုအားကြီး စိတ်ကစီး၍ ဆောက်ပြီး မလွတ် စ,မလပ်တည်း မဏ္ဍပ်ခြောက်ဆောင် ကုန်အောင်လုပ်ပြီး အလှူကြီးကို မင်းကြီးဘုရင် မေချင်လင်နှင့် ပေးကျင်တုံပြီး ကုန်ခြောက်သိန်းနှင့် ပြည်ကြီးချမ်းသာ အဖြာဖြာကို ထိုခါစွန့်ပြီး ရထားစီး၍ ဇနီးအတူ ထွက်တော်မူရာ ပုဏ္ဏားလာ၍ ပေးပါတောင်ငြား ယဉ်ရထားကို မင်းဖျားစွန့်ရ မေ,နှမနှင့် သွားထအတူ နေမူမကွာ ဟေဝန္တာဟု မဂ္ဂါစရိတ် သစ်ပင်ရိပ်သို့ ရောံပြီးတုံလိုက် နားနေခိုက်တွင် ကျန်လိုက်မျှားမြောင် ငွေတစ်ထောင်ကို ရအောင်ပုဏ္ဏား တောင်းလေငြား၍ မေလျှင် ကျွန်ဖြစ် သူ့အိမ်၌ဝယ် ဝင့်ဆစ်ခံရ၊ ကြီးဒုက္ခနှင့် ဆွဲစမမြင် သူ့ရင်ခွင်ဝယ် မေ့လျှင်ကိုယ်ချည်း တစ်ယောက်တည်းဟု ဝမ်းနည်းစိတ်ပူ တကြုကြုလျှင် ဂျိုးဖြူမြည်တမ်း ဖော်ကိုလွမ်း၍ ရွှန်းရွှန်းမျက်ရေ တောင်နန်းနေလျှင် စီးသွယ်ပြစ်ကျ မောင်ကိုတ၍ မေလှသက်ဝေ ဘယ်တိုင်းပြည်မှ ရှိလေသည်ပ မသိရဟု တသမျှော်တွဲ ဝမ်းပန်းနည်း၍ နေမြဲအောက်ဆီ စပါးကျီထက် ဒေဝီကြင်ကျွမ်း မောင်ကိုလွမ်းသည်၊ မခန်းမျက်ရေ ယိုစီးတည်း။

## သုဝဏ္ဏဂဗ္ဘာမိဖုရား ကိုယ်ဝန်ပဋိသန္ဓေ တဖြည်းဖြည်း ရင့်သန်လာသောအခန်း

(၂၁) မျက်ရေယိုစီး တစ်ကိုယ်တည်းလျှင် ဖြစ်ပြီးကျွန်ခံ သူဋ္ဌေးထံဝယ် အမှန်နေရ သုဝဏ္ဏာဟု ဂဗ္ဘာတွင်ညီ မဟေသီလျှင် ရွှေ့ဆီနန်းမှာ မင်းရာဇာနှင့် စံပျော်ကာလ ဝမ်းဂဗ္ဘာတွင် မင်းလှသွေးရည် ပါလေသည်ကြောင်း သန္ဓေရင့်လှ သုဝဏ္ဏာလျှင် မလှရုပ်ဝါ ကြုံတူးစွာနှင့် စားသော်မဝင် တောင်နန်းရှင်သည် မရှွင်မျက်နှာ သူ့အိမ်ပေါ်ဝယ် ရောဂါလည်းကပ် သေမတတ်သို့ ပျောင်းညွှတ်မူးမှိုင် အိမ်ဆိုးယိုင်သို့ မခံနိုင်ငြား ဝန်တင်နွားသို့ အားခွန်လည်းနဲ ကိုယ်ဝန်စွဲ၍ သေဘေးရောက် ကာ ပုံပမာသို့ မှန်စွာမုချ တောင်နန်းရက သွားထ,မလျှင် ပင်ပန်းလျှင်တည်း ကိုယ်လျှင်မီးထီး ဝမ်းလေအီး၍ အပြီးလုပ်ကိုင် မတတ်နိုင်ဘဲ တရွှဲ့ရွှဲ့လျှင်ရှိသည်မြင်သော် အရှင်သူဋ္ဌေး အသံပေး၍ ခုမြဲမလာ ဘယ်ကြောင်းရာဟု မာန်ပါဆဲဆို စိတ်လို ရှိရာ သူဋ္ဌေးခေါ်သော် မကြာရက်ရက် ကျီအိမ်ထက်က သက်ခဲ့လျှင်မြန် အရှင်ထံဝယ် လုပ်ရန်ကိစ္စ ဟူသမျှကို မေလှသခင် ထံဝယ် လျှောက်ပြန်တုံကျင် အိုအရှင်၊ ခုလျှင်ကျွန့်မှာ ရွှေ့ခါမတူ မငူရင်မွန် ကုစ္ဆိယံတွင် သန္ဓေဆယ်လ ရင့်မာစွာဖြင့်၊ ထသွားမယဉ် ကြာလေစွဟု ရောံလာရှင်ထံ ဆိုတုံပြန်သည်။ နှုတ်သံညင်းညင်းခြေခြေတည်း။ ။

## သုဝဏ္ဏဂဗ္ဘ မိဖုရားသည် ဝါခေါင်လကွယ် စနေနေ့၌ ညဥ့်သန်းခေါင်ယံအခါ အမျှားဓမ္မတာဖြင့် သားရတနာကို ဖွားမြင်သောအခန်း

(၂၂) ညင်းညင်းခြေခြေ နှုတ်သံငယ်နှင့် တောင်နေနန်းမ အစိုးရသည် ဂဗ္ဘတွင်ညီ ဆင်းနတ်ပြီးလျှင် စုံစီမကျန် သခင်ထံဝယ် ကြောင်းမှန်စကား ဆိုပြန်သောကြောင့် ဒေါသမာန်ဝင် သူဌေးရှင်လည်း မဝင်မေတ္တာ ဆဲဆိုကာနှင့် မကြာသွားလီ တောင်နန်းဆီကို ဆိုပြီးဆပ်ဆပ် သခင်လွှတ်သော် ရေရွက်ငိုကာ တစာစာနှင့် ပြန်ပါလေရ သုဝဏ္ဏာလျှင် မလှရုပ်ဝါ နွမ်းသည်ကြာသို့ နေရာရောက်ထ ထိုသည်ညပင် ရင့်လှပဋိသံ သူဌေးထံဝယ် အမှန်ဆယ်လ စေ့လတ်ကလျှင် မလှမိုက်မှောင် ညဥ့်သန်းခေါင်တွင် ဝါခေါင်လကွယ် ပဋ္ဌုံနေ၍ ရက်ဝယ်စနေ ညဥ့်အချိန်တွင် ဒေဝီအထွဋ် တောင်ညာနတ်လျှင် မတတ်ကြံရာ စိတ်မသာ၍ ကိုယ်မှာဝမ်းခဲ အလွန်သဲသည် လူးလဲပြောင်းပြန် ပဋိသံကို အမှန်ယခု ဖွားမည်ပြုသော် သေလုမတတ် စိတ်လက်လွတ်၍ လှထွဋ်တောင်ညာ မိန်းမောကာဖြင့် ငိုကာငိုကာ တစာစာသည် နေရာကျိုထဲ ကြိုးကိုဆွဲ၍ ဟစ်ကြွေးသံ့ရှင် အိုမိခင်တို့ မှတ်ထင်ကြပါ ကျွန်တော်မကို စိတ်သာပြား သွီးလားသို့ ထော်ထားမျှော်ရှု စာနာပြု၍ ယခုမကြာ လာကြပါဟု ကျွန်သာမှန်လှ အိမ်ပြည့်ဝတွင် စွဲထငိုသံ ရင့်ကိုယ်ဝန်ကို အလွန်ယခု ဖွားမည်ပြုဟု တကျူးကြော်ကြော် ဟစ်ကြွေးခေါ်လည်း မလာတယော် မိုယ်းဖြောက်ဖြောက်နှင့် ကြီးမျှားဒုက္ခ သူ့ဌာနတွင် ဖြစ်ရလေနည်း တစ်ယောက်တည်းဟု ဆွေလည်းမမြင် သူ့တိုင်းခွင်ဝယ် မေ့လျှင်ကြံရာ မတတ်ပါဟု တောင်ညာဒေဝီ ဆင်းနတ်ပြီလျှင် မြစ်လည်းအကြောင်း သောကငြောင်းကို မင်းကောင်းရိန္ဒ မမြင်လေစွဟု တ,လေ တ,ဆို ဟစ်ကြွေးငို၍ ထိုထိုမျှားဖြင် ဇမ္ဗူခွင်ဝယ် ဖြစ်ကျင်သမျှ ကတ္တိယတို့ ဖြစ်ရမှန်စွာ ဓမ္မတာကို မေသာမလွတ် ရှေးကံဝင့်ကြောင်း ခံလတ်မကုန် သို့ဖြစ်တုံဟု ငိုယိုစီးထွက် နေကျိုထက်တွင် ရွှေလက်ကိုင်တွဲ ကြိုးကိုဆွဲ၍ လူးလဲပြောင်းပြန် ဖွားမည်ကြံသည်၊ တဖန်သေလုမတတ်တည်း။

(၂၃) သေလုမတတ် တောင်နန်းထွဋ်လျှင် ဖွားလတ်မည်ပြင် ထိုညဥ့်တွင်ဝယ် ရွှာကျင်ပဋ္ဌုံမြူးခုံသွန်ချ ဝါခေါင်လတွင် ကြီးထမိုယ်းပေါက် လေလည်းလျှော်၍ တယော်တည်းသာ တစာစာလျှင် ခေါ်ပါသော်လည်း သူ့ပြည်ထည်းဝယ် မေ၏ကိုယ်ချည်း တယော်တည်းကြောင့် ခေါ်လည်းမလာ မိထွဋ်ချာလျှင် ရေသာလည်းငတ် နေကျိုရပ်တွင် တထပ်ထမင်း ပေးခြင်းမရှိ တကိုယ်တည်းလျှင် ချွေးတိလဲဖြာ တဝါဝါလျှင် ဖြစ်ရာကြောင်းလမ်း ရှေ့ဝင့်စွမ်းကို တောင်နန်းရှင်မ ခံပါရဟု တ,လေတရူ တောင်နန်းသူလျှင် စိတ်ပူပန်းပန်း ပြည်ကိုလွမ်း၍ တောင်နန်းမေပျို ဖွဲ့၍ငိုသည် ခေါ်ဆိုတွင်လို သီဝရာဇ်ဟု ပြည်နှစ်ဖြစ်ခါ တောင်နန်းလျှာကို များစွာမောင်းမ ဝန်းရံခ၍ မ,စသုတ်သင် ကျွန့်တို့ရှင်ဟု ယူငင်ကိုင်တွယ် မလှဲ့လေနှင့် မညှိအတန် ပြုတုံစမြဲ မချွတ်လွဲဟု ပုလဲမြညာ ယခုခါလျှင် ကြံရာမတတ် ခွေပြောင်းညွှတ်၍ သက်ပြတ်မိန့်မော သေငယ် ဇောဖြင့် မေဖောသုဝဏ် ခံရဟန်ကို အကျွန်ဆရာ အဖြာဖြာကို ပညာနှင့်ကောက် နည်းကိုလျှောက်၍ ထပ်လျှောက်ခိပ္ပါယ် လင်္ကာချေလည်း ကိုယ်ဝယ်ပင်ပန်း ဉာဏ်သာနွမ်း၍ ဆိုလွန်းမကုန် နာသာရုံသော် ကုံးလိုက်ပါအံ့ နောင်လာလူများ မှတ်စေသားဟု ထောက်ထားယူငင် စီကုံးဆင်သည် သိမူထင်ပေါ် ရွှေဇာတ်တော်ဟု နားမှာထူးဆန်း သားဖွားခန်းကို တခန်းကုန်စင် မဆိုချင်၍ ဤတွင်စာသား ရှုံကာထားသည် အမျှားလူရှင် ရွှေနားတင်လော ထက်လျှင်ဆိုငြား မိဖုရားလျှင် မမှားအမှန် ဒုက္ခခံ၍ နေပြန်အောက်ဆီ စပါးကျိုထက် သူ့ဝန်မေချည်း တစ်ယောက်တည်းလျှင် လူးလဲတုံပေ သားအသေကို မိမေလွတ်လွတ် ဖွားတုံလတ်သည်။ သက်ပြတ် မိန်းမော မှိုင်ယောင်တည်း။

## သုဝဏ္ဏဂဗ္ဘာ မိဖုရား သားအသေ ဖွားသည့်အတွက် မိမိလင်သခင်နှင့် တိုင်းပြည်ကို လွမ်း၍ငိုခန်း

(၂၄) မှိုင်ယောင်မိန်းမော သေငယ်ဇောဖြင့် ဖွားထ၍ပေ သားအသေကို မွေးသည်မိခင် ရင်ခွင်တင်၍ သက်လျှင် ရှိလော မရှိလောဟု သိမောလှချင် လက်ရွှေစင်နှင့် မိခင်ယူလှန်း အသာစမ်းသော် အေးချမ်းခြေလက် လှုပ်ရှက်မရှိ တုန်းဘိအသွင် သားရွှေစင်ကို စိတ်တော်မွေးမိ သေမှန်းသိသော် ကြောင်းရှိထုတ်ဘော် တကြော်ကြော်လျှင် မယ်တော်ရှင်မ တောင်နန်းရသည် ဖြစ်ထခြင်းရာ သားပုတ္တာကြောင့် စိတ်မှာမရှွင် လွန်ပူပင်၍ မိခင်ကြိုးကြိုး ဤသို့ငိုသည် နဂိုရ်ဌာန ၅၅ပြည်မတွင် ဖွားထမိခင် မျက်နှာမြင်သော် ရွှေစင်ပမာ သားပုတ္တာကို များစွာမောင်းမ ဝန်းရံခ၍ ကျူးကြမလွဲ ပုခက်ထဲ

ဝယ် မလွဲအမှန် ကျောက်စီမှန်သား လှပဟန်ထူးခြား ရုပ်ပေါင်းများနှင့် ဖြန့်ထားမိုယ်းကြက် ရွှေခြေရှုက်၍ ခြင်းလတ်မြဲစွာ ကတ္တီပါနှင့် ဇဝါပြောက်ကပ် ရွှေပွင့်ချပ်၍ တင့်မှတ်စနိုး အဘိုးသိန်းတန် ကြိုးမှာသန္တာ ပုခက်သာဝယ် တင်ကာလည်းသိပ် တကြိတ်ကြိတ်လျှင် ကျူးသိပ်ဧယဉ် သားရွှေစင်ကို များဖျင်မောင်းမ ချီထိန်းယတို့ ကျူးငြားမလွှဲ နန်းခြင်းပေး၍ အေးလေ ယင်ယင် ကျူးသံလွင်နှင့် ပြုကျင်စမြဲ မချွတ်လွဲဟု မေလည်းခုမှာ သူ့ပြည်ရွာတွင် ကံသာဆိုးညစ် ကျေးကျွန်ဖြစ်၍ မေချစ်ကြံရာ မတတ်ပါဟု တောင်ညာဒေဝီ တစီစီလျှင် ငိုလေမြည်တမ်း သစ်ပင်နန်းက နေဝန်းထွက်ပြူ ဂျူးမကြူသို့ ဝီဆူဗျာပါ တစာစာလျှင် နေရအောက်ဆီ စပါးကျီက ဒေဝီငယ်ကွန် မောင်ကိုတမ်း၍ ရွှန်းရွှန်းမျက်ရေ နှင်းမိုယ်းစွေသို့ သားငယ်ကိုဖက် ခေါ်စက်စက်နှင့် သတ်လျက်မျက်ရေ တောင်းနန်းနေလျှင် ဖြေဆည်မရ ခုလောကတွင် ဒိဌမျက်မြင် ဖြစ်ရအင်ကို ငယ်လင်မင်းလှ မြင်လေစွဟု တ,လေတရ တကြူကြူလျှင် နန်းသူမေပျို ငိုလည်းငို၍ သံချိုထွတ်ထွတ် ဂါထာလွှတ်သည်။ ။ ပါဠ်မြတ်ပါဠိ စုဏ္ဏောတည်း။ ။

**ဟာဟာ, ပုတ္တတေ, သရူပံ၊ ပုတ္တာမေ,**
**လာဘ, ဣဒါနိ၊ ဝိနာမေ,ရညော, မရဏံမှိ၊ ကိစ္စိ**
**ဟောမိ, တွံပုတ္တကံတဒ။ ။**

သရူပံ၊ နှစ်လိုဖွယ်ရှိသော၊ ဝါ၊ တင့်တယ်စွာသော အဆင်းနှင့်လည်း ပြည့်စုံစွာထသော၊ ဟာဟာပုတ္တ၊ အိုချစ်လှ စွာသောသား၊ တေ၊ သင့်ကို၊ ပဋမံ၊ ရှေးဦးစွာလျှင်၊ မေ၊ ငါသည်၊ လာဘိ၊ ရလေပြီ၊ ဣဒါနိ၊ ယခုအခါ၌၊ တွံ၊ သင်သည်၊ မရဏံ၊ သေသည်ဖြစ်၍၊ မေ၊ ငါ့အား၊ ရညော၊ မင်းနှင့်၊ ဝိနာ၊ ကင်းသည်၊ အမှိ၊ ဖြစ်ပြီ၊ ပုတ္တ၊ အိုချစ်လှစွာသောသား၊ တွံ ၊သင်ချစ်သားကို၊ တဒါ၊ ထိုသို့သေသောအခါ၌၊ ကိစ္စံဟောမိ၊ အသို့ငါကြံနိုင်ပါအံ့နည်း။ ။

(၂၅) ပါဠိဂါထာ ပါဠ်တန်းဆာဖြင့် ဖွယ်ရှာစီစစ် ဖြစ်သနစ်ကို ဖော်လိုက်မကြံ ထောင်နန်းစံလျှင် တဖန်သံချို ငို၍ဆိုသည် အိုအိုသားမောင် မိသည်းခေါင်၊ သားမောင်မျက်ရှုမိသက်စုကို ယခုမိခင် မျက်နှာမြင်လည်း မရှင်လေစွ သားပုတ္တမူ သေရသူလျှင် နိဗ္ဗီခွင်သို့ ပါကျင်လေရ မွေးချစ်ဘကို မိလှငါလျှင် တောင်နန်းရှင်လည်း ပြုကျင်ပုည ပြည်ဌာန တွင် တစမလွတ် ပြုအပ်သမျှ လှုဒါနနှင့် ပုညကုသိုလ် အကျိုးကိုလည်း ကြည်ညိုသောအား မိချစ်သားလျှင် ရငြားပါစေ အမျှဝေ၏၊ ဖြစ်လေဘဝ သားပုတ္တမူ ဖြစ်ရေးနောင်ခါ သံသရာဝယ် ရှည်ကြာမြင့်ညောင်း သက်ရှေကြောင်းကို သားကောင်း မနေ တောင်းပါလေဟု တောင်နေညာထွင့် တတွတ်တွတ်လျှင် လွမ်းဆွတ်စုံမက် သားကိုဖက်၍ စုတ်စက်ခေါ်ကာ တစာစာလျှင် မေသာကိုယ်ချည်း သူ့ပြည်ထည်းဝယ် ဖော်ကွဲငှက်တွင် တောင်နန်းရှင်လည်း ပူပင်ကြေကွဲ သူ့အိမ်ထည်းဝယ် သားငယ်လည်းဆုံး လင်လည်းမုန်း၍ ဝဋ်ဆုံးရှေးကံ ဖြစ်ရဟန်ကို သုဝဏ်နမေ အောက်မေ့ချေသော် ရှေးဝယ်မဆွ တဘဝတွင် ဖြစ်ရအတူ မျိုးအိမ်သူနှင့် မေမူတစစ် မုဆိုးဖြစ်၍ လင်ချစ်နှင့်မူ အတူမကွာ ဟေဝန္တာဝယ် ဇင်ယော်,ရေကြက် ကလူကွက်နှင့် ကျေးငှက်အပေါင်း တသောင်းသောင်းလျှင် ဥဒေါင်းကြိုးကြာ သာလိကာနှင့် ဟသ်ာတခြား ကျေးကုလား တို့ ပျော်ပါးပျံဝဲ တသဲသဲလျှင် မစဲမြည်ကာ တစာစာနှင့် ဘာသာသူ့လို ချစ်ဖွယ်ဆို၍ ထိုထိုပျံဝဲတောင်းခြင်းနွဲ၍ ရစ်ဝဲပျံ ရာ သူ့ဘာသာဖြင့် မြေမှ နားတုံပင်နားတုံလျှင် မြူစုံပျော်ရွှင် ဟေဝန်တွင်၌ ထူပင်မကွဲ သားရင်သွေးကို ရင်ငွေ့လှုံကျင် မွေးမိခင်သည် တောင်လျှင်လှည့်ချုပ် အသာအုပ်၍ ပစ်ထုတ်စာရီ သီးမှည့်ချီ၍ ခွန်ဆီကြောင်းအင် ထိုကိုမြင်သော် လိုချင်တုံရှောင်း မောင်ကိုတောင်း၍ ရအောင်မနေး မေကိုပေး၍ မေထွေးသုဝဏ် ဝိပါတ်ကံကြောင့် ဖြစ်ပြန်မလွတ် ရှေးကံဝဋ်ဖြင့် ဖြစ်လတ်မြင်စွာ သားပုတ္တာလည်း ခုမှာသေဆုံး မိကိုမုန်း၍ အသုံးမရ ဤဘဝတွင် နှမပူဆာ ဖြစ်ခြင်းရာကို မင်းကျော်လောင်းလှ မြင်လေစွဟု တ,လေတရှု တကြူကြူလျှင် ဂျိုးဖြူမြည်တန်း ဖော်ကိုလွမ်း၍ ရွှန်းရွှန်းမျက်ရေ တောင်နန်း နေသည် ဖြေဆီမရ ပဋ္ဋုံနတ်လျှင် သွန်ချလူ့ရွာ နတ်ဒေဝါသို့ ဗျာပါကြေကွဲ ပူလောင်လဲ၍ လှိုင်ရွှေမြကုန်း သားလည်းတုံး၍ သေဆုံးလျှင်စွာ သေမင်းရွာသို့ သွားပါလေရ သူ့ဌာနဝယ် ဆွေစမမြင် သူ့တိုင်းခွင်မှာ မေလျှင်လုံးချည်း တစ်ယောက်တည်းဟု ဝမ်းနည်းတဆို ရိုက်ကာငိုသည်။ မင်းပျိုလာ၍ မြင်ပါလေးလား။ ။

(၂၆) မြင်ပါငြားက တစာစာလျှင် တောင်ညာဒေဝီ မဟေသီလည်း ငိုလေမစဲ သူ့ကျီထဲဝယ် ဆင်းရဲလည်းခံ ရှေးပရံက ဆုပန်ကြောင်းရင်း မကောင်းကျင်း၍ သားရင်းသေရှာ သူ့ပြည်ရွာတွင် ခန္ဓာစုတဲ သေမင်းခွဲသော် ဘလည်းမမြင် သူ့တိုင်းခွင်ဝယ် မေလျှင်ကိုချည်း တယော်တည်းဟု ကြေကွဲသည်းအူ မီးသို့ပူ၍ ဝီဆူဗျာပါ မိတောင်ညာက ရေစာမယူ တကြူကြူလျှင် သဲအူလည်းပြတ် ကြွေမတတ်သို့ ရှေးဝဋ်ကြမ္မာ သံသရာတွင် မေသာတစစ် လူအဖြစ်တွင် စိတ်မှတ်လည်း ထား မြတ်ဘုရားနှင့် တရားသံဃာ သူမြတ်စွာကို စိတ်မှာမသိ ကျိန်ဆဲမိ၍ ဖြစ်ဘိအမှန် ဝိပါက်ကံကို သုဝဏ်နှမ ခံပါ

ရဟု ရွှန်းကျပြစ်ယို ငိုလည်းငို၍ ရှေးဆိုစကား မဟုတ်ငြားမူ မုန်းထားစိတ်ဝင် သူ့သားလင်ကို မေလျှင်တထူး ခွင်းခဲ့ဘူး၍ ယခုလူ့ရွာ လူဖြစ်ပါလည်း ကြမ္မာလည်းလိုက် ဝဋ်လည်းဆိုက်၍ သားချစ်ဘခင် ငြယ်ကျွန်းဝင်နှင့် မေလျှင်နှမ တူမကျဘဲ သူ့အိမ်ထဲတွင် မေလျှင်ကံချော် မောင်နှင့်ကွာ၍ ဘယ်ရွာဌာနီ ဘယ်တိုင်းပြည်ဝယ် ရှိလေသည်ပ မသိရဟု တ,လဲတရှူ မောင်နန်းသူလျှင် စိတ်ပူကြေကွဲ သားပုလဲကြောင့် မစဲငိုကာ တစာစာလျှင် တောင်ညာနန်းနေ ငိုချင်းသွယ်၍ သားဝယ် ရင်သွဲ့ မိလိုင်ရွဲလျှင် ခုဝယ်မရှုင် ငါမိခငို မကြင်မချစ် စွန့်ခွာပိုက်၍ သားချစ်လျှင်စွာ သေမင်းရွာသို့ ပါသွားပါလေ ရှေးကံနည်း၍ ဆွေလည်းမမြင် သူ့တိုင်းခွင်က ဘခင်မတွေး လွန်ပူဆွေး၍ လှိုင်ရွဲရှေးကျိုး အလွန်ဆိုးသည်၊ သားဆိုးမိခင် ထဲဝမ်းဝင်ကြောင့် စိတ်တွင်ပူလောင် မိသည်းခေါင်ကို မင်းခေါင်ရေအေး သွန်းဖြန်းထည့်၍ ပူဆွေးဝမ်းတွင် သည်းကကြင် ၍ ငြိမ်းလျှင်ပါမည် ဝေးရပ်မြေက သက်ရှေအမှန် နှမထံသို့ ယာဉ်မြန်လွတ်လွတ် ပြန်ပါလတ်ဟု လှထွဋ်တောင်ညာ ငို၍ခေါ်သည်၊ မောင်တော် မကြားလေသလော။။

(၂၇) မကြားမောင်တော် သံထုတ်ဘော်၍ ညာပျော်ဒေဝီ ဆင်းနတ်ပြီလျှင် စုံစီကြောင်းစ ဖြစ်သမျှကို မေလှမနေ အောင်းမေ့ချေသော် ရှေးဝယ်မဆွ ပရံကဝယ် ဖြစ်ကြတုံလိုက် နှမစစ်က စိတ်နှစ်မရှင် ဟောဝန်ခွင်ဝယ် ပွင့်ကျင်များစွာ ပန်းတကာတွင် နော်ဇာချရား ပန်းစံကားနှင့် ဆပ်သောကြောင်စွယ် မျိုးဝေဝေနှင့် ငုံးရွှေခေါ် ဇီဇဝါသည် မာလာစိန်ပန်း ပွင့်အားမြန်း၍ ဒန်းနှင့်ကြက်ရုံး နမ်းမဆုံးသည် တောလုံးကြိုင်စွာ ပန်းကန့်ကော်နှင့် ရိုးညာသွယ်သွယ် တောအလယ်တွင် ပွင့်လေထူးဆန်း မီးကျောင်းပန်းနှင့် မွှေးလွန်ထူးဘွယ် ပန်းကြောင်စွယ်သည် စမွှါယ်ဖြူထွား ပန်းထင်ရှားတို့ ပွဲငြားမချွတ် အထပ်ထပ်လျှင် အချစ်တရာ အဝေယာနှင့် မျှားစွာမြတ်ကိုင်း ဒဝယ်မှိုင်းနှင့် ပင်တိုင်းအင်ရင်း ပန်းခပင်းတို့ ပွင့်ခြင်းစုံစီ ရက်ကိုမှီသည် နာရီမကြွင်း နံ့သင်းသင်းနှင့် များခြင်းစုံစီ ရက်ကိုမှီသည် နာရီမကြွင်း နံ့သင်းသင်းနှင့် များခြင်းစုံစီ ခပ်တရီတို့ မိုယ်းစီးနှင်းပန်း လွန်ထူးဆန်းသည် အခန့်သင့်လျော် လ,နတ္တော်ဝယ် ပွင့်စွာများဖျင် ပန်းသဇင်နှင့် ပန်းလျှင် မွှေးကြိုင်တောလုံးလှိုင်သည် ဂနိုင်တောဖျား ပန်းအများကို လှတောကိုင်လပ် လက်ဖြင့်ညွတ်၍ ဆွတ်၍ယူပြန် ဘုရားထံဝယ် လှူရန်မစင် ပန်းများဖျင်ကို ယခင်ရှေးက တင်ဘူးခ၍ ဘဝလူ့ရွာ လူဖြစ်ပါလည်း ကြမ္မာဝဋ်ဆစ် ရှေးကံ လိုက်၍ နေလိုက်စပါးကျီ သူ့ပိုင်ဆီတွင် မေလျှင်ကျွန်ဖြစ် ကြောင်းရင်းညစ်၍ လင်ချစ်နှင့်ကွာ တစာစာလျှင် ငိုကာမစဲ သားပုလဲကြောင့် လိုင်၍မိခင် ပူပင်သဲအူ တပူပူလျှင် နှစ်ပူထပ်ဆင့် လူ့ပြည်တွင်ဝယ် နေခြင်းမတော် ကြောင်းမလျော်ဟု တောင်ညာဒေဝီ လှအင်ညီသည် ဖြစ်လီကြောင်းစ သုဝဏ္ဏလျှင် ပုတ္တရတနာ သားသဲချာနှင့် ကွဲကွာရမေ ငိုချင်းသွယ်၍ ထွေထွေဖြာဖြာ အရာရာကို တောင်ညာလှထွဋ် လွမ်းစာဖတ်၍ မပြတ်ငိုကာ တစာစာလျှင် ပူဆာနှလုံး ကြိမ်မီးအုံးသို့ ဆုံးရမေပ ဤလောကတွင် နှမသဲချာ လင်မင်းကျော်နှင့် ကျွန်သာနှမ ဘယ်ကာလတွင် ပေါင်းရမယ်ကြောင်း လက်ဆယ် ချောင်းကို ဦးခေါင်းတင်ချီ အလီလီလျှင် ဒေဝီတွင်ငြား နတ်အများအား တိုင်ကြား၍ဆို ငိုလည်းငို၏၊ သားကိုချီလှမ်း လင်ကိုတမ်း၍ လွမ်း၍ပြည်ကို တမ်း၍ငိုသည်၊ မေပျိုမရောက်နိုင်တကား။ ။

(၂၈) မရောက်နိုင်ရာ မိထွဋ်ချာလျှင် သဲချာရင်သွေး သားပုလေးကို မိလည်းသံချို ငို၍ဆိုသည် အိုအိုသားမောင် လှတန်းဆောင်၊ သားမောင်ရွှေနား မိစကားကို ချစ်သားရွှေခဲ နာဘိသဲလော အူသဲဆွတ်ကြင် ကျေးဇူးတင်သည် သားရှင် အဘ ရိန္ဒမဟု ပေါက်ပြတန်ခိုး မင်းအမျိုးတည်း ဘိုးလည်းမင်းပင် မျိုးသဇင်သည် မိခင်နွယ်ရိုး သာကီမျိုးတည်း သက်ရှည် နောင်ခါ သားမင်းလျှာကို စဉ်လာမပျက် နန်းရိုးဆက်၍ အုပ်လျက်ဇိမေ စိတ်ကရေ၍ သားဝေသဲချာ ယခုမှာဝယ် ကြမ္မာဝဋ်ဆိုက် ရှေးကံညစ်၍ မိချစ်ကိုခွာ သားပုတ္တာလည်း ခုမှာမရှင် သေမင်းငင်သော် ပါကျင်လေစွ သားမွေးဘကို မိလှကြုံရာ မတတ်ပါဟု ငိုကာငိုကာ တစာစာလျှင် ပူဆာကြေကွဲ သားပုလဲကြောင့် အူသဲဆွတ်ကြင် တောင်နန်းရှင်သည် စိတ်တွင်လည်းလွတ် သေမတတ်သို့ လွမ်းဆွတ်သားကို ဖွဲ့၍ငိုသည် နဂိုရ်ဌာန ရွှေပြည်မတွင် ဖြစ်ရလေပြီး သားရင်းသီးကို မွေးမိဘခင် တင့်ကြောင်းဆင်၍ စုံလင်စေ့ကြောင်း ရွှေအလောင်းတွင် ရုပ်ပေါင်းလည်ရံ စိန်ပုံပန်းခက် ရောရှက်လည်းထိုး တင့်စနိုးအောင် အဘိုးသိန်းတန် ကောင်းမွန်လှစွာ ကတ္တီပါနှင့် ဖဲဝါသက္ကလပ် လိုင်ကြိုးတတ်၍ လျှောက်ပတ်တင့်တယ် မြင်သပ္ပါယ်အောင် ဆင်လေးတုံရှောင်း ရွှေအလောင်းကို တင့်ကြောင်းလည်းပြင် ရထားတင်၍ ထက်ခွင်ပြာသာဒ် ခေါင် လျော်တတ်၍ ဆင်လေတုံပြီး ရွှေလောင်းကြီးကို ငှက်စီးတုံပျံ သဂြိုဟ်ရန်နှင့် မကျန်စေရ အစစကို မွေးမိဘခင် လှအောင် ဆင်မှ ပျားဖျင်ပန်းပေါင်း ကြိုင်နံ့လောင်း၍ မွှေးပေါင်းစုံစွာ ပန်းတကာကို မိသာယူပြီး သားရင်းသည်းကို မွေးမိဘခင် တန်ဆာဆင်၍ မြင်အောင်တင့်တယ် မိသည်းနောင်ကို ယူဆောင်ပြီးလျှင် ရွှေလောင်းကြီးတွင် ထည့်ပြီးအမှန် မတ်ပေါင်းရံ လျက် တီးပြန်သောင်းသောင်း နာမညောင်းသည် ဗုံမောင်းခရာ ပစ္စင်ကာနှင့် သံသာမပြား ထိုငါးပါးကို တီးကြတုံရှောင်း

မြေကြီးစောင်းမျှ လူပေါင်းများစွာ မင်းတရာတို့ ညီညာအမှန် ငါ့သားထံဝယ် ဝန်းရံမကွာ ခြံရံပါသည် ဆရာအများ ပုဏ္ဏားရဟန်း လျှုံခံအစုံ ဝန်းအုံသီးသီး လူကြီးလူငယ် ပျော်ဖွယ်သောင်းသောင်း လူအပေါင်းတို့ ပွဲပေါင်းလည်းခံ မိသားထံ၌ သုသာန်မြေဝယ် သက်ဝေရင်သွေး သားပုလဲကို ခပဲလူပိုလ် များထိုထိုနှင့် သင်္ဂြိုဟ်ရမြဲ မှန်မလွဲဟု ဖြစ်လေကညစ် ဒါသီဖြစ်၍ မိချစ်ကြံရာ မတတ်ပါဟု ငိုကာငိုကာ မိသည်းချာသည် ခုမှာမရှင် သူ့ကျီတွင်ဝယ် အိပ်ကျင်သလား သားမောင်စောဟု မေဖွားခေါ်ကာ တစာစာကို သားမှာမကြား လွန်ပျော်ပါး၍ အိပ်ငြားနေဟန် နေကျီခန့်က သားမွန်ရွှေနား မကြားလောဟု ချိန်ငြားနေပြန် သားနန်းရံလည်း စကားမဆို သားဘညို့သည် နို့ကိုမစို့ သားနန်းကိုယ်ကို ချီပို့မိခင် ရင်ခွင်တင်၍ ပါးပြင်ကို နမ်း မျက်ရေရွှန်းနှင့် ဖက်စမ်းခါခါ သားသည်းချာ မျက်နှာလည်းဟပ် သားခြေကပ်၍ လွမ်းဆွတ်ကျူးကျော် မိခင်ခေါ်သည်။ ။ သေချာမကြားလေသလော။ ။

## သုဝဏ္ဏဂဗ္ဘ မိဖုယားသည် အားကိုမလျော့ဘဲ
## သားသေကို လွမ်း၍ နို့တိုက်စန်း

(၂၉) မကြားသေချာ မိခင်ခေါ်လေ့ သားတော်ဆိတ်ဆိတ် နေကျီရိပ်တွင် စက်မှိတ်အဟန် သားနန်းရံကို တဖန် ချီလျက် ဖျာဆိုးထက်က ယူလျက်အသာ ချီကာလက်တင် ရင်ခွင်ပေါ်ဝယ် တင်ကာမိချစ် နို့ကိုတစ်၍ စင်စစ်လည်းခေါ် သားနန်းလျာကြောင့် ပူဆာသည်းခေါင် ယခုတောင်လျှင် မီးလောင်သောနေ တောင်နန်းမေလျှင် ဖြေဆည်မရ သားမွေးဘ ကြောင့် မိလှပူဆာ ဖြစ်ခြင်းရာကို မြင်ပါလေလား ရှင်သိကြားအား တိုင်ကြား၍ဆို ငိုလည်းငို၍ ရွှန်းစိုမျက်ရေ ဆီးနှင်းရေ သို့ မွေးသည်မိခင် တောင်နန်းရှင်လျှင် ပူပင်ကြေကွဲ ဖြစ်သည်နဲကို သက်ခဲမောင်ပု မိကိုရှုလော ပြန့်ပြူးထွေထွေ သားအသေ ကို မိမေတောင်နန်း ကြိမ်ကြိမ်လွမ်း၍ နမ်း၍သားကို ဘက်ကာငိုသည် ခေါ်ဆိုတွင်လိုက် သီဝရာဇ်တွင် ဖြစ်ချေတပြီး သားရင်းသည်းကို ညီးညီများဖျင် တန်းဆာဆင်၍ တင့်လျှင်တင့်ကြောင်း ပန်းအပေါင်းနှင့် ထုံပေါင်းအကျော် မွှေးနံ့သာနှင့် စမွါယ်ကရက်မက် ကတိုးစွက်၍ လဘက်သင့်လျော် မွှေးများစွာကို မာတာမိခင် ယူကျင်တုံပြီး ကျောက်မှာသွေး၍ သူ့တွင်လိမ်းကျံ သားနန်းလျှာကို ပန်းမာရ်စုံစွာ အကုန်ပါ၍ ကြွေးကျော်တုံလိုက် အမြောက်ပိုက်၍ ထိပ်လန့်ကျစ်အူ သဲသဲဆူဗျာ ပန်းဖြူပန်းဝါ အစုံပါသည် အပြာအပြောက် ထပ်လျောက်မကျန် ကြံနှင့်ငှက်ပျော တပါးမကျန် စိုက်ပြန်တုံလေ သုသာန်မြေတွင် သက်ဝေရင်သွေး သားပုလေးကို လိုင်ရွှေးမိခင် ရင်ခွင်တင်၍ ပါးပြင်မှာဟပ် လွမ်းစာတတ်သည် လှထွင့် မေပျို ဖက်ကာငို၍ သံချိုနှေ့နှောင်း၊ စုဏ္ဏလောင်းသည်၊ သားကြောင်းမပြေ နိုင်တော့ဘူး။

**ပီယပုတ္တာ, တဒါ၊ ဒက္ခိနံ, အက္ခိနိမမ,တဒါ ဟဒယံဒါသီ၊ ဘဝံပအမှိကထံ၊ တဒါပိ၊ ပုတ္တတွံ၊ ကထံ,ကတာမိ။**

**တဒါ,ပီယပုတ္တာ၊ အိုချစ်လှစွာသောသား၊ မမ၊ ငါ၏၊ ဒက္ခိနံ အက္ခိနိ၊ လက်ယာမျက်စိနှင့်လည်း တူထသော၊ မမ၊ ငါ၏ဟာဒယံ၊ နှလုံးနှင့်လည်းတူထသော။ တဒါ, ပီယပုတ္တာ၊ အိုချစ်လှစွာသောသား၊ ဣဒါနိ၊ ယခုအခါ၌၊ ဒါသီတင်၊ ကျွန်အဖြစ်သို့ ရောက်သည်၊ အမှိဖြစ်၏။ ပုတ္တာ၊ အိုချစ်လှစွာသောသား၊ တွံ၊ သင့်ကို၊ ကထံကဟာမိ၊ ငါအသို့ကြံနိုင်အံ့နည်း။**

(၂၉) သားကြောင့် မပြေ စီးဖြစ်သွေနှင့် မိမေတောင်ညာ တစာစာလျှင် ဖက်ကာလည်းဟပ် လွမ်းစာတတ်၍ ငိုလတ်တုံပေ သားအသေကို မွေးသည်မိခင် ရင်ခွင်တင်၍ ပါးပြင်ကိုနမ်း မျက်ရေရွှန်းနှင့် တောင်နန်းမေပျို ဖွဲ့၍ငိုသည် သားညိုမျက်ရှု ဘသက်စု၊ ယခုမိခင် သားရွှေစင်ကို၊ ချစ်ခင်မဆုံး၊ မိနှလုံးနှင့် ပူနွှန်းထပ်တူ သားရေကျူကို ချစ်မူမပြတ် မိခင်ထွင့်၏ ရစ်ပတ်လက်ျာ မှန်စွာအင်္ဂ မိမျက်စိနှင့် ပုံရှိမှားရှင်း ချစ်ခြင်းအလွန် သားနန်းရံကို သုဝဏ်မိခင် တောင်နန်းရှင် လျှင် ပူပင်ခုဝယ် သည်းအူကြွယ်သို့ မိမေခုနော် သားရွှေလျော်ကို သေသောကမဲ့ ရှင်ကတွေ့ဟု မိဘတန်ထွာ ဓမ္မတာကို မိသာမလွတ် သားသည်းပွတ်ကို ရေရွှတ်တ,ဆို ငိုလည်းငို၍ ကြည်ညိုဆပွီး မိချစ်သားကို ကြောင်းလျှားကုန်စင် မွေးမိခင် သည် ဖြစ်ကျင်သမျှ အစစကို မိလှပြောမေ ရွှေနားတေလော ရွှေပြည်တွင်လိုက် သီဝရာဇ်ကို စိုးလိုက်ပိုင်ခြင်း မောင်ဘမင်း လျှင် မယွင်းကုသိုလ်ဒါနကိုလည်း ကြည်ညိုအားကြီး စိတ်ကဟီး၍ ဆော်ပြီးစရပ် လှူဝတ်မကျန် ပေးဟန်များစွာ ပြည်ရွာ ထီးနန်း သီးသီးများဖျင် ယာဉ်သာရထား ပုဏ္ဏားအားကို လှူငြားကုန်အောင် ငွေတထောင်နှင့် သားမောင်မိချစ် သူ့အိမ်၌ ဝယ် ကျွန်ဖြစ်တုံလာ ယခုမှာလျှင် ကြံရာမတတ် သားသည်ပွတ်ကြောင့် လှထောတောင်ညာ တကျော်ကျော်လျှင် ညဥ့်ခါ နံနက် မအိပ်စက်ဘဲ သူ့ကျီထဲတွင် ဝမ်းနည်းမကုန် မသေးပုံကို မီးအုံသောနဲ ပူလောင်ကွဲသို့ ခုဝယ်မိခင် သားရွှေစင်ကို

ရှင်ပါစေကြောင်း ပန်ထွာတောင်းလည်း သားကောင်းမရှင် မောင်ဘခင်လည်း မမြင့်ပါလာ ဝေးမြေတာက ရှေကြာလ မြောက် မောင်မရောက်သော် တစ်ယောက်မိခင် ချစ်ကျွမ်းဝင်သည် မေလျှင်အသက် ရှင်မည်ခက်၍ ပြစ်စက်စီးယို ငိုလည်းငို၍ သားကိုလဲဘက် မျက်ရေစက်နှင့် စစ်စက်ခေါ်ကာ မိတောင်ညာက ရေစာမယူ ဂျိုးမ,ကြုသို့ ဝီဆင်ဗျာပါ တစာစာလျှင် နေရာကျီထည်းလွန်ပူဆွေးသည်၊ ။ ဝမ်းနည်းမကုန်နိုင်တကား။

## သုဝဏ္ဏဂဗ္ဘာမိဖုရားသည် သေသောသားယော်၌ လွမ်း၍ငိုကြွေးနေသည်ကို သူဌေးနှင့် သူဌေးမ ဆဲဆို ငေါက်ငန်းစန်း

(၃၀) ဝမ်းနည်းမကုန် သို့ဖြစ်တုံဟု ငိုတုံပြန်ရ သုဝဏ္ဏ၏ ဂဗ္ဘာတွင်ညီ နတ်ဆင်ပြီသည် ဒေဝီတွင်ငြား မိဖုရားလျှင် ဖွံ့ငြားသာကြည် တိုင်းရွှေပြည်၏ သာကြည်ထူးဆန်း အခန်းခန်းကို ထွက်စန်း၍သာ အရာရာနှင့် မှန်စွာတုံပေ အထွေထွေကို ဆင်ခြေနှင့်ထောက် ငိုခြင်းကောက်၍ တစ်ယောက်တည်းသာ တစာစာလျှင် မာတာတောင်နန်း ကြိမ်ကြိမ်လွမ်း၍ မခန်းမျက်ရေ နှင်းမိုယ်းစွေသို့ ငိုလေမြည်တမ်း ဤကြောင်းလမ်းကို ပိုင်ခန်းအရှင် သူဌေးလျှင်လည်း မကြာခဏ မယ် ပြည့်ဝဟု ကြောင်းစသိရ ငါ့ကျီထဲတွင် ဝမ်းနည်းစရာ တစာစာသည် သူငါကာစ မအိပ်ရဘဲ ညဥ့်မှောင်ထဲတွင် တင်းရဲစွာကား ရမယ်လားဟု မေးငြားဆဲဆို နင်ခုငိုသည် ကျွန်လိုမတန် အကျင့်လွန်သည် မကျန်ပြည်ရွာ တို့ကိုသာလျှင် ရှာရှာဖွေဖွေ ငိုချင်းသွယ်၍ နင်ဝယ်ထူးဆန်း နှုတ်သရမ်းသည် ပြည့်မတွင်ညီ ဟေဒါသီ၊ ကြောင်းဤစကား ငါ့ကိုပြောဟု မေးငြားလေလျှင် အိုအရှင်၊ ကျွန်လျှင်မှန်လှ၊ အိမ်ပြည့်ဝတွင် စွဲထပငိုသံ ရင့်ကိုယ်ဝန်သည် အမှန်တွက်စစ် ဆယ်လဖြစ်၍ ဖွားလိုက်တုံပေ သားအသေကြောင့် ခုဝယ်ကျွန်မ ငိုပါရဟု မြွက်ဟနှုတ်ချီ စပါးကျီက ဒေဝီစကား ရှင်ကိုပြောသော် ဒေါသမာန်ဝင် သူဌေးရှင်လည်း ကြားလျှင်ဆိုထ ဟေ့ ကျွန်မ၊ ညာလေမိုက်မှောင် လျှပ်စိမ်းရောင်နှင့် ဝါခေါင်လကွယ် ချိန်ခေါင်ဝယ်တွင် စနေရက် ယနေ့စစ်ဟု နင်နှင့်ဖွားထွေ သားအသေကို မနေလျှင်ဆွ သင်းချိုင်းဝသို့ ရောက်အောင်ပို့လေ ရှပ်ကစေသော် မနေတုံရ သုဝဏ္ဏဟု နာမတွင်ညီ တောင်နန်းနီလျှင် ငိုလီပြစ်စက် သားကိုဖက်၍ ညဥ့်နက်သန်းခေါင် ကျီးမိုက်မှောင်တွင် သားကောင်ချီလျက် ကျီးကသက်သည်။ မိုက်လျက်ညဥ့်နက် သန်းခေါင်တည်း။ ။

## သုဝဏ္ဏဂဗ္ဘာ မိဖုရားသည် သုသာန်မြေသို့ သားသေကို ပို့ရန် မြို့တံခါးသို့ ထွက်သွားစန်း

(၃၁) ညဥ့်နက်သန်းခေါင် ကျီးမိုက်မှောင်နှင့် လျှပ်ရောင်ထွန်းမြူ မိုယ်းဥတုတွင် ချမ်းပြုပြင်းထန် လေလည်းလွန်၍၊ ရှာပြန်စေတတ် ပဇ္ဇုံနတ်လျှင် စက်မြတ်ဟတ္ထာ စေခိုင်းကာဖြင့် ထိုခါမနေ သမုဒ်ရေကို ပိုက်လေဝိုင်းငင် စက်နှင့်တင်၍ ကောင်းကင်ညှိုးမှိုင်း တိမ်ညိုဆိုင်းသည် လေလှိုင်းခပ်ကာ မိုယ်းပြင်းရွာသော် ထိုခါမိဖုရား မွေးသည်သားကို ချီငြားယူလျက် ကျီးကသက်သော် ကြောက်မက်စရာ မိမာတာလျှင် လမ်းသာမသိ မှောင်တိတိတွင် ကြီးဘိမိုယ်းပေါက် တဖြောက်ဖြောက်နှင့် တောင်မြောက်မမြင် တောင်နန်းရှင်သည် ပူပင်ပြောင်းသန်း မြို့၌လမ်းကို အမှန်မသိ ကြက်ကန်းမိသို့ မွေးမိတောင်ညာ တစာစာနှင့် ငိုကာငိုကာ သားပုတ္တာကို တောင်ညာဒေဝီ ခါးဆစ်ချီ၍ သွားလီအမှန် မြောက်ဒွါရံသို့ တောင်စံလှထွဋ် အသာကပ်၍ ငိုလတ်ကြိုကြို တောင်းပန်ဆိုသည် အိုအိုဘခင် တံခါးရှင်၊ ခုရှင်လှတ်ပါ၊ ကျွန်ုပ်မမှာ ဝမ်းမှာလွယ်ဘွား သီးလားသို့ ထောက်ထားမျှော်ရှု စာနာပြုသော် ယခုဘခင် စောင့်ကျင်တုံငြား မြို့တံခါးကို လှပ်ထားပေးပါ တစာစာလျှင် ငိုကာငိုကာ ဆိုသောခါ၌ နားမှာလည်းကြား ထိုယောကျ်ားလျှင် ထငြားတုံလတ် စကားကပ်သော် မအပ်မရာ ညဥ့်အခါတွင် ရောက်အာတုံငြား မြို့တံခါးကို ဖွင့်ထားတုံလို နှုတ်သံချိုနှင့် ငါ့ကိုတောင်းပန် သနားခံသည်။ သက်နှံ့ရင်သီး ချစ်သွီး။

(၃၂) ကြောင်းရှိစကား ငါ့ကိုပြောဟု မေးငြားတုံလျှင် တောင်နန်းရှင်သည် ကုန်စင်မကျန် ဆိုတုံပြန်၏ အလွန်ကြီးဘိ ကျေးဇူးရှိသည် မွေးမိအရှင် ကျွန့်ဘခင်၊ ခုလျှင်ကျွန်မှာ သားပုတ္တာကို မှန်စွာပွားလိုက် သားသေဖြစ်ကို ခုပစ်ရမယ် ရှင်ကစေ၍ မနေတုံရ လွမ်းဗျာယနှင့် မွေးဘထံမှောက် ယခုရောံဟု ထပ်လျှောက်၍သာ ကျွန်တော်မကို မေတ္တာ

သွယ်ဆောင် ပြင်ရောက်အောင်ကို ကြံဆောင်မွေးဘ ဆိုလေမှုလျှင် မရအခွင့် မသင့်မလျော် ညဥ့်အခါတွင် မြဲစွာပိတ်ထား မြို့တံခါးကို ဖွင့်ငြားတုံဘိ မင်းကြီးသိသော် ပြင်းဘိမျက်မာန် ရာဇာဒါဏ်ကို အမှန်မလွတ် ခံရတတ်ဟု မချွတ်ဆိုငြား မင်းစကားကို ကြီးသောအမျိုး စက်မိုယ်းကြိုးသို့ ပျက်ရိုးမရှိ မှန်လှဘိဟု မွေးမိငါအား ဤတံခါးကို ဖွင့်ထားစေကြောင်း လာ၍တောင်းလည်း အကြောင်းမဆိုင် မပေးနိုင်တည်း မူဆိုင်အရဲ လွတ်နိုင်ခဲဟု ကြောင်းရဲခြင်းရာ အဖြာဖြာကို တောင်ညာထွင့်ထား မိဖုရားအား စကားလည်းဆို ပုံပြလို၍ မိန့်ဆိုစကား ဤသို့ပြောသည်။ ဖြစ်ငြားရှေးက ထုံးပုံတည်း။

## မြောက်တံခါးမှူးပြောသော
## မင်းသားနှင့် သိန်းငှက်ပုံ အကြောင်း

(၃၃) ရှေးကထုံးပုံ ကြောင်းလုံးစုံကို ပြောတုံလိုငြား တံခါးသားလျှင် စကားသာယာ ဆိုသောခါ၌ တောင်ညာထွင့်ထား မိဖုရားက တန့်နားထိုတွင် သားရွှေစင်ကို ချလျှင်တုံပေ ဘုမ္မိမြေ၌ မွေးသည်မိလှ နေပြီးမှလျှင် ပြောပြတုံပေ အပုံသက်သေကို ထိုဝယ်ယောကျ်ား တံခါးသားလျှင် စကားသံချို ဘော်ပြဆိုသည် အိုအိုသွီး နားလျှင်စိန်လော၊ ဖြစ်ပြီးရှေးခါ၊ သညာတွင်ပေ ဣန္ဒပြည်တွင် နေသည်မင်းသား တယောက်အားလျှင် မွေးစားလည်းပြု သိန်းတစ်ခုနှင့် ရွှင်မြူးပျော်ပါး တောကစား၍ နေငြားအမှန် တောဟေဝန်တွင် ဂိမှန်ကာလ ပူပြင်းစွာဟု မွတ်ထရေမိုး သော်ချင်နိုး၍ မြောင်းရိုးသို့ဝင် ရဂုံခွင်ဝယ် ရှာလျှင်လှည့်ပါတ် ကြည့်ရှုလတ်သော် ရလတ်မှန်စွာ ကျော်အိုင်ပေါ်တွင် ရှိပါးဥဒကံ ဆိပ်ရေမှန်ကို သော်ပြန် ရာမှု မင်းသားပြုသော် သိမှုလိမ္မာ သိန်းကလာ၍ လျှင်စွာလွတ်လွတ် တောင်ဖြင့်ခပ်သော် လက်လွတ်ရေကျ မသောက်ရဟု ဒေါသမျက်ဝင် သိန်းကိုပင်လျှင် ခုပင်မထား ထိုမင်းသားသည် ဘမ်းငြားတုံလတ် သိန်းကိုသတ်သော် သက်ပြတ်ထိုဝေ ခန္ဓာကြွေ၍ သိန်းဝယ်အသက် ပျက်သည်ကိုပင် မင်းသားမြင်သော် ထိုတွင်စဉ်းစား သတိထား၍ ကြောင်းလျှားသိလို မင်းသားပျိုလျှင် ရေကိုမသော် စိတ်မာန်ပေါက်၍ တောင်မြော်ကြည့်ကာ မြောင်းဖျားညာသို့ ထိုခါမင်းသား သွားလေတုံဘိ ကြည့်သည်ရှိသော် ကြီးဘိတုံပေ တကောင်မြွေကို သေသည်အမှန် ဆိပ်ရေဝှန်၍ ကျပြန်နေငြား ခြင်းရာများကို မင်းသား တစိ မြင်လေဘိသော် ကြက်သိန်းလည်းထ ငါမှားစွဟု ဖြစ်ထတုံလေ ဤဆိပ်ရေကို အကယ်မချွတ် ငါသောက်လတ်သော် သက်ပြတ်ခန္ဓအါ ခုမကြာလျှင် စဉ်ကွာအချက် သေမယ်ချက် သိလျက်သိန်းငယ် ခပ်ပိုက်သည်ဟု ကြောင်းဝယ်သိရ သိန်းကိုတ၍ မရအလျှင် ထိုလုလင်သည် နောက်လျှင်နောင်တ ရှိလေရသို့ မုက္ခမှန်စွာ ယခုငါသည် မြဲစွာပိတ်ထား မြို့တံခါးကို လှပ်ထားသဖြင့် မပြုသင့်တည်း အခွင့်မလျှော်ပြုချေသော်လျှင် ယမ်းပေါ်မီးကျ ပမာဏသို့ ကြီးထမင်းမာန် ရာဇာဒါဏ်ကို အမှန်မချွတ် ပေးတုံလတ်သော် မလွန်နိုင်ရာ သိန်းပုံမှာသို့ မှန်စွာမုက္ခ ဖြစ်မည်ပါဟု တဒါရင်သွေး ချစ်သွီးလေး၊ ထွက်ပြီးရအောင် တံခါးတောင်းလည်း စကားချိုသာ ချစ်မေတ္တာနှင့်၊ တောင်ညာထွင့်ထား မိဖုရားကို ပြောငြား တုံပေ တံခါးသည်လျှင် ဆိုထွေစကား နား၍ကြားသော် စိတ်ထားမရွှင် တောင်နန်းရှင်သည် ယူကျင်ကောက်ထွေ သား အသေကို မိမယ်လည်းဖက် အသာရွက်၍ ငိုလျက်မိခင် သွားလေကျင်သော် ရွာလျင်ထိန်ကြိုး ပဖွဲ့မိုယ်းလည်း ဖြိုးဖြိုးရွာ လျက် နတ်တို့စက်လည်း လင်းလျက်ရောင်ဖြာ မိုယ်းအခါတွင် လမ်းသာမရ ညဥ့်ကာလ၌ သွားထမယင် မွေးမိခင်သည် စိတ်တွင်ပူဆွေး အချမ်းသေး၍ ဝတ်လဲစရာ ကိုယ်မှာမဟီး မိုယ်းပေါက်စီးလျက် ဆံဖြီးဖားရား ရူးသောလားသို့ မိဖုရားမြတ် တောင်နန်းထွင့်လျှင် လွမ်းဆွတ်ပူပင် သွားလေလျှင်သော် ရှေးခွင်တံခါး ရောက်ငြားအမှန် မေသုဝဏ်လျှင် တဖန်ချည်းကပ် အသာဟပ်၍ ငိုလတ်ကြိုးကြိုး တောင်းပန်ဆိုသည် မြို့ကိုမပြတ် အရှင်ဝတ်ကို မလတ်အောင်ပြု တံခါးမှူဟု တတ်မှုပညာ အဖြာဖြာကို လိမ္မာပြွန်းဘိ ရဲသတ္တိနှင့် စောင့်ဘိနေလျှင် မောင်လုလင်၊ ကျွန်လျှင်နှမ မြေပြည့်ဝတွင် ဖွားထမှန်ပေ သားအသေကို လကွယ်ဖြစ်လျက် စနေရက်တွင် ခုပင်မထား နင်၏သားကို ပိုက်ငြားရမယ် ရှင်ကစေ၍ မနေတုံရကြီး ဗျာယနှင့် မောင်လှထံမှော် နှမရောက်ဟု စောင့်ရှော်မေတ္တာ ကျွန်တော်မကို စိတ်မှာမပြား တဝမ်းဖွားသို့ ထောက်ထား မျှော်ရှု စာနာပြု၍ ယခုမောင်ဘွား ဤတံခါးကို ဖွင့်ထားပေးကြောင်း လက်ဆယ်ချောင်းကို ဦးခေါင်းတင်ချီ အဥ္စလီဖြင့် ဒေဝီရကြောင်း ငိုလို့တောင်းသည်။ မကောင်းစိတ်ထား မာန်ဝင်တည်း။ ။

## အရှေ့ဘက်မျက်နှာ တံခါးမှူးနှင့် မြွေပါပုံအစန်း

(၃၄) စိတ်ထားမာန်ဝင် ထိုလုလင်သည် ပြောလျှင်စကား မိဖုရား၏ ကြောင်းလျှားမကျန် ဆိုသောဟန်ကို နားခံခဏ ကြားလေရသော် ဒေါသမာန်ဝင် တံခါးရှင်လျှင် စိတ်တွင်လည်းညစ် ဆဲဆိုလိုက်သော ကျွန်ဖြစ်သွီး၊ ညဥ့်မှောင်ကြီးတွင် ထွက်ပြန်ရကြောင်း တံခါးတောင်းလည်း အကြောင်းမလျှော် ခွင့်မတော်ဟု ဆိုသော်စကား ဒေဝီကြားသော် ကျပြားမျက်ရည် သားအသေကို မိပယ်ဘယ်လက် အသာဖက်၍ ညာလက်မျက်ရည် သုတ်ကာနေ၏၊ ထိုဝယ်ယောကျ်ား တံခါးသားလည်း စကားပြောလို ဤသို့ဆို၏။ အိုအို ကျွန်မ မေပြည့်ဝဟု ကြောင်းစမှတ်လေ ငါပုံသွယ်အံ့ ဆိုလေစကား ဒေဝီကြားသော် တန့်နားထိုတွင် သားရွှေစင်ကို ချလျှင်ထိုဝယ် နေရလေ၏။ ဆိုလေမှန်စွာ ရှေ့သောခါဝယ် ခဝါသမား လင်မယားတွင် မွေးစားတုံပေ သတ္တဝေတွင် မြွေပါတစ်ခု သားထိန်းပြု၍ ယခုသူငယ် ကစားစေဟု ဖျဉ်းဝယ်အပြည့် ရေလျှင်ထည့်၍ စောင့်၍မြွေပါ နေလိုက်သော်လျှင် ထိုခါလင်မယား မြစ်သို့သွား၍ ရောက်ငြားတုံလတ် ခဝါဖွတ်၍ မချွတ်ထိုဝယ် နေကြလေ၏။ ထိုဝယ်အခါ လမှာဂမ့် ပူပြင်းထန်၍ ရေမှမရှိ ဖြစ်လတ်ဘိ၍ များဘိတိရိစ္ဆာန် မြွေများစွာတို့ ရေသာငတ်လှ မသောက်ရ၍ ထိုမှာဤမှာ သွား၍ရှာသော် ရောက်လာအမှန် မြွေပါထံဝယ် သောက်ပါရကြောင်း ဆိုတုံရှောင်းသော် မြွေပေါင်းရာဇာ ထိုမြွေပါလည်း ခြင်းရာစကား ငါရှင်သားသည် ကစားနေရာ ရေဖျဉ်းသာတွင် သောက်ပါသဖြင့် မပြုသင့်တည်း အခွင့်မလျှော် သောက်ချေသော်လျှင် မိုက်စွာသူငယ် တိုက်မိချေသော် ကြီးထွေအမျက် ပြင်သို့ထွက်၍ ကိုက်လျက်မိထွေ သူငယ်သေသော် ငါ့ဝယ်ဥပါဒ် ဖြစ်မလွတ်ဟု ဆိုလတ်စကား မြွေပါပြောသော် သောက်ရခြင်းရာ မြွေများစွာတို့ သစ္စာထားလို ဤသို့ဆိုသည် အိုအိုအဆွေ မြွေပါငယ်၊ ခုဝယ်စကား ငါတို့ပြောအံ့ သောက်ငြားလှုစေ ဤသူငယ်ကို တို့ဝယ်တစု ရန်မပြုတည်း ယခုအကယ်၊ ကိုက်သတ်စေလျှင် အဆွေမြွေပါ တို့ကိုသာလျှင် ခုန်ကာကျော်မှတ် ပြုတုံလတ်သော် ပြတ်ပေမှန်စွာ ကျွန်တို့မှာလျှင် ကိုယ်သာမလွတ် သုံးပိုင်းပြတ်၍ လွတ်လွတ်မနေ သေပါစေဟု ဆိုလေစကား သစ္စာထားသော် သော်ငြားရဟု အခွင့်ပြု၍ ရုံးစုများစွာ မြွေတကာတို့ ဝမ်းသာအားရ သောက်ကုန်ကြသည် ခဏမနေ သောက်ရချေသော် မြွေပေါင်းများစွာ ထိုအခါသည် သောက်ရလည်းဖြစ် နောက်ဆုံး၌ဝယ် ရောက်လတ်တုံပေ တကောင်မြွေသည် ရောက်ပေလျှင်ပြန် မြွေပါထံဝယ် သောက်ပြန်ရကြောင်း ဆိုတုံရှောင်းသော် အကြောင်းဖွယ်ရှာ ဆိုခြင်းရာကား သင့်မှာမြွေပွေး ဝန်တိုသေး၏၊ ဆိပ်ငွေ့ပြင်းထန် ဒေါသမာန်နှင့် ကိုက်ပြန်လေငြား ငါ့ရှင်သားသည် သေငြားမချွတ် ဖြစ်မည်မှတ်ဟု ဆိုလတ်စကား မြွေပါပြောသော် စကားမှန်စွာ ထိုမြွေပါအား ရှေးကမြွေများ သစ္စာထားသို့ ဖြစ်ငြားပါစေ ဆိုတုံပေက သောက်ပေခွင့်ရ ဆိုလေမှတည်း လျှင်ဆွမနေ ထိုမြွေပွေးလျှင် သောက်နေတုံရရေ ရေဖျဉ်းဝတွင် ရှိသသူငယ် နင်းမိလေ၍ ကိုင်ထွေအမြဲ မြွေမြီးဆွဲသော် ဆိပ်ငွေ့ပြင်းထန် ဒေါသမာန်နှင့် ကိုက်ပြန်တုံထွေ သူငယ်သေသော် မြင်လေမြွေပါ ထိုရောခါတွင် ဟစ်အော်ကျော်မှတ် ပြုတုံလတ်သော် ထားလတ်မှန်စွာ ကျိန်သစ္စာကြောင့် ထိုခါမနေ မြွေကြီးသေသော် မနေဆွလျှင် တောသို့ဝင်၍ သူငယ်ရှင်ကြောင်း ဆေးမြစ်ကောင်းကို ရကြောင်းကြံလတ် သွားနှင့်ဖြတ်၍ ယူလတ်အမှန် အရှင်ထံသို့ လျှင်မြန်သွားမြောက် မြွေပါရောက်သော် ဖွတ်၍လည်းနေ ခပါသည်လည်း စိတ်ဝယ်မာန်ပါ နင့်ကိုသာလျှင် သားမှာစောင့်နေ ထားခဲ့ပေ၍ ခုဝယ်အမှန် ငါတို့ထံသို့ ရောက်ပြန်လာငြား ငါတို့သာကို ပိုက်ထားတုံဘိ နင်မိုက်ဘိဟု ကြီးဘိမျက်မာန် လွန်ပြင်းထန်၍ ကော်ပြန်ယူလတ် တုတ်နှင့်သတ်သော် သက်ပြတ်ထိုဝယ် မြွေပါသေ၏၊ ကြောင်းဝယ်တစိ တို့၌ရှိဟု သတိရခါ အိမ်သို့လာ၍ ကြည့်ကာမြင်လေ သားသူငယ်ကို မွေးသည်မိခင် သေကိုမြင်သော် ခုလျှင်မချွတ် မြွေကိုက်သတ်ဟု လွမ်းဆွတ်ပူပြင် မွေးမိခင်သည် ဆိုလျှင်စကား ငယ်လင်အားကို မှာထားတုံပေ ရေဆိပ်ဝယ်သို့ သွားလေအမြန် သေပြန်၍နေ မြွေပါငယ်တွင် မုက္ခေမှန်လှ ခံတွင်းမှလျှင် ဆေးမြစ်ပင်ဟု စိတ်တွင်တစိ ငါမှတ်ဘိ၍ သွားလေမကြာ ယူ၍လာဟု ထိုခါမယား ဆိုလေငြားသော် လျှင်လျှင်သွားမြောက် ရေဆိပ်ရောက်သော် ကောက်၍ယူပြန် အိမ်သို့ပြန်၍ သက်နှံမျောက်သား ငယ်မယားကို ပေငြားတုံပြီး ကျောက်တွင်သွေး၍ သုပ်ပြီးလိမ်းကျံ သားသက်နှံကို မိမွန်ဘခင် ရှစ်စေချင်၍ ပြုပြင်လေရ ဆိပ်ဟိန့်ကျ၍ ရှင်ထသူငယ် ကြောင်းဖြစ်ထွေကို မြင်လေမိဘ အားပါးကျ၍ စကားနှောင်ဖန် ဆိုပြန်လေရ တို့မှားစွဟု တ,လဲတကာ ထိုမြွေပါကို ထိုခါ ယောကျ်ား ခဝါသားလျှင် တောင်တမကုန် သို့ရှိတုံဟု ထုံးပုံသက်သေ ဥပဒေကို ငါဝယ်သိရ ဟယ်ကျွန်မ၊ မရအခွင့်မိုယ်းမလင်းဘဲ ညဥ့်မှောင်ထဲတွင် ဖွင့်ရဲအခွင့် မပြုသင့်ပေတည်း စောင့်ခြင်းမှန်စွာ ယခုခါသည် မြဲစွာပိတ်ထား မြို့တံခါးကို ဖွင့်ငြားလေပြီး မင်းကြီးသိသော် ကြီးဘိမျက်မာန် ရာဇဒါဏ်ကို ဧကံမလွတ် ခံရတတ်ဟု မချွတ်ငါဝယ် ခဝါသည်သို့ ဖြစ်လေကြောင်းစ နှောင်လျှင်တလည်း

ရအံ့ဘယ်မှာ မဖြစ်ရာသို့ မှန်စွာမလွတ် ခံရတတ်ဟု ဆိုလတ်စကား ထိုယောက်ျားလျှင် လွတ်ငြားအမှန် တောင်ဒွါရံသို့ တဖန်ရောက်ကြောင်း ဆိုတုံရှောင်းသည်။ ။ သားကြောင့် မရှင်နိုင်တော့ဘူး။

(၃၅) သားကြောင့် မရှင် တောင်နန်းရှင်သည် သွားကျင်လေရ ညဥ့်ကာလတွင် သွန်ကျပြည့်စုံ မိုယ်းဝသုန်လျှင် လေဟုန်လည်းတိုး ထိန်းရစ်ကြိုး၍ ဖြိုးဖြိုးမှန်စွာ ညဥ့်လုံးရွာသော် ထိုခါမိဖုရား မွေးသည်သားကို ချီးငြားလျှင်စွာ သွားလေပါသော် လမ်းသာမရ သုံးဗိုလ်ကျတွင် စွတ်ထမြေပြင် ကြောင်းမမြင်၍ ရေလျှင်လည်းရှိ ညဥ့်မှောင်တိတွင် နာကြင်စုပ်ပဲ့ သွေးရဲရဲနှင့် လှိုင်ရွှေမိခင် ညဥ့်မှောင်တွင်၌ သားရှင်လက်လွတ် ကြံမတတ်ဟု ရင်ဘတ်သတ်ကာ တစာစာနှင့် တောင်ညာနန်းရှင် ငါဖြစ်အင်ကို ငယ်လင်မင်းလှ မြင်လေစွဟု တ,လဲတဆို ငိုလည်းငို၍ လင်ကိုလည်းတမ်း ပြည်ကိုလွမ်း၍ ရွှန်းရွှန်းမျက်ရေ နှင်းမိုယ်းစွေသို့ တောင်နေသခင် ပူပင်၍ပေ သားအသေကို ကော်တွေချီလျက် အသာရွက်၍ သုတ်လျက်မျက်ရေ သွားပြန်လေသော် ရော်လေအမှန် တောင်ဒွါရံသို့ သုဝဏ်လှည့်ပတ် အသာကပ်၍ဖွင့်လတ်အကြောင်း တံခါးတောင်းသော် မောင်ကောင်းအဘ ဦးရီး စသည် ဖြစ်ရမှန်ပြီ ပမာနီးသို့ သို့မ်ပမာ ကျွန်တော်မကို မေတ္တာထော်ရှု စာနာပြု၍ ယခုမောင်ဘွား ဤတံခါးကို ဖွင့်ငြားရလို့ နှုတ်သံချိုနှင့် ငိုကာငိုကာ ဆိုသောခါလျှင် နားမှာလည်းကြား တံခါးသားလည်း ကြောင်းလျားသိလို ဤသို့ဆိုသည် ငါ့ကိုတောင်းပန် သုံးဗိုလ်ယံတွင် ရော်ပြန်မိန်းမ နှုတ်သံမြနှင့် ဖွင့်ထအကြောင်း တံခါးတောင်းသည် အကြောင်းတစ် ဘယ်သို့ရှိဟု ဆိုဘိစကား ဒေဝီကြားသော် စကားမကျန် ဆိုတုံပြန်သည် အကျွန်နှမ မေပြည့်ဝတွင် ဖွားထတုံပေ သားအသေကို မနေစေရ ဝါခေါင်လဟု မှန်ထတုံပေ ရက်စနေတွ်င လကွယ်လည်းဖြစ် မနေထိုက်ဟု ခုပိုက်ရမေ ရှင်ကစေ၍ မနေ်တုရ ကျွန်နှမလျှင် ပို့ရတော့မည် သုဿန်မြေသို့ ခုယ်ဝအမောင် ရေလည်အောင်ကို ကြံဆောင်မွေးဘ ပေးပါမှတည်း ထွက်ရအကြောင်း ဆိုတုံရှောင်းသော် အကြောင်းမတော် ညဥ့်အခါလျှင် ရာဇာပိုင်ငြား မြို့တံခါးကို ဖွင့်ငြားမလျှော် ကြောင်းမတော်ဟု ရှေးခါစကား ငါပုံပြောအံ့ ဆိုငြားလေက တောင်နန်းရလည်း ခဏထိုဝယ် နေရလေ၏။ ထိုသည်ယောက်ျား တံခါးသားလည်း စကားမိပွါယ် ပုံဖြင့်သွယ်သည်၊ မှတ်လေနှမ ရှေးခါတည်း။

## သုဝဏ္ဏဂဗ္ဘာ မိဖုရား တောင်တံခါးသို့ရောက်၍ ပြောပြသော အမ္ဗဋ္ဌရ သရက်သီးနှင့် ကျေးငယ်ဝတ္ထုအခန်း

(၃၆) ရှေးခါမှတ်လေ ငါပုံသွယ်အံ့ မှတ်လေသားမိ နားလျှင်စိမ့်လော ဖြစ်ပြီးရှေးခါ သညာတွင်မည် ဣန္ဒာပြည်ကို စိုးသည်တုံငြား မင်းတစ်ပါး၏ မွေးစားလည်းပြု ကျေးတစ်ခုလျှင် လူမှုလိမ္မာ သိတတ်စွာသား အခါတစ်ပါး ထိုကျေးသားလျှင် အများကျေးတကာ ဖော်များစွာတို့ မကြာသွားလျှင် ဟေဝန်ခွင်သို့ သွားလျှင်အကြောင်း မြင်တုံရှောင်းသော် မင်းကောင်းထံပါး ထိုကျေးသားလျှင် လျှင်လျှင်သွားမြောက် ဤသို့လျှောက်သည် ဘုန်းတောက်အထွဋ် အရှင်မြတ်၊ ခွင့်လွှတ်အမှန် ကျွန်ုပ်ကျွန်လျှင် ဟေဝန်တောခွင် ဖော်များဖျင်နှင့် သွားချင်လိုကြောင်း ပန်းထော်တောင်းသော် မင်းကောင်းခွင့်ရ ကျေးသုဝလည်း ရှင်ပဝမ်းသာ ဖော်များစွာနှင့် ထိုခါမနေ ပျံတုံလေသည်။ တောဟေဝန္တာ ရောက်သောခါလျှင် ပျော်ပျော်ပါးပါး သစ်သီးစား၍ နေငြားအမှန် ခါတရံတွင် ကျေးမွန်သုဝ မဒရလည်း စိတ်ကတဖန် ဤသို့ကြံ၏။ ငါပြန်သွားမြောက် ငါ့ရှင်ရောက်က ဘုန်းတောက်မင်းကျော် ဘုန်းဆောင်ရသာ ဖွေရှာတုံပြီး သရက်သီးကို ရှာပြီးငါသည် သွားရစေဟု စိတ်ဝယ်မှတ်ထင် ဟေဝန်ခွင်သို့ ပျံကျင်လှည့်ပတ် ရှာတုံလတ်သော် ရလတ်ထိုခါ မွှေးကြိုင်စွာသား ရသာကောင်းပြီး သရက်သီးလျှင် စုပ်လေတုံပြီး ထိုသစ်သီးကို ကျေးထီးမြဝါ ချီ၍လာသော် ပြည်ကော်နဂရကျော်ပေါက်ပြသည် နာမတွင်ပေ ဣန္ဒာပြည်သို့ မနေထုတ်ချောက် ကျေးသားရောက်သော် ဝမ်းမြောက်ဝမ်းသာ မင်းရာဇာအား မွေးစားတုံပြီး မေဇူသီးကို ယူပြီးတုံလျက် မင်းကိုဆက်သော် နှစ်သက်၍ပင် ရွှေပြည်ရှင်လည်း သိချင်ကြောင်းရေး ကျေးကိုမေးသော် ရွှေကျေးမြဝါ ဟေဝန္တာက ဆောင်ကာယူပြီး ဤသစ်သီးကို စားပြီးတုံမျိုကြောင်း ဤသို့လျှင် မဆိုပြုသော် သိမှုလိမ္မာ ကျေးမြဝါလည်း ခြင်းရာမကျန် လျှောက်လေပြန်သည် ဗိမာန်နန်းရှင် ကျွန့်သခင်၊ ကျွန်လျှင်ယူပြီး သရက်သီးကို စားပြီးတုံထွေ သက်ကိုးဆယ်လျှင် အရွယ်ကြီးလိုက် သူအိုဖြစ်လည်း နုသစ်ကညာ ဆင်းရုပ်ဝါနှင့် ရွယ်သာတွက်လိုက် ဆယ့်ငါးနှစ်သို့ ဖြစ်ပေမှန်စွာ ဘုရင်မှာလည်း မှန်စွာအသက် ကြီးပါလျက်တည်း နန်းသက်ရှည်မှု သုံးစားပြုဟု ထွေထွေစကား ကျေးလျှင်ပြောသော် မင်းဖျားယုံယုံ ဝမ်းထဲသုန်၍ နေဘုံနေရာ ကျွန်မအပေါင်း များသိန်းသောင်းတွင် ဆိုးကောင်းလေရှိ အသက်ကြီးအား ပေးလေငြားဟု မင်းဖျားဘုန်းတူ မိန့်တော်မူသော် နန်းသူများစွာ လျှင်ဆော့လာ၍ ထိုခါယူပြီး သရက်သီးကို ယူပြီးလျှင်စွာ

အခွဲလွှာ၍ ဆောင်ကာယူပြီး ဂုန်းမကြီးအား ပေးပြီးအမှန် ဂုန်းမကျွန်လျှင် ငြင်းဆံမလွတ် ရှင်မင်းမြတ်၏ မိန့်လွှတ်အာဏာမှန်သည်သာဟု ထိုခါမနေ သရက်ရည်ကို သောက်မည်လတ်ဆို ကောက်၍မျိုသော် မာန်ဆိုးလေရောက် ဆိပ်ဟုန်တော်၍ ခေါက်ခေါက်မနေ ကျွန်မ,သေသော် မြင်လေရာဇာ ထိုရောခါလျှင် မာန်ပါစိတ်ညစ် သုဝမိုက်လျှင် ယူလိုက်တုံပြီး မေဇုသီးကို မင်းကြီးငါဝယ် စားမိချေသော် ယနေ့အသက် ငါလျှင်ပျက်အံ့ ကြော်လျက်စရာ မင်းရာဇာလျှင် မာန်ပါအားကြီး ဒေါသမီးကြောင့် ကြက်သိန်းလည်းထ ကျေးသုဝကို ကြောင်းစဆွေးနွေး ဂန်းမမေးသော် မင်းရဲရာဇာ မျက်မာန်ပါသည် ထိုခါမလွဲ ရွှေချိုင့်ထဲက ထုတ်မြဲမလွတ် ကျေးကိုသတ်ဟု၊ မင်းမြတ်မိန့်တော်မူလတ်တည်း။

(၃၇) မိန့်တော်မူလတ် ကျေးကိုသတ်ဟု မင်းသားရာဇာ ဆိုသောခါလျှင် မကြာလွယ်ကူ ချိုင့်ကယူ၍ ကျေးဖြူညိုလှ မဒရကို သတ်ထားမနေ ချက်ခြင်းသေသော် မြင်လေရာဇာ စိတ်မသာ၍ ကျေးသားယူပြီး သရက်သီးကို စစ်ပြီး၍ပေထားသင့်သည်ဟု မှတ်လေစိတ်တော် တပြည်ရွာက များစွာစစ်မက် ဝမ်းရဲလျက်တည်း ရောက်လျက်ရှိထွေ လူများထွေကို ဤသည်သရက် ကျေးပေးဆက်သည် မွေးလျက်တုံပြီး ဤသည်သီးကို စားမိ၍ပေ ဗိုလ်လူသေ၍ ပျက်ပေလုံးလုံး ခန္ဓာဆုံး၍ အသုံးတခါ ရှိတန်ရာဟု ရာဇာမင်းဖျား စိတ်မှတ်ထားသည် စိုက်ထားပြုစု ဥယျာဉ်မှူးအား ခေါ်ငြားသံချို မင်းကြီးဆိုသည် မွေးကြိုင်တုံလျက် ဤသရက်ကို ပျိုးစိုက်ရမည် ဥယျာဉ်မြေတွင် လုံစေတပ်ထိုး ရှင်အောင်ပျိုးဟု နန်းရိုးဘုရင် မိန့်တုံကျင်သော် ဆန့်ကျင်မစုံ လွန်ကြောက်ရွံ့၍ မတန့်လျှင်ပေ တဟုန်တည်းလျှင် ယူ၍လည်းလာ ဥယျာဉ်သာသို့ ထိုခါအမှန် ရောက်လေပြန်သော် တပ်ရံ၍ထိုး ရေလောင်းပျိုး၍ စိုက်ပျိုးတုံလေ ထားရလေသော် ကြီးပေအမှန် ကျေးမွန်ယူပြီး သေပင်ကြီးလည်း သီးပြီးမွှေးကြိုင် တောလုံးလှိုင်၍ နံ့ကြိုင်ချိုပြီး သရက်သီးလည်း မှည့်ပြီးကြွေကျတစ်လုံးမျှကို စားကြမဝံ့ လူများလန့်၍ ကြောက်ရွံ့တုန်ပြီး သေပင်ကြီးကို လူကြီးလူငယ် မြို့နေအများ ဆင်းရဲသားတို့ သွားကြမဝံ့ လူများလန့်၍ ကြောက်ရွံ့တုန်ပြီး သေပင်ကြီးကို လူကြီးလူငယ် မြို့နေအများ ဆင်းရဲသားတို့ သွားကြမဝံ့ တိုင်းပြည်လန့်၍ ပတ်ဝှန့်ထင်ပေါ် သိတင်းကျော်သော် ရာဇာထွင့်ထား မင်းတရားလျှင် စိုက်ထားတုံလေ ဥယျာဉ်မြေ၌ ပေါက်လေတုံဘိ ယခုရှိဟု ပြောဘိစကား လူအများတို့ ကြောက်အားကြီးစွာ ကြက်သီးထ၍ နေရလေပြီး သေပင်ကြီးလည်း ရှိပြီးလျှင်စွာ ဥယျာဉ်သာတွင် မှန်စွာမယွင်း ရှိလေလျှင်းသည်၊ ။ ရှေးမင်းရက္ခသေပင်တည်း။

(၃၈) ရက္ခသေပင် ဥယျာဉ်တွင်ဝယ် ပေါက်ကျင်တုံဘိ ယခုရှိဟု နှံ့သိတိုင်းပြည် ကျော်ငြာလည်၏။ ထိုသည်အခါ ဥယျာဉ်သာတွင် သက်မွန်ခြောက်ဆယ် အရွယ်လွန်ပြီး ဇရာနီး၍ နေပြီးတုံငြား လင်မယားလျှင် တစ်ပါးအခါ ဖြစ်ရာတုံလတ် အိမ်ထောင်ဝတ်ကြောင့် ရေရွတ်ဆဲမှု ဝါကြီးပြုသော် မျက်ငြိုကြီးစွာ ဒေါ်ကြီးမလည်း ဆိုထမခံ ခွန်းတိုင်းလှန်သော် မျက်မာန်လည်းကြီး လင်ဝါကြီးလျှင် ထပြီးကိုင်လတ် သုံးချက်သတ်၍ ရင်ဘတ်လည်းနာ ရှက်စရာသည် ငယ်ခါကာလ အိမ်ထောင်ကျသည် ကာလနောင်ခါ ဤမျှကြာပြီး တခါမသတ် ဖြစ်တုံလတ်၍ ကြီးလတ်တုံရှောင်း လင်အိုထောင်းသော် ဆောင်းဆောင်းမာန်ပါ ဤငပြောနှင့် အိမ်မှာတူပင် မနေချင်ဟု ခုပင်မနေ သွားရမည်လေ စိတ်ဝယ်မာန်ပါ ဥယျာဉ်သာတွင် စိုက်ကာထားပြီး ထိုသေသီးကို စားမိ၍ပေ သေရစေဟု သွားလေတုံမြောက် တောင်ဝှေးထောက်၍ တစ်ယောက်တည်းသာ သွားလေပါသော် ထိုခါလေရောက် သေပင်အောက်သို့ ဝင်မြောက်လေပြီး ခြံတပ်ကြီးကို ချိုးပြီး နင်းကျော် သစ်ပင်ပေါ်တွင် မှည့်ကာနေပြီး ထိုသေသီးကို ဆွတ်ပြီးတုံမြောက် တစ်လုံးကောက်၍ စားသောက်မိလေ သရက်ရေကို ဝင်လေတုံမြောက် ဝမ်းထဲရောက်သော် ချစ်လောက်စဖွယ် ပျိုနုနယ်သည် ရုပ်ရေဆင်းဝါ နတ်ပမာသို့ ဖြစ်ထကညာ ဆင်းရုပ်ဝါနှင့် ရွယ်သာတွက်လိုက် ဆယ့်ငါးနှစ်သို့ ဖြစ်လေတုံမြောက် သေပင်အောက်တွင် ဆယ့်ငါးနှစ်သို့ ဖြစ်လေတုံမြောက် သေပင်အောက်တွင် တစ်ယောက်တည်းသာ နေသောခါဝယ် အိမ်တွင်နေထ ဒေါသလည်းကြီး လင်ဝါကြီးလျှင် မျက်စိလည်းစက် သွားလည်းကျွတ်၍ ဖြူလတ်ဆံပင် ပုံပြင်တူစွာ ခဝါအလား မိတ်ဖျားနားရွက် ပျက်လိပျက်လံ ကိုယ်ဟန်မွဲမွဲ နံရိုးကြဲနှင့် သွားလည်းခေါခေါ မျောက်အလားသို့ ဖြစ်ငြားတုံပြီး လင်ဝါကြီးလျှင် မှတ်ပြီးစိတ်တွင် ဤသို့လျှင်တည်း ဖြစ်ကြင်ယာကား ငယ်မယားလျှင် စကားချုပ်ချေ ဖြစ်မိပေ၍ မနေအိမ်တွင် သေလိုချင်ဟု ခုပင်သွားမြောက် သေပင်အောက်သို့ ရောက်လေသလော မရောက်လောဟု ကြည့်ငြားလှစေ ငါသွားလေမှ ကြောင်းဝယ်သိရ တော်မယ်ပဟု ကိုင်ထမြဲမြဲ တောင်ဝှေးစွဲ၍ မနှေးလျှင်စွာ အပြင်းလာသော် မှန်စွာထုတ်ချော် သေပင်အောက်သို့ ရောက်လေသည်သော် ဝါကြီးကျော်လည်း စိတ်မှာလည်းမှတ် ဤအရပ်တွင် မချွတ်မှန်စွာ ရှိတန်ရာဟု ဖွေရှာလည့်ပါတ် တဆတ်ဆတ်လျှင် ကြည့်လတ်တုံမြော် သေပင်အော်တွင် ချစ်လော်စဖွယ် ပျိုနုနယ်သည် အရွယ်ဆယ့်ငါး နတ်အလားသို့ ပျိုထွားနုနယ် မိန်းမငယ်ကို ထိုဝယ်ထင်ထင် ထိုင်၍မြင်သော် သိချင်ကြောင်းရေ ဝါကြီးမေး၏၊ ရင်သွေးအသွင် ဘိုးမှတ်ထင်၍ ဆင်းပြင်

ရုပ်ဝါ အိုမြေးတော်၊ ဘိုးမှာသက်ထား ငယ်မယားလျှင် ကြီးငြားအမှန် အရွယ်လွန်၍ သက်မွန်ခြောက်ဆယ် ခုဝယ်ရှိပြီး အဘိုးကြီးလျှင် ဥယျာဉ်ခွင်သို့ သိလျှင်စွာငြား ယခုသွားသည် မြင်ငြားအေလော မေးနှီးနှောသော် စကားမကျန် ဆိုတုံပြန်၏။ ဘိုးမှန်တွင်ပြီး အသက်ကြီး၊ ဝါကြီးမယား လုညက်ထွားသည် ဖြစ်ငြားတုံကျင် အကျွန်ပင်တည်း ဆိုကျင်စကား ဝါကြီးကြားသော် စိတ်ထားမရွှင် မြေးရွှေစင်၊ ငါလျှင်ပူဆာ မယားရှာ၍ ရောက်လာတုံလိုက် ထိုအခိုက်တွင် ဆိုလိုက်စကား မလှဲ့စားနှင့် ဘိုးနှမကို ဆိုသောခါ၌ ထိုခါမယား စကားမကျန် ကြောင်းဖြစ်ဟန်ကို အကျွန်ပြောမည် ဘိုးနားတည်လော ပြောလေမှန်စွာ ဥယျာဉ်သာတွင် တူသာနေကြ တရန်ညဝယ် ဖြစ်ထအမှန် ဒေါသရန်ကြောင့် ဆဲပြန်ထောင်းထု ဝါကြီးပြုသသော် ယခုအမှန် သေမည်မှန်ဟု သွားပြန်လေမြော် သေပင်အော်သို့ ရောက်လေအကျွန် ဆွတ်ပြန်တုံငြား တစ်လုံးစားသော် အေးငြားတုံပေ သရက်ရေကြောင့် အိုဟောင်းရုပ်ပျောက် ချစ်စလောက်သည် ဖြစ်မြော်ကညာ ဆင်ရုပ်ဝါနှင့် မှန်စွာလှပ ဖြစ်လာရသည် ဘိုးလှအကျွန် ဇဝကံဟု ဆိုပြန်စကား ဘိုးတော်အားကို စားငြားပေရေး တတုံးပေးသော် လှိုင်ရွှေပျိုနွယ် စားလို့လည်းပြီး ဤသေသီးကို စားပြီးမလွတ် သေမည်မှတ်ဟု ငြင်းလတ်ဘိုးအို မစားလိုသော် လက်ကိုကိုင်ဆွဲ မြေတွင်လှဲ၍ အမြဲကိုင်ပြီး တက်ကာစီးလေ ဘုမ္မိမြေတွင် လူးလဲပြောင်းပြန် ပက်လက်လှန်၍ ငြင်းဆံမလွတ် ဝါကြီးသွတ်လျှင် ဖြစ်လတ်အမှန် အားမတန်၍ လွတ်ရန်မမြင် ကိုယ်တွင်ဖွဲ့ဖွဲ့ ပြာမုန့်သဲနှင့် လူးလဲမြေထက် စင်းလျက်အမှန် မျက်ဖြူဆန်၍ နေပြန်တုံငြား ဝါကြီးအားကို စားငြားစိမ့်မည် ကြံတုံပါလေ မုခေပဇ ဖွင့်မရသော မာနကြီးထူ မျိုးအိမ်သူလည်း စိတ်မူကြံလတ် ဝါကြီးသွတ်လျှင် လွတ်မယ်လေလား မျက်မာန်ပွား၍ ထငြားကိုင်လိုက် လည်ကိုဖျစ်သော် ဖွင့်လှစ်မုချ ခံတွင်းဝတွင် ထည့်ငြားမှန်ပြီး သရက်သီးကို အပြီးကိုင်လိုက် နားကိုဖျစ်သော် ကျစ်ကျစ်လည်းမြည် သရက်ရည်လည်း ဝင်လေတုံမြောက် ဝမ်းထဲရောက်သော် ချစ်လောက်စဘွယ် ရူပကာယ်နှင့် အိုသည်ရုပ်ပျောက် လူပျိုပေါက်လျှင် ဖြစ်မြောက်တုံလေ ဆင်းရုပ်ရေနှင့် မောင်မေနှစ်ပါး ရွှင်အားလည်းရ ဝမ်းမြော်ကြ၍ ခဏမနေ ဥယာဉ်မြေက သွားလေလျင်စွာ အိမ်ဂေဟာသို့ ထိုခါလင်မယား ရောက်လေငြားသည်။ ။ နေငြားနှစ်ယောက်တူစုံတည်း။ ။

(၃၉) နှစ်ယောက်တူစုံ နေငြားကုန်သော် ကြာတုံမြင့်စွာ တစ်ရံခါတွင် စိတ်မှာမှတ်ငြား လင်မယားတို့ ဆွတ်ငြားယူပြီး သရက်သီးကို မင်းကြီးအထံ ဆက်လေပြန်သော် အလွန်စိတ်ရွှင် ရွှေပြည်ရှင်လည်း ကြောင်းလျှင်သိလို ဤသို့ဆိုသည် မောင်လိုနှမ ပမာဏသို့ လှပရုပ်ဝါ ပြည့်စုံစွာသည် ဘယ်ရွာဌာန ဘယ်ပြည်ကလျှင် ရော်လာသနည်း၊ မင်းကြီးမေးသော် မနေလျှင်စွာ လက်ဆယ်ဖြာကို ထိပ်ပေါ်တင်မြှောက် ဤသို့လျှောက်၏မိုယ်းအောက်ပက်ကုန်း ဇမ္ဗူလုံးကို ရွှေဘုန်းတန်ခိုး နေ့တိုင်းတိုးသည် နန်းရိုးသခင် ပြည်ကြီးရှင်၊ ခုလျှင်မှတ်ပါ ကျွန်နှစ်ဘော်လျှင် ဝေးစွာဌာန တပြည်ကလျှင် မဟုတ်ကျင်တည်း သခင်ဘုရား ဥယျာဉ်ပါးတွင် စောင့်ထားလည်းပြု ဥယျာဉ်မှူလျှင် မှန်သည်ပင်တည်း လျှောက်တင်စကား မင်းကြီးကြားသော် ကြောင်းလျှားသိချင် ရွှေပြည်ရှင်လည်း ဆိုတင်စကား ဤသို့ပြောသည် လှထောရုပ်ဝါ လုလင်ကျော်၊ ရာဇာထွဋ်ထား ငါမင်းဖျား၏ ထံပါးနေပြု ဥယျာဉ်မှူလျှင် အိုသေပင်တည်း ခုလျှင်အမှန် အရွယ်လွန်၍ သက်မွန်ခြောက်ဆယ် ကြီးပေတုံပြီး ယခုရှိဟု ဖြစ်ဘိခြင်းရာ မောင်တို့မှာကား ရုပ်ဝါလှပ နုငယ်စွတည်း ဖြစ်ထကညာ နတ်ပမာသို့ မှန်စွာဖြစ်ရ ကြောင်းမူလကို ပြောပြစေလို မင်းကြီးဆိုသော် စိတ်လို့ရွှင်မြူး ဥယျာဉ်မှူးလည်း နဖူးလက်တင် လျှော်လေကျင်သော် ကျွန်းခွင်ဇမ္ဗူ နေတစ်ဆူလျှင် မတူမင်းချင်း အာဏာပြင်းသည် သတင်းထင်ပေါ် ကြော်ရာဇာ၊ ကျွန်တော် ကျွန်တော်မ တရံညတွင် ဖြစ်ကြအမှန် ဒေါသရန်ကြောင့် အမှန်တူပင် မနေချင်ဟု သေချင်၍ပေ ဥယျာဉ်မြေတွင် သွားလေတုံငြား သေသီးစား၍ ကျွန်ကမနေသေရစေဟု သွားလေလျှင်မြောက် သေပင်အောက်တွင် ကြွေမြောက်ရှိထ သီးဖလကို ကောက်ထကိုင်ဝေ စားမိလေသော် အိုသည်ရုပ်ပျောက် ကျွန်နှစ်ယောက်လျှင် ချစ်လောက်စဖွယ် လွန်တင့်တယ်သည် အရွယ်ဆဲ့ငါးမှန်ငြားစင်စစ် ယခုဖြစ်ဟု လျှောက်လိုက်စကား မင်းကြီးကြားသော် များများမယုံ သို့ဖြစ်တုံလေ ဆက်တုံလာပြီး သရက်သီးကို ယူပြီးလျှင်စွာ မင်းရာဇာလည်း မိန့်တော်မူပြီး ဤသစ်သီးကို လှော်ပြီးလျှင်စွာ နန်းဘုံသာတွင် များစွာမောင်းမ ဟူသမျှကို ရွေးထတုံပြီး အသက်ကြီးအား ပေးလေငြားဟု မင်းဖျားဘုန်းတူ မိန့်တော်မူသော် ထိုသူဂုန်းမစားလေရသော် အေးလှတုံပေ သရက်ရေကြောင့် အိုသည်ရုပ်ပျောက် ချစ်စလော်သည် ပျိုပေါက်ကညာ နတ်ရုပ်ဝါသို့ ရွယ်မှာတွက်လိုက် ဆဲ့ငါးနှစ်လျှင် ဖြစ်သည်ထိုတွင် မင်းကြီးမြင်သော် စိတ်တွင်အားရ ဝမ်းမြောက်လှ၍ ခဏလျှင်စွာ ထိုရာဇာလည်း ထိုခါယူပြီး သရက်သီးကို မင်းကြီးပြည်ရှင် နန်းတော်ခွင်၌ ရှိကျင်သမျှ နန်းသူစသား မင်းကမလွတ် တောင်နန်းထွဋ်ကို စားလေဆိုသော် စိတ်လို့ရွှင်ပ စားလေရသော် ဖြစ်ကြအကုန် နန်းသူအားလုံး အံ့မဆုံးသည် လှလုံးရုပ်ဝါ ကျန်အင်္ဂါနှင့် ကညာလည်းဖြစ် ဆဲ့ငါးနှစ်သို့ မှန်လှအရွယ် လှတင့်တယ်၍ နုပျိုအစစ် နန်းလုံးဖြစ်သည်။ မျိုးစစ် သရက် ပြီးတည်း။

(၄၀) မျိုးစစ်သရက် ကျေးပေးဆက်သည် မှန်လျက်တုံပြီး မဥ္ဇူသီးကို မင်းကြီးဘုရင် တောင်နန်းရှင်နှင့် မှန်ကျင် အကုန် စားလေတုံသော် နတ်ဘုံပမာ နန်းဘုံသာဝယ် မှန်စွာစင်စစ် ပျိုသည်ဖြစ်ကို သိလိုက်သူများ သတင်းကြားသော် ပြောဟောတိုင်ပင် ငါတို့ရှင်မှာ ကျေးလျှင်ယူပြီး သရက်သီးကို စားမိတုံရှောင်း နန်းသူပေါင်းနှင့် တကြောင်းတခြား မိဖုရား က မကျန်ရသည်ဖြစ်ထအကုန် နန်းရွှေဘုံဝယ် လှတုံဆင်းဝါ နတ်ပမာသို့ ရွယ်သာတွက်လိုက် ဆယ့်ငါးနှစ်ဟု ကျစ်လစ် ရှုဘွယ် ရူပကယ်နှင့် နုငယ်တစစ် နန်းလုံးဖြစ်ဟု ဆိုလိုက်စကား လူအများတို့ အံ့ဩမကုန် နန်းရွှေဘုံတွင် အကုန်များစွာ ဖြစ်ခြင်းရာကို ထိုခါတိုင်းပြည် နှံ့သိလေ၏။ ထိုသည့်အခါ ထိုရာဇာလျှင် စိတ်မှာတွေးဆ ကျေးသုဝကို ထ,လေ တ,ခါ ထိုမင်းသာလျှင် တ,ခါ,မရ လက်မှိုင်ချ၍ တောင်းတမကုန် သို့ရှိတုံဟု ထုံးပုံသက်သေ ဥပဒေကို ငါဝယ်ဘိရ ဟယ်ကျွန်မ၊ ဖွင့်ထအကြောင်း တံခါးတောင်းလည်း အကြောင်းမလျှော် ညဥ့်ခါသော်လျှင် မတော်မရာ ရာဇာပိုင်းခြား မြို့တံခါးကို လှစ်ထားသဖြင့် မပြုသင့်တည်း။ အခွင့်မတော် ပြုချေသော်လျှင် ယမ်းပေါ်မီးကျ ပမာနသို့ ကြီးထမင်းမာန် လွန်ပြင်းထန်၍ မေးပြန်တုံလတ် ရာဇဝတ်လျှင် မလွတ်နိုင်ရာ ကျေးပုံမှာသို့ ဖြစ်ရကြောင်းစ နောင်လျှင်ထလည်း ရအံ့ဘယ်မှာ မဖြစ်ရာသို့ ရှေးခါစကား ငါသိကြားသည် မှတ်သားခုဝယ် နှမငယ်လည်း သွားလေအမှန် နောက်ဒွါရံသို့ တဖန်သွားကြောင်း ဆိုတုံရှောင်းသည်။ အကြောင်းစကား ချိုချိုတည်း။ ။

## သုဝဏ္ဏဂဗ္ဘာ မိဖုရား မိုးသောက်ချိန်ရောက်ပြီးက အနောက်တံခါးသို့ ရောက်သွားလျှင် လင်မယားတွေ့ကြ၍ သူဌေးနှင့်ခွေး၏ပုံအကြောင်းများ ပြောပြစန်း

(၄၁) စကားချိုသာ ထိုရောခါဝယ် သွားရလေကြောင်း ဆိုတုံရှောင်းသော် အလောင်းထွဋ်ထား မိဖုရားလျှင် သားကိုချွတ်ခါ သုံးဗိုလ်ကျော်တွင် ညဥ့်သာမိုက်လှ လင်းမရ၍ ကြီးထမိုဃ်းပေါက် တဖြောက်ဖြောက်နှင့် တောင်မြော်မသိ နောက်နှင့်ရှေ့ကို မှတ်လေစိတ်က ခွဲမရ၍ နန်းမတောင်ညာ သားပုတ္တာကို မြန်စွာလည်းရွက် ခါးဆစ်ထက်တွင် ချီလျက်မနေ သွားပြန်လေသော် နောက်ဝယ်တံခါး ရောက်ပြီးအမှန် တောင်နန်းစံလျှင် တဖန်ချဉ်းကပ် အသာဟပ်၍ ဖွင့်လတ်အကြောင်း တံခါးတောင်းသော် မောင်ကောင်းတူဘီး ကျွန်ုပ်ဝရီး၏ ရင်သွေးအသွင် မျောက်သားရှင်၊ ခုလျှင်စောင့် ပြီး ဤတံခါးကို မောင်ဖွားအလျှင် ဖွင့်စေချင်ဟု ဆိုကျင်စကား မင်းကြီးကြားသော် ထပြီးတုံလတ် အသာဟပ်၍ မအပ်မရာ ညဥ့်အခါလျှင် ငါသာစောင့်ပြီး မြို့တံခါးကို ဖွင့်ထားပေးပါ တစာစာလျှင် ငိုကာငိုကာ ခုရောက်လာသည် နင်သာခုမူ အဘယ်သူနည်း ကြောင်းမူသိရေး မင်းကြီးမေးသော် ချိုဇစကား ဤသို့ပြောသည် လှထောရုပ်ဝါ လုလင်ကျော်၊ ကျွန်ုပ်မှာနှမ အိမ်ပြည့်ဝတွင် ဖွားထခုဝယ် သားအသေကို မနေစေရ ဝါခေါင်လဟု ဖြစ်ထတုံပေ လ,လည်းကွယ်၍ ရက် လည်းစနေ ထိုသည်ချိန်တွင် ငါ့ကျီတွင်း၌ မနေထိုက်ဟု ခုပိုက်ရမည် ရှင်ကစေ၍ မနေဘုံရ လွမ်းဗျာယနှင့် မောင်လှထံမှော် ယခုရောက်ဟု ထပ်လျှောက်မေတ္တာ စာနာချင်ထ ကျွန်တော်မကို မှန်စွသွေဆောင် ပြင်ရောက်အောင်လျှင် ကြံဆောင် မျောက်သား ပေးပါလားဟု စကားသံမြ ဆိုလေကလျှင် မြဲစွပိတ်ထား မြို့တံခါးကို ဖွင့်ပြီးတုံဘိ မင်းကြီးသိသော် ကြီးဘိ မင်းမာန် ရာဇဒါဏ်ကို အမှန်မချွတ် ပေးတုံလတ်က လွတ်အံ့ဘယ်မှာ မတတ်ရာဟု ရှေးခါစကား ငါပုံပြောအံ့ မှတ်သားခုဝယ် နှမငယ်လည်း သားသေချီလျက် တံခါးရွက်တွင် ခိုလျက်မှီတွေ ညောင်းညာဖြေဟု ဆိုထွေစကား မင်းကြီး ပြောသော် လှထောရုပ်ဝါ တောင်နန်းလျှာလည်း ထိုခါမနေ သားအသေကို ချီပေတုံလျက် တံခါးရွက်ဝယ် ခိုလျက်မှီတွယ် နေရလေဟု ထိုသည်အခါ မင်းမဟာလည်း ရှေးခါစကား ပုံဆိုပြောသည်။ ။ ဖြစ်ပြီးဤသို့ အမှန်တည်း။ ။

(၄၂) ဤသို့အမှန် ရှေးဖြစ်ဟန်ကို မကျန်ခုဝယ် ငါပြောမည်တည်း မှတ်လေနှမ ရွှေနားခ,လော ရှေးကလွန်လေ တိုင်းတပြည်လျှင် နေလျှင်မင်းသား တယောံအားတွင် မွေးစားလည်းပြု ခွေးတစ်ခုလျှင် လူမှုလိမ္မာ သိတတ်စွာသား ထိုခါအရှင် မင်းသားလျှင်လည်း အလျှင်လည်းကြုံ ကစားမှုကြောင့် တစ်ခုမကျန် အမှန်ရွှေငွေ အိမ်ဝယ်မရှိ ဖြစ်လတ်ဘိ သော် မိမိမွေးစား ခွေးငယ်အားကို ယူပြီးလေပြန် သူဌေးထံဝယ် ပေါင်နှံထားပြီး သူဌေးကြီးလျှင် ပေးပြီးဥစ္စာ အသပြာ သည် မှန်စွာတွက်ရေ ငါးဆယ်ငွေကို ထိုဝယ်သူဌေး ခွေးဘိုးပေး၍ သိမ်း၍လည်းထား ခွေးငယ်အားကို မွေးစားအမြဲ အိမ်တော်ထဲတွင် အမြဲနေရာ ကာလကြာသော် တရံခါဝယ် ငါးရာခိုးသား လူအများတို့ နှီးနှောတိုင်ပင် ငါတို့လျှင်တည်း အလျှင်သွားမြောက် လိုင်ခေါင်လျှော့ဟု ရောက်သည်အချိန် သူဌေးအိမ်ကို တက်မွှေငါတို့ ခိုးကြစို့ဟု တိုင်ပင်ပြုရာ

လူများစွာတို့ လျှင်စွာသွားမြောက် သန်းခေါင်လောက်တွင် ရောက်လာသူ့အိမ် တက်မွေ့ရှာကြ သူဌေးကလည်း အိပ်လို့ နေဆိုက် ထိုအခိုက်တွင် ဖွင့်လှစ်သေတ္တာ အိမ်လုံးမှာလျှင် ရှိရာသမျှ ရွှေငွေစသား များလှတုံပေ ဥစ္စာတွေနှင့် ကိုယ်အဝတ် စမလွတ်ကို မွေးစားခွေးငယ် မြင်သိလေသော် ဟောင်ပေတုံလတ် သံမပြတ်တည်း ကိုက်လတ်ခွေးငယ် သူခိုးတွေမှာ ပြေးလေမလွတ် ခွေးကိုက်လတ်သော် စုတ်ပြတ်နာကျင် ဒါဏ်လျှင်လည်းရ ပြေးထမယင် ထိုတွင်နေရ တချို့မှာလည်း ကိုယ်မှာမစဲ သွေးရဲရဲနှင့် ကျိုးပဲ့ခြေလက် ပက်လက်မှောက်ခုံ နေတုံတချို့ ချုံမှာတိုး၍ သူခိုးများစွာ လူတကာကို ခွေးသာ လည်းလိုက် အမြဲကိုက်သော် ဟောင်လိုက်ခွေးငယ် ညဥ့်လုံးနေ၍ ထိုသည်အခါ သူဌေးကျော်လည်း ခွေးသာဟောင်လိုက် နိုးသည်ဖြစ်သော် ကိုးလိုက်ဘုရား လွန်ထူးငြားဟု ထငြားလျှင်စွာ သူဌေးမှာလည်း မီးသာလည်းထွန်း အိမ်တိုက်ခမ်းကို ရိုက်ဝန်းလှည့်ပတ် ကြည့်ရှုလတ်သော် မြင်လတ်မှန်စွာ ငါ့အိမ်ပေါ်တွင် ညဥ့်ခါလူဆိုး လာ၍ခိုးဟု ကစိုကရား ဆံဖားရားနှင့် ရုံးသောပမာ ထိုခါမယား အိမ်လုံးသားနှင့် ဝန်းလျှားညီညာ များတိုက်တာကို ဖွင့်ကာမနေ ကြည့်တုံလေသော် များထွေဥစ္စာ တိုက်တို့မှာလျှင် ဖြည့်ကာလည်းထား ရွှေငွေများကို ယူသွားအမှန် မကျန်ပုဆိုး ဝတ်ဖို့မကြွင်း အိမ်တွင်မကျန် ဝန်ဆံများစွာ ငါ့ဥစ္စာကို ယူကာခိုးသွား ဖြစ်ချေသောဟု စိတ်ထားပူပင် လူများရှင်နှင့် ရှာကျင်တုံလတ် စမလွတ်ပဲ အိမ်တွင်းထဲတွင် ကြည့်လေကျင်သော် များဖျင်ဥစ္စာ ရတနာကို ယူကာခိုးသား စုပုံထားသည် မှန်ငြားတုံပေ ဥစ္စာတွေကို ထိုဝယ်အိမ်ရှင် ရလေကျင်သော် ခေါ်တွင်နာမ သုနက္ခဟု မွေးစားထားလေ ထိုခွေးငယ်လျှင် ညဥ့်ဝယ်ကိုက်လိုက် ခိုးသူမိုက်တွင် ကျန်လစ် လူကား တချို့များ၌ ဒါဏ်ရာထင်၍ နာကျင်စုပ်ပြဲ သွေးရဲရဲနှင့် လူးလဲမြေထက် ပက်လက်မှောက်လှန် တချို့ကျန်၏။ ပြဲပြန်တချိုး ခြေလက်ကျိုး၍ ကြည့်ဖို့မရ ကိုက်ထဒါဏ်ရာ သွေးဖြာဖြာနှင့် ထိုခါလူဆိုး ချုံတွင်တိုး၍ သူခိုးများစွာ ဖြစ်ခြင်းရာ ကို ထိုခါအိမ်ရှင် တတ်တတ်မြင်သော် အားလျှင်လည်းရ ကောင်းပေစွဟု ဆိုထတုံပြီး သူဌေးကြီးလည်း သွားပြီးလျှင်စွာ ထိုဥစ္စာကို ယူကာသိမ်းထား ခွေးငယ်အားလျှင် ကျေးဇူးတင်၍ ဆိုကျင်စကား ငါမွေးစားသည် မှန်ငြားတုံဘိ ခွေးငယ်ရှိ၍ ပျောက်ဘိမှန်စွာ ငါ့အိမ်ပေါ်တွင် ခိုးလှာသူများ သူတို့အားကို ကိုက်ငြားခွေးငယ် ပြုမိချေ၍ ပြေးလေအကုန် လူအပုံမှာ စုပုံ၍ထား ဥစ္စာများကို ငါကားခုဝယ် ပြန်ရပေဟု စိတ်ဝယ်ရွှင်ပ ဝမ်းမြောက်လှ၍ ဖြစ်ထတုံဘိ ခွေးမရှိသော် ပျောက်ပြီး မှန်စွာ ရတနာဟု ငါ့မှာအိမ်လုံး အကုန်ဆုံး၍ ပျက်ပြုန်းမှန်စွာ ဖြစ်ဖွယ်ရာဟု ထိုခါစကား ခွေးငယ်အားကို စကားထွက်တင် ကျေးဇူးရှင်ဟု ဆိုကျင်စကား သူဌေးပြောသည်။ ။ ခွေးအားလိမ္မာ မောင်လိမ္မာတည်း။ ။

(၄၃) ထိုရောခါဝယ် ထိုခွေးငယ်ကို ထိုခါသူဌေး ချီးမွမ်းပေး၍ မြတ်လည်းထွက်တင် ကျေးဇူးရှင်ဟု ဆိုလျှင်စကား သူဌေးကြား၍ နေငြားတုံလေ တစ်ပါးဝယ်တွင် ကိုယ်ဝယ်မွေးစား ခွေးငယ်အားကို ခေါ်၍စကား ဤသို့ကြားသည် မှတ်သားနားထောင် အိုခွေးမောင်၊ ကြာအောင်မနေ ခုသွားပေ၍ ငါးဆယ်ဥစ္စာ ရတနာကို ယူကာအမှန် ရှင်ဟောင်းထံသို့ အမှန်ပေးလေ ခွေးကိုစေသော် မနေလျှင်စွာ ထိုဥစ္စာကို ထုတ်ကာစေပြီး သူဌေးကြီးလျှင် ခွေးထီးလည်မှာ ဆွဲကာအမှန် လွှတ်လိုက်ပြန်သော် အမြန်သွားရ သုနက္ခလည်း ရောက်ထမှန်စွာ ရှင့်ခြေမှာဝယ် ပွတ်၍နေသော် မြင်လေမင်းသား ခွေးငယ်အားလျှင် ဆွဲငြားလည်တွင် အထုပ်မြင်သော် သိချင်ကြောင်းရာ မင်းသားကျော်က ဖြေကာကြည့်ထ ငွေကိုရသည် ဒေါသမာန်ဝင် မင်းသားလျှင်လည်း ဆိုကျင်စကား ငါ၏အားကို ခိုငြားအမှန် သူဌေးထံက ယူပြန်မနေ ငွေငါးဆယ်ကို ခွေးငယ်သူခိုး ရှင်ထံပို့ဟု ဆိုလျှင်စကား ထိုမင်းသားကား ဘန်းငြားတုံလတ် ခွေးကိုသတ်၍ သက်ပြတ်ဇီဝေ ခွေးငယ်သေ သော် မနေလျှင်စွာ ထိုဥစ္စာကို ယူကာအမှန် သူဌေးထံတွင် မကျန်မင်းသား ပေးလေငြားသော် သူဌေးကျော်လည်း မျက်ဖော်ကြောင်းရေး သိလိုမေးက ပြောလို့မကုန် သို့ရှိတုံဟု ဖြစ်တုံမှန်စွာ အဖြာဖြာကို ထိုခါအမှန် သူဌေးထံဝယ် မချန်မင်းသား အကုန်ပြောသော် အံ့ဩကြပြီး သူဌေးကြီးလည်း မိမိမွေးစား ခွေးငယ်အားကို တ,လေ,တ,ကာ မရသာ၍ ထိုခါနေရ လက်မှိုင်ချလို့ တောင်းတမကုန် သို့ဖြစ်တုံဟု ထုံးပုံပြထွေ ဥပဒေကို မှတ်လေနှမ ငါသိရဟု မုချမသွယ် ယခုဝယ်လည်း မြဲထွေပိတ်ထား မြို့တံခါးကို ဖွင့်ငြားရကြောင်း ငါ့ကိုတောင်း၍ အကြောင်းမလျှော် မိုယ်းလင်းခါမှ ငါသာဖွင့်မည် ယခုဝယ်ကား ကြောင်းခြေမလင်း ညဥ့်မှောင်ထွင်း၍ ဖွင့်ခြင်းမတော် ကြောင်းမလျှော်ဟု ဖွင့်သော်ငါ့အား ပြုချေကားလည်း မင်းဖျားရာဇာ သိသောခါလျှင် မှန်စွာမလွတ် ရာဇဝတ်ဟု မချွတ်တူစွာ ခွေးပုံပမာသို့ ဖြစ်လျှင်ကြောင်းစ နောင်လျှင်တလည်း ရအံ့ဘယ်မှာ မဖြစ်ရာဟု ထိုခါစကား မင်းကြီးကြားသော် လှထော်တောင်ညာ သားပုတ္တာကို ချခါ မြေဝယ် တန့်နားနေ၍ မိုက်ထွေမှောင်ကျ တံခါးဝ၌ နေထမိခင် သားရွှေစင်ကြောင့် ပူပင်မိချစ် တပြစ်ပြစ်နှင့် ငိုလိုက်ထိုဝယ် နေရလေသည်။ ညဥ့်ဝယ် သုံးချက်တီးကျော်တည်း။

## သုဝဏ္ဏဂဗ္ဘာမိဖုရား၊ ငိုညည်းသံကို ကြားသဖြင့် လင်မယားစစ် ထင်ရှားဖြစ်ကြောင်းကို ပေါင်းဆုံတွေ့မိမှ သိကြသဖြင့် လွမ်းတကြေကွဲပူဆွေးစန်း

(၄၄) သုံးချက်တီးကျော် နေရောင်လာ၍ မြို့ရွာဣန္ဒ ရွှေပြည်ကလျှင် တီးကြနာရီ မိုယ်းလင်းစေဟု စောင့်နေတုံငြား မိဖုရားလျှင် သနားစဖွယ် သားအသေကို မိမေလည်းရွက် ခါးပိုက်ထက်တွင် တင်လျက်မိခင် တံခါးတွင်၌ နေကျင်တုံပေ ငိုချင်းသွယ်သည် ကျွန့်ဝယ်မောင်ဖွား တံခါးသားတို့ မမှားမှန်လှ ကျွန်မိန်းမတွင် ဖွားထတုံပေ ငိုချင်းသွယ် သည် ကျွန့်ဝယ်မောင်ဖွား တံခါးသားတို့ မမှားမှန်လှ ကျွန်မိန်းမတွင် ဖွားထတုံပေ သားအသေကို ပိုက်ချေအလျှင် ရှင်ကနှင်သော် မြောက်ခွင်တံခါး ထွက်သွားရကြောင်း ကျွန်လျှင်တောင်းလည်း အကြောင်းစကား ပုံဆိုပြော၍ ထွက်သွား မရ သားပုတ္တနှင့် ကျွန်မမိခင် သွားကျင်အမှန် ရှေ့ဒွါရံသို့ ရောက်ပြန်တုံရှောင်း တံခါးတောင်းလည်း ထွက်ကြောင်းမရ ပုံဆိုပြသော် လွှတ်ထတဖန် တောင်ဒွါရံသို့ အမြန်သွားလေ ဆိုတော့ပေသော် ထိုဝယ်ကျွန်မ မနေရ၍ ရွာထမစဲ ညဥ့်မှောင် ထဲတွင် လှိုက်လှဲမိခင် သွားပြန်ကျင်သော် ရော်လျှင်အမှန် တောင်ဒွါရံသို့ တဖန်ရကြောင်း တံခါးတောင်းလည်း ထပ်လောင်း ရှေးတူ ပမာမူသော် ထွက်ခွင့်မရ သားပုတ္တနှင့် ထိုခါကာလ ပစ္ဆိမာပြန် နော်ဒွါရံသို့ အကျွန်နှမ ထွက်သွားရကြောင်း တံခါးတောင်းလည်း တကြောင်းပုံဆို မဖွင့်လိုတည်း သားကိုကျွန်မ မပိုက်ရဟု ရှုတ၍ဆို ညဥ့်သုံးဗိုလ်တွင် ထွက်လို၍သာ လေးမျက်နှာတွင် လေးဖြာမှန်လှ လေးမုက္ခကို ဖွင့်ထအကြောင်း လှဲ့၍တောင်းလည်း ရကြောင်းမတော် ခွင့်မလျှော်ဟု ထိုခါစကား လေးပုံပြောလည်း ညဥ့်အားမကုန် ရွာတုံထိန်းကြိုး ပဖွဲမိုယ်းလည်း ဖြိုးဖြိုးကြီးစွာ ညဥ့်လုံးရွာသော် ကျွန်သာနှမ မထွက်ရဟု ငိုထမစဲ ညဥ့်မှောင်ထဲဝယ် ပိတ်မြဲတံခါး ယခုထားသည် ဖြစ်ငြားတုံစွ ကျွန်တော်မကို မေတ္တာမဝင် စိတ်တော် တွင်ဝယ် ရှိကျင်သလား တံခါးသားဟု စကားပြောဆို ငိုလည်းငို၍ မေးလျှင်ကံညစ် ရှေးဝယ်ဆစ်၍ သားချစ်ကြမ္မာ မိဇာဒါနှင့် ပမာမလွဲ တချက်တည်းလျှင် ဖော်ကွဲငှက်သွင် သူ့ပြည်တွင်ဝယ် မေလျှင်ကိုယ်ချေး တစ်ယောက်ထဲကြောင့် ဆွေလည်းမမြင် သူ့တိုင်းခွင်ဝယ် ဘွားကျင်တုံပေ သားအသေကို ပိုက်မေလျှင်ကြောင်း တံခါးတောင်းလည်း ထွက်ကြောင်း မရ ကံဆိုးစွဟု ရှုတသားကို ဖက်ကာငို၍ ခေါ်ဆိုတွင်လိုက် သီဝရာဇ်ကို စိုးလိုက်ပိုင်ခြင်း ရိန္ဒမင်းနှင့် မယွင်းသဏ္ဍာန် ငှက်မောင်နှံသို့ တရံမကွာ နန်းဘုံသာတွင် မေတ္တာရောရှက် စံမွေ့ချက်ကို ရေတွက်အော်မေ့ တစေ့စေ့လျှင် ဖွဲ့၍မေပျို ငိုတုံလို၍ သံရွှေနွဲ့နောင်း ငိုကာလောင်းသည်၊ လူပေါင်းနားမှာ ချိုချိုတည်း။ ။

ပီယပုတ္တာ, မေ သာမိကေ, အရိန္ဒမောနာမ, ရာဇာသစေ အတ္တိ,သီဝိကာစတေဝိတာ,ကရိဿာမိ။ပီယပုတ္တာ၊ အိုချစ်လှစွာသောသား၊ မေ၊ ငါ၏၊ သာမိကော, အရှင်သခင်လင်ဖြစ်သော၊ အရိန္ဒမောနာမ၊ အရိန္ဒမာ အမည်ရှိသော၊ ရာဇ၊ မင်းသည်၊ သစေ၊ အကယ်၍၊ အတ္တိ၊ ရှုသည်ဖြစ်အံ့၊ သီဝိကာစ၊ ထမ်းစင်တို့ဖြင့်လည်း၊ တေ၊ သင်ချစ်သားကို၊ ပီတာ၊ ဘခမည်းတော်သည်၊ ကရိဿာမိ၊ ပြုရအံ့။ ။

(၄၅) နားမှာချိုသာ ဤသည့်စာကို နောင်လာလူများ အမျိုးသားတို့ မှတ်သားစေချင် စီကုံးဆင်သည် နောင် သံသရာ အကျိုးငှာဟု ဤစာဝတ္ထု လင်္ကာပြုသည် ဂုရုတွင်စွာ ကျွန်ဆရာလျှင် ဥာဏ်သာမဆုံး ပန်းကျက်ရုံး၊ သီကုံးသဖွယ်၊ လင်္ကာချေလည်း နားတဲ့သူလွန် ဖတ်ယူပန်လိမ့် ရိန္ဒမ်းမည်သာ ကျွန်ုပ်မှာလျှင် ပညာလျှံလျက် စမ်းရေမြက်သို့ တချက်ထိန်း ငြား ချုံးကာထားသည် အများလူရှင် ရွှေနားတင်လော ထက်လျှင်ဆိုငြား မိဖုရားလျှင် သနားစဖွယ် သားအသေကိုဖက်၍ မေပျို ဤသို့ဆိုသည် သားညိုအဖ ရိန္ဒမဟု မင်းလှစင်စစ် ရှိသည်ဖြစ်မူ သားချစ်ပုတ္တာ မိသက်လျှာကို လှပတင့်အောင် ဘမင်းခေါင်လျှင် မျှားမြောင်မကိုင်ရှ မှန်ကင်းစိုက်၍ မင်းဆောင်တတ်က ဆင်လတ်တုံကျင် သယိုင်တင်၍ ပြုကျင်စမြဲ မချွတ်လွဲဟု ခုကသားမှာ သူ့ပြည်ရွာတွင် ကံသာလည်းညစ် ဖွားသည်ဖြစ်လည်း သားချစ်မရှင် မောင့်ဘခင်လည်း မမြင်ပါ လာ မေချည်းသားလျှင် ကြံရာမတတ် သားလက်လွတ်ဟု မိမြတ်ဒေဝီ တစီစီလျှင် ရှေးဆီနန်းမှာ စံခြင်းရာကို တောင်ညာ မေပျို ဖွဲ့နွဲ့လို၍ ငိုကာငိုကာ သားသည်းချာကို မာတာသံချို ငြို၍ဆိုသည် သားညိုနန်းရံ မောင်နာခံလော့ ပြည်မွန်တလိုက် သီဝရာဇ်ကို စိုးလိုက်ပိုင်ခြင်း မောင်ဘမင်းလျှင် သတင်းထင်ပေါ် ပတ်ဝန်းကျင်သည် လောင်းလျှင်မှန်လှ ရိန္ဒမ၏ သက်မျှ ကြင်ရာ အလှကျော်သည် တောင်ညာနန်းစံ မိသုဝဏ်နှင့် တရံမကွာ နန်းဘုံသာတွင် စံကာမပြတ် ကုသိုလ်ဝင်ရှိကို ပေးလတ် အတူ လင်မင်းဖြူနှင့် နေပူမလွတ် ခါမချွတ်ဘဲ လှူလတ်တုံပြီး စရပ်ကြီးကို ဆောက်ပြီးမလွတ် လှူမဏ္ဍာပ်နှင့် မပြတ်ရွှေ ငွေ ပေးလေမကျန် အမှန်တွက်ကိန်း ကုန်ခြောက်သိန်းကို စောထီးမင်းကျော် လှူပြီးခါမှ ထပ်ခါတဘန် ပုဏ္ဏားမွန်လျှင် ရောက်ပြန်လာငြား တစ်ယောက်သားလျှင် တောင်းငြားအမှန် မင်းကြီးထံဝယ် လှူခံဖြစ်လတ် တထောင်ရပ်ကို မင်းမြတ်ပေး

ပါ ဆိုသောခါလျှင် စိတ်မှာသနား ထိုပုဏ္ဏားအား ဖြူထောပြောင်ပြောင် ငွေတစ်ထောင်ကို မေမောင်နှမ လှူပြီးမှလျှင် ခဏတဖန် မင်းကြီးထံဝယ် အပ်နှံထားမြောက် ထိုသည်နောက်တွင် စွန့်မြောက်ပြည်ရွာ များစွာခပင်း မကြွင်းနန်းထီး အလှူကြီးကို ဇနီးမောင်နှံ ပေးပြီးတုံပြီး ရထားစီး၍ ပြည်ကြီးချမ်းသာ စွန့်ခွာရက်ရက် တောလျှင်ထွက်သော် တစ်ချက်လမ်းမှာ ပုဏ္ဏားလာ၍ ပေးပါတောင်းငြား ယာဥ်ရထားကို မင်းဖျားစွန့်ရ မေနှမနှင့်သွားကြအတူ နေမူမကွာ ၎က်ဟသ်ာကို ဖြစ်ရာမောင်နှမ သွားလေရသော် ရောက်ထမှန်စွာ ယူဇနာသည် မှန်စွာတွက်ကြုံး လမ်းတာချုံးသည် သုံးယူဇနာ ခရီးကွာကို ထိုခါ လင်မယား ခြေနှင့်သွားသော် ရောက်ငြားအမှန် တောဟေဝန်တွင် သုဝဏ်နှမ ပန်းမောလှ၍ မင်းလှညောင်းဖြေ နေခါဝယ်တွင် ထက်ဝယ်ဆိုငြား ပုဏ္ဏားသားလျှင် ရော်ငြားတစ်ဖန် မင်းကြီးထံတွင် အပ်နှံတောင်းလတ် တစ်ထောင်ရပ်ကို မိမြတ်တောင်ညာ သူ့ပြည်ရွာတွင် ကံသာလည်းညစ် ကျေးကျွန်ဖြစ်၍ လင်ချစ်နှင့်သာ တိုင်းပြည် ရွာတွင် စံပျော်ကာလ ဝမ်းဂဗ္ဘတွင် မင်းလှသွေးရည် ပါလေသည်ကြောင့် သန္ဓေဆယ်လ သူ့ဌာနတွင် စေ့တဖွားလေ၍ သားအသေကို ပိုက်ခြေအလျှင် ရှင်ကနှင်သော် ကျွန်လျှင်နှမ လာပါရဟု ကြောင်းစထုတ်ဘော် တောင်နန်းပျော် သည် ပြည်တော်ကိုတမ်း မောင်ကိုလွမ်း၍ မခန်းမျက်ရေ နှင်းမိုယ်းစွေသို့ တောင်နေနန်းစံ ကြင်အလွန်သည် သုဝဏ်မိဖုရား ငါဖြစ်လားကို မင်းများပြည်ရှင် ငယ်ကျွန်းဝင်သည် မမြင်ပါလား မင်းရာဇာလျှင် ဘယ်ရွာဌာနည် ဘယ်တိုင်းပြည်တွင် ရှိလေသည်ပ မသိရ၍ တ,လဲတ,ကာ တစာစာလျှင် တောင်ညာနန်းစံ မေသုဝဏ်လျှင် ဒွါရံ တွင်ငြား နောက်တံခါး၌ သနားစဖွယ် ငိုလျက်နေသည်။ ။ ကြင်ဆွေလောင်း မင်းထံရင်းတည်း။ ။

(၄၆) လောင်းမင်းထံမှာ တစာစာလျှင် တောင်ညာထွင့်ထား မိဖုရားက နေငြောတုံမြောက် ငိုချင်းကောက်၍ တယောက်တည်းသား သံထုတ်ဘော်၍ ခြင်းရာမကျန် ငိုသောဟန်ကို ကြားပြန်လောင်းမင်း အိပ်ရာတွင်းက အပြင်းလေထ ဤမိမ္မလျှင် ငိုတ,ခုဝယ် လွန်ထူးပေသည် မဖွယ်မရာ ဖွဲ့၍သာလျှင် ငိုကာငိုကာ တစာစာသည် ပြည်ရွာနေနန်း ငါ့ကိုလွမ်း၍ မခန်းမျက်ရည် ငိုလျက်နေသည် တောင်နေနန်းစံ ငါ့ကိုလွမ်းလည်း သုဝဏ်နှမ မောင်သက်ဝေသည် ဖြစ်ပေသလော မဖြစ်လောကို ကြောင်းလျှားငါသည် မေးသင့်ပေဟု မနေလျှင်စွာ မင်းရာဇာလျှင် ဆင်းလာတုံကျင် တောင်နန်းရှင်အား ကြောင်းလျှင်သိလို ဤသည်ဆိုသည် တောအိုနှမ ညဥ့်ကာလတွင် ငိုထခုနေ လွန်ထူးပေသည် ဘယ်ပြည်ဘယ်ရွာ ဘယ်တိုင်းသာက ရောက်လာသည်ဖြစ် ဇာတိနှစ်ကို စင်စစ်ငါ့အား အကုန်ပြောဟု မင်းဖျားဘုန်းတူ မေးတော်မူသော် နန်းသူတောင်ညာ မိထွင့်ချာက ပြန်ကာတလို ငို၍ဆိုသည် အိုအိုယောကျ်ား တံခါးသား၊ စကားမကျန် ကျွန်ုပ်ပြန်အံ့ နာခံအမောင် ရွှေနားထောင်လော့ တောင်ဇမ္ဗူတိုက် သပြည်ရစ်တွင် တံဆိပ်ဘွဲ့ရ စည်ပင်လှသည် ပြည်မတွင်လိုက် သီဝရာဇ်ကို စိုးလိုက်ပိုင်ခြင်း ရိန္ဒမင်း၏ သက်နှင်းတောင်ညာ အလှကျော်သည် တွင်ခေါ်အမှန် မေသုဝဏ်လျှင် အကျွန်ပင် ဟု ပြန်ကာစကား မင်းကြီးကြားသော် စကားကုန်စင် မဆိုခင်ဝယ် ဘုရင်မင်းမြတ် သည်းအူပြတ်သို့ ဖြစ်လတ်ဥပမာ ပဒုံကြာကို နေဝါရောင်ထိုး အလွန်ညှိုးသို့ သတိုးမင်းကျော် မသာနှလုံး ကြိမ်မီးအုံးသို့ ထိန်းရုံးစိတ်ခိုင် မနေနိုင်၍ ဖြိုင်ဖြိုင် စီးယို ငိုလည်းငိုသည် မင်းပျိုလုလင် တောင်နန်းရှင်အား ကြောင်းလျှင်ပြန်လို ဤသို့ဆိုသည် အိုအိုမဖွား သတိထားလော၊ တခြားလူပင် မဟုတ်ကျင်တည်း နတ်ရုပ်သဏ္ဍာန် အလှလွန်သည် သုဝဏ်သက်ထား ငါမင်းဖျားတည်း ကြောင်းလျှားပြန် လတ် စကားကပ်၍ နားကြပ်ရွှေနား မေမင်းကြားလော တောဖျားဟေမဝါ ရဂုံချာက ရောက်လာအမှန် သူဌေးထံဝယ် ဆပ်ပြန်လိုကြောင်း မေ့ကိုရောင်းသော် ရသောဥစ္စာ ငါးရာသာတည်း ထပ်ကာတဖန် ငါးရာကျန်ကို ဆပ်ပြန်လို့ငှါ ပုဏ္ဏား ကျော်နှင့် မောင်သာလှည့်ပတ် ရှာတုံလတ်သော် ရောက်လတ်အမှန် ဤဒွါရံသို့ စောင့်ပြန်နေငြား တံခါးသားထံ အစေခံ၍ ရပြန်အသပြာငွေငါးရာတည်း ပေါင်းသော် တစ်ထောင်များကုန်အောင်ကို ယူဆောင်ပုဏ္ဏား တဖန်သွားသော် သက်ထား ကြင်ရာ ငါမင်းကျော်သည် စောင့်ကာနေပြန် သူ့အထံတွင် စေခံတုံလိုက် ကျွန်အဖြစ်ဖြင့် မေချစ်ကြင်ရာ စောင့်ရပါသည် လာသာဘယ်မျှ ကြာပေစွဟု ဆိုထစကား ဒေဝီကြားသော် မိန်းမောတုံလတ် သားသေရက်ကို လက်လွတ်ကျထွေ ဘုမ္မိမြေ၌ တောင်နေနန်းရှင် စင်းစင်းပင်တည်း လဲကျင်တဖန် မျက်ဖြူဆန်၍ နေပြန်ပက်လက် ဝိညာဏ်ထွက်သို့ ဝင်သက်မရှူ တောင်နန်းသူသည် စိတ်ပူအားကြီး သောကမီးကြောင့် သတိမခိုင် တိမ်းကာယိုင်၍ ညှိုးကြိုင်မေချစ် ချွေးပြစ်ပြစ်နှင့် လောင်းစစ်ရှေ့ဝယ် မိန်းမောနေသည်၊ မြင်လေမင်းသား ရာဇာတည်း။

(၄၇) လောင်းမင်းရာ ရှေ့တော်မှာလျှင် ထိုခါမိဖုရား တောင်ညာထားသည် လဲငြားတုံကျင် နေသည်မြင်သော် ဘုရင်မင်းလှ လျှင်စွာထ၍ ယုယအသာ ရင်ခွင်ပေါ်တွင် တင်ကာထားလေ သားအသေကို လောင်းဝယ်မင်းလှ ယူပြီးမှ လျှင် ဟတ္ထညာဝေ ဖက်ကာနေ၏ ရောင်ခြေလှဲ့ခြင်း မိုယ်းလည်းလင်းသော် လောင်းမင်းရာဇာ တောင်နန်းလျှာကို မြင်

သော်ခဏ မှန်မရ၍ သောကစိုးရိမ် သူဌေးအိမ်တွင် နေရှိန်ခပ်လျက် ချွေးစက်စက်နှင့် တချက်မလွတ် တောင်နန်းထွင့်လျင် လုပ်လတ်အမှန် သူ့အထံဝယ် စေခံဖြစ်လတ် သူ့ကျွန်ရပ်ကြောင်း တထပ်တမင်း သူ့အိမ်တွင်းဝယ် ပေးခြင်းမရှိ လွန်ကြုံဘိသည် မရှိရုပ်သွင် တောင်နန်းရှင်လည်း ကိုယ်ပြင်မွေးမွေး ပြာမီးသွေးသို့ ဖြစ်မြဲအမှန် ဒုက္ခခံ၍ ဝတ်ရန်မဆင် သူ့အိမ်တွင်ဝယ် ပုံပြင်မလှ မုဆိုးမကိုယ် ဖြစ်ထခြင်းရာ အကြောင်းသာဟု ထိုခါမင်းကျော် တစာစာလျှင် စိတ်မှာမရွှင် သားမိခင်ကြောင့် စီးသွယ်မျက်ရေ နှင်းမိုယ်းစွေသို့ ငိုလေမြည်တမ်း တောင်ညာနန်းတွင် ချစ်ပန်းသက်မျှ သုဝဏ္ဏကို မင်းလှစိတ်တွင် သေယောင်ထင်၍ လုလင်မင်းပျို ဖက်ကာငိုသည် သားညိုမိခင် တောင်နန်းရှင်လည်း ဘခင်မချစ် မောင်ကိုပိုက်၍ စွန့်ပိုက်ခန္ဓာ သေမင်းရွာသို့ ပါလေသွားရ သူ့ဌာနတွင် လုံးချင်းငါသာ တစာစာသည် ဟသ်ာငှက်မင်း ဖော်နှင့်ကင်းသို့ မယွင်းထိုနည်း တချက်တည်းလျှင် မောင်လေခုဝယ် ကျန်လိုက်ပေလိမ့် သေလေပြီးရ သုဝဏ္ဏကို မောင်လှ ငါလျှင် တိုင်းပြည်ခွင်ဝယ် ပြုကျင်သမျှ ဒါတပွဟု ပုညကုသိုလ် အကျိုးကိုလည်း မေပျိုရစေ အမျှဝေ၏ ဖြစ်လေနောင်ခါ သံသရာတွင် မေတ္တာထပ်လောင်း ငါမင်းကောင်းနှင့် ငယ်ပေါင်းသုဝဏ် ဖြစ်ရဟန်ကို နောင်စွန်နှမေ ဆုတောင်းလေဟု မှာလေကြောင်းခြင်း ရိန္ဒမင်းလျှင် လွန်းတင့်လည်းဆို ငိုလည်းငို၍ မောင်ကိုမကြင် တောင်နန်းရှင်နှင့် သားလျှင်လည်းဆုံး ငါ့ကိုမုံး၍ ပျက်ပြုံးကာယ နိဗ္ဗိဝသို့ ပါရအမှန် လောကခံတွင် နှစ်တန်စလုံး ငါလျှင်ရှုံးဟု တွက်ကျုံးမရ သူ့ဌာနတွင် မောင်လှ ကိုယ်ချည်း တစ်ယောက်တည်းလျှင် ပူဆွေးပြင်းထွေ ရှိလိုက်ပေလိမ့် ထွေထွေဖြာဖြာ အရာရာကို တောင်ညာတင်ထား မိဖုရားအား မှာထားလေဆို ဖက်ကာငိုသည်။ မင်းပျိုနှလုံး မငြိမ်းတည်း။ ။

(၄၈) နှလုံးမငြိမ် ရွှေသည်းပိန်၍ စိုးရိမ်ကြောင့်ကြ လောင်းရိန္ဒလျှင် ဘဝရှေးခါး သံသရာတွင် လျှုခါဒါန စိုက်ပျိုးချ၍ ဒသသုံးလီ ပါရမီနှင့် ဖြည့်လီအမှန် ဘုရားဉာဏ်ကို အလွန်ကြိုးစား သတိထား၍ ရငြားစေမူ လုံ့လပြုသည် စတုသစ္စာ ပွင့်ကြောင်းရှာ၍ လောင်းလျှာမင်းသား ဖြစ်လျက်ငြားနှင့် တရားမရ ထိုဘဝတွင် နေလှ၍သာ အဝိဇ္ဇာဟု တဏှာလောဘ မိုက်ဒေါသနှင့် မောဟမှောင်ကပ် ဖုံးလွှမ်းတတ်သည် မင်းမြတ်ကိုယ်မှာ ကိလေသာနှင့် လျှံဝါညီးညီး သုံးပါးမီးလျှင် မှောင်ဆီးထားတတ် အာရုံကပ်သော် စွဲလတ်အမှန် ဥပါဒန်သည် တဖန်မြဲရှင် သံယောဇဉ်လျှင် ပတ်ချိုင်နှောင်ဖြစ် ဖွဲ့ဉ၍ရစ်၍ အချစ်မပြတ် တောင်နန်းထွင့်ကြောင်း မင်းမြတ်ရာဇာ တစာစာလျှင် ထိုခါမင်းပျို ဖွဲ့၍ငိုသည် သားညိုမိခင် ရွှေနားတင်လော့၊ မောင်လျှင်စိုးထိုက် သီဝရာဇ်တွင် မေချစ်ကိုယ်လုံး ခန္ဓာဆုံးသော် အားလုံးညီညာ နန်းဘုံသာတွင် ရံကာမပြတ် လူချင်းစင်၍ တထပ်မောင်းမ ဝန်းရံခ,လျက် ငိုကြမစဲ နန်းတော်ထဲဝယ် ဝမ်းနဲစရာ မိကညာတို့ ဝမ်းလျှာစုထွေ သုသာန်မြေတွင် သက်ဝေနှမ ရုပ်ကာယကို မောင်လှငါသည် သဂြိုဟ်မည်ဟု မှတ်လေစိတ်တော် ယခုမှာလျှင် မောင်သာစိုးမှတ် ပြည်လက်လွတ်၍ လျှုတတ်မကျန် ပုဏ္ဏားထံတွင် အမှန်ရွှေငွေ ဆန်ရေစပါး ရထားနန်းထီး အလှူကြီးကို ပေးပြီးများမြောင် ငွေတစ်ထောင်ကြောင့် မေမောင်ကျွန်စစ် သူ့ပြည်၌ဝယ် မေချစ်သက်ဝေ ဖြစ်လို့နေသည်။ ခုဤငါ့မှာ သုံးစရာသည် ငွေသာမရှိ တစ်ကိုယ်ထီးတည်း မောင်ကြီးကြံရာ မတတ်ပါဟု ငိုကာရေလွှတ် လွမ်းစာဖတ်၍ ရှေးဝတ်မကုန် ဝိပါက်ဟုန်ကို မောင်မူခံရ သူ့ဌာနတွင် ဆွေစမမြင် သူ့တိုင်းခွင်ဝယ် မောင်လျှင်ကိုယ်ချည်း တယော်တည်းလျှင် ဆင်းရဲပူပန် ခံရဟန်ကို သုဝဏ်နှမေ သေမင်းခွဲသော် လှိုင်ရွှဲမိခင် မောင့်ရင်ပြင်ဝယ် မရှင်အသက် ခန္ဓာပျက်သော် လွန်ခက်စရာ သူ့ပြည်ရွာတွင် မေသာလည်းဆုံး သားလည်းတုံးဟု တွက်ကျုံးမရ သူ့ဌာနတွင် မောင်လှခုလျှင် မနေချင်ဟု ငိုချင်တုံသစ် တပြစ်ပြစ်လျှင် စစ်စစ်ခေါ်ကာ တစာစာသည် ပူဆာသည်းကွဲ နှလုံးထဲဝယ် မီးကြဲအတူ မောင်အပူကို နန်းသူယူသိန်း အသားထိန်းမှ မောင်ငြိမ်းပါမည် လှသက်ဝေဟု ပြစ်သွယ်ရွှန်ကျ တကာယလျှင် အလှတွင်ညီ ဘွဲ့မည်ချီသည် ဒေဝီဂုဏ္ဍာ သုဝဏ္ဏာ၏ သောတအမှန် နားရင်းထံတွင် လောင်းမွန်မင်းမြတ် မျက်နှာဟပ်၍ ရေရွှတ်ကြိုကြို ဖွဲ့၍ငိုသည်၊ စိတ်ကို မထိန်းနိုင်တော့တည်း။ ။

(၄၉) မထိန်းစိတ်တော် မင်းရာဇာလျှင် တောင်ညာနန်းရ သုဝဏ္ဏာကြောင့် ငါသာစိုးရိမ် မီးသို့ထိန်၍ မငြိမ်နှလုံး ကြိမ်မီးအုံးသို့ ထိန်းရှုံးစိတ်တော် ဆီသော်မရ လောင်းရိန္ဒလျှင် စိတ်ကတဖန် ဤသို့ကြံ၏၊ အကြံယခု မောင်သက်စုသည် သားဦးမိခင် တောင်နန်းရှင်လျှင် မရှင်အသက် ယခုထွက်၍ ပျက်လေသလော မပျက်လောကို သိမောလှချင် လက်ရွှေစင်နှင့် တောင်ညာတ်ငထား မိဖုရား၏ ညှံ့ထောနုဖြစ် ကြာပွင့်သစ်သို့ ရိုးဆစ်မပေါ် မေကိုယ်တော်ကို မင်းကျော်လက်ဆန့် အသာစမ်းသော် ချမ်းခြေလက် မရှိလျက်တည်း ပူနွေးနွေးလျှင် ချွေးလည်းစီးထွက် တစက်စက်နှင့် တချက်ကြက်သိန်း တဖြိန်းဖြိန်းကို မင်းကြီးလောင်းတော် မြင်သောခါလျှင် စိတ်မှာသနား ငယ်မျောက်သားလျှင် ခုကားဤတွင် မသေကျင်တည်း ကိုယ်တွင်တစိ အသက်ရှိဟု သတိမရ သားပုတ္တကြောင့် ပူရသည်ဖြစ် မိန်းမောလစ်သည် စင်စစ်ခုဝယ် ဖြစ်တော့

မည်ဟု ဖြစ်သွယ်၍နှင်းကျ လောင်းရိန္ဒလျှင် မေလှတုံမှာ တစာစာသည် ငိုကာ ငိုကာ တောင်နန်းလျှာကို လက်တော်နှင့်ပွတ်ဆုတ်နယ်လတ်သော် လွတ်လွတ်ခဏ သတိရမှ ထ၍မနေ လောင်းမင်းခြေကို တောင်နေလှထွင့် မျက်နှာပွတ်၍ ကြပ်ကြပ်မေပျိုဖက်ကာ ငိုသည် သားညိုဘခင် မေ့ဆွေလင်ကို ခုလျှင် ကျွန်မ ဖူးမြင်ရဟု နန်းမတောင်ညာ တစာစာလျှင် ကေသာဆံတော် သုံးတောင်ကျော်ကို ဖြေကာတုံလတ် လင်မင်းမြတ်၏ ပွတ်၍ခြေမှာ ပတ်လကျ်ာဖြင့် မေသာပျောင်းညွတ်မှောက်ခုံဝတ်၍ လှထွင့်တောင်ညာ ရှိပူဇော်သည်၊ ယသော်အလောင်း အမှန်တည်း။ ။

(၅၀) အလောင်းယသော် ဖြစ်ထိုက်လျှော်သည် တွင်ခေါ်နာမ သုဝဏ္ဏာဟု အလှတွင်ညီ ဆင်းနတ်ပြီးလျှင် ထိပ်ဆီလက်ထား လင်မျောက်သားအား ကြောင်းလျှားပြန်ခေါက် ငိုလို့လျှောက်သော် တစ်ယောက်ဘခင် ကျွန့်ကိုကြင်သည် ငယ်လင်ဘုန်းခေါင် စောရန်အောင်၊ နားထောင်ရွှေနား ကျွန်ုပ်ပြောအံ့ တောဖျားဟေမဝါ ရဂုံချာက နှစ်ဖြာတူကွ မေမောင်လှနှင့် နှမမကွာ အတူသာလျှင် ရောက်လာအမှန် သူ့ဌေးထံဝယ် ဆပ်ပြန်ရကြောင်း မေကိုရောင်းသော် အကြင်ဥစ္စာ၊ ငွေငါးရာကြောင့် ကျွန်သာနှမ သုဝဏ္ဏာလျှင် ဖြစ်ရကျွန်ခံ သူ့အထံဝယ် အမှန်နေရ ထိုသည်ညပင် မေလှသခင် မောင့်ရုပ်သွင်ကို ကျွန်လျှင်နှမ မမြင်ရဘဲ သူ့အိမ်ထဲဝယ် ဆင်းရဲမျိုးခံ တောင်နန်းစံလျှင် လုပ်ရန်မလွတ် အရှင်ဝတ်ကို မလတ်ရပါ မေချည်းသာလျှင် ညခါနံနက် မအိပ်စက်ပဲ မျက်ရေ ရွဲနှင့် လှိုင်ရွှေမိခင် သူ့ကျိတွင်ဝယ် မဝင်ထမင်း ဝမ်းဟင်းလင်းနှင့် နေခြင်းမတော် တောင်နန်းပျော်သည် အိပ်သော်မကောင်း တကြောင့်ကြကြ မောင်ကိုတ,၍ မေလှစိတ်တွင် နေပါကျင်လည်း ကျွန်လျှင်နှမ မနေရဘဲ လုပ်ရဲမလွတ် တပတ်ပတ်နှင့် လွမ်းဆွတ်၍လျှင် မောင်ကြီးရှင်ကို မြင်ချင်နိုးနိုး မျှော်လင့်ကိုး၍ တမိုယ်းကသောက် တနေရောက်လည်း မောင်ရောက်စနိုး တညိုးညိုးလျှင် စိတ်ဆိုးပူပန် သူ့အထံတွင် အကျွန်နှမ နေပါရဟု ကြောင်းစထုတ်ဘော် လင်မင်းကျော်ကို ဖက်ကာမေပျို ငို၍ဆိုသည် အိုအိုမောင်လှ ကျွန့်သက်မျှကို မေလှငါလျှင် ကြည့်မမြင်ဘဲ ပူပင်ပျောင်းညွတ် သည်းအူပြတ်သို့ ရေရွတ်ငိုကာ တစာစာသည် သီဒါမြစ်ကြီး မြတာတောင် ဆီး၍ ခရီးဝေးကွာ ဘယ်ပြည်ရွာတွင် သေချာကြင်ကျွမ်း မေထိပ်ပန်းကို ရှိမှန်းတစိ မေမသိ၍ ဖြစ်ပြီးမှန်စွာ ဤလူ့ရွာတွင် ဖွေရှာမရ ကျွန့်မောင်လှကို မေကတလီ မတွေ့ပြီဟု ခုဤအမှန် လောကခံတွင် အကျွန်နှမ အဆုံးချ၍ နေရသည်သာ ယခုမှာလျှင် မောင်တော်နှမ ကံကောင်းလှ၍ တွေ့ရလေပြီ ကျွန့်မောင်ကြီးကို မေထွေးနှမ ဖူးမြင်ရသည် နှမခုဝယ် လင်လွမ်းပြေ၍ စိတ်ဝယ်ရွှန်းရွှန်း ပွင့်သည်ပန်းသို့ ရွှင်လန်းနှမ ရှိပါရသည် မောင်လှသခင် ရွှေနန်းရှင်ဟု ကြောင်းလျှင်ပြောဆို ငိုလည်းငို၍ သားကိုချီလျက် ရင်ခွင်ထက်တွင် တင်လျက်ထားပြီး ရင်စည်တီး၍ ဆံဖြီးဖားရား ရှုးသောလားသို့ မိဖုရားမြတ် သားသေရတ်ကြောင့် လွမ်းဆွတ်ပူဆာ ငိုခြင်းရာကို ရာဇာထွင့်ပြန့် မရှုဝန့်၍ တည်တန့်စိတ်ကို ဖြစ်စိမ့်လို၍ သံချိုသာယာ တရားသာဖြင့် တောင်ညာတင်ကား မိဖုရားအား မင်းဖျားထွတ်ထွတ် ဂါထာလွှတ်သည်။ နိပါတ်ကျမ်းလာ အမှန်တည်း။ ။

## သုဝဏ္ဏဂဗ္ဘာ မိဖုရားအား သားအသေနှင့် လင်ကိုတွေ့၍ ဒုက္ခသောက နှိပ်စက်သည်အတွက် အရိန္ဒမာမင်း ထံခါးစောင့် တရားဟောစန်း

အနိစ္စ, ဝတ, သင်္ခါရာ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ, နိရုဇ-န္တိ တေသံဥပသမောသုခေါ။

ပါဠိတော်လာသည်နှင့်အညီ ဤအကြောင်းကို အလောင်းတော်အရိန္ဒမင်းသည် မျောက်သားတော် သုဝဏ္ဏဂဗ္ဘာ အမည်ရှိသော မိဖုရားကို တရားအရသာဖြင့် ငြိမ်းစေခြင်းငှါ ဤအမှုအတွက်ကြောင့် ပူပူဆာဆာမပြုပါနှင့် ငြိမ်းစေခြင်းကို ဆုံးမတော်မူသည်။ အနိစ္စ, ဒုက္ခ, ဖြစ်ပျက်ရခြင်း, လက္ခဏာက လူကို မဆိုထားဘိလော သိကြားဒေဝါ ဗြဟ္မာမလွတ် စကြာဝတေးမင်း ယုဂန်ထိုတောင်,မြင့်မိုရ်နှင့်တကွ ပစ္စေကဗုဒ္ဓါ ရဟန္တာတို့သည် ခန္ဓာစုတေ၍ ရွှေပြည်အမတသို့ လိုက်ကြ ရလေသည်။ ဤတရားကို နှမတော် ယုံကြည်စေလို၍ အနိစ္စတရားကို ရေနေသတ္တဝါ, ကုန်းနေသတ္တဝါ, သက်ရှိလေသမျှ သတ္တဝါ အပေါင်းတို့သည် အဘယ်မည်သော သူသည်လျှင် မလွတ်နိုင်ဟူ၍ အနိစ္စတရားကို မိဖုရားအား အရိန္ဒမာမင်းကြီး သည် ဆုံးမတော်မူလျှင် မျောက်သားတော် မိဖုရားသည်လည်း မင်းကြီးအား ရှိခိုးပူဇော်သော အကြောင်းအစိပ္ပါယ်တည်း။

(၅၁) နိပါတ်ကျမ်းလာ ထုံးနေဖြာအံ့ မှာစာကမ္ပည်း ဟောကြောင်းရေးကို ထောက်တွေးခြင်းရာ သိစိမ့်ငှာဖြင့် တောင်ညာတင်ထား မိဖုရားကို မင်းသားသံချို ချော့မော့ဆိုသည် နတ်လိုဆင်းဝါ သားမေတော်။ ခုသော်မှန်ငြား မောင့်စကားကို လှုထောသက်ဝေ ရွှေနားတည်လော၊ များထွေသတ္တဝါ ဘုံသုံးရွာတွင် ဖြစ်လာတုံပေ လေးသချေ်နှင့်ကျင်လေများစွာ မချွတ်ရာတည်း၊ ပမာထူဘိ သက်မရှိသည် သောင်းလေးခုတွင် သိန်းစုနှစ်လီ ပထဝီနှင့် နဒီမလွတ် ပျက်တတ်ဘိခြင်း ခြတောင်မင်းမြင့်မိုရ် ပျက်ပြိုမကျန် တောင်ရံမလွတ် ရွှေ့ပျက်တတ်သည် ခုနစ်ထပ်သီဒါ သမုဒ္ဒရာလေးစင်း မကြွင်းအနေ သဗ္ဗေသခါရ မှန်စွာမချွတ် ချိန်ရောက်လတ်သော် ပျက်တတ်လှစွာ ဘုံသုံးရွာတွင် ဖြစ်လာသမျှ ရေနယ်စသည့် များလှတုံပေ ကုန်းနေသတ္တဝါ ဘယ်မှာမလွတ် နယ်သုံးရပ်တွင် လူနတ်နဂါး သိကြားဗြာဟ္မာ မလွတ်ရာသည် မှန်စွာဖြစ်ရ နိဗ္ဗိဝသို့ ပါရအကုန် သံသာဘုန်ဝယ် တစ်စုံတစ်ယောက် လွတ်မြောက်မရှိ မှန်လှဘိသည် မုနိထွဋ်ချာ ပစ္စေကာတို့ ပျော်ရာအမှန် ပြည်နိဗ္ဗာန်သို့ ဧကံရောက်ရ အနိစ္စဟု ဖြစ်ရသဘော ဤတရားကို ညာဖျားတောင်မယ် သတိဆယ်လော၊ မပြယ်ဒုက္ခ သားပုတ္တကြောင့် မိလှခုမူ များမပူနှင့် သည်းအူနှလုံး ပျက်ပြုံးမချွတ် ဖြစ်ရလတ်က မိမြတ်ကိုယ်မှာ ဝေဒနာသည် ဖြစ်ရလိမ့်မည် မောင်စိုးသည်ကြောင့် စိတ်ပြေနှမ တယယနှင့် ဖြစ်ရခြင်းရာ အဖြာဖြာကို လောင်းတော်ရိန္ဒမ တောင်နန်းရအား ဓမ္မချိုမော တရားဟောသော် သဘောစိတ်ကျ မေဝဏ္ဏက ယိုထမျက်ရေ မင်းကြီးခြေကို ထိပ်ဝယ်ရွက်လို လျှော်တင်ဆိုသည် အိုအိုသခင် တောင်နန်းရှင်၊ ဖြစ်လျှင်ပျက်တတ် ဘုံသုံးရပ်တွင် အတည်မမြဲ ခနောင်းဝဲတွင် ဖြစ်မြဲဓမ္မတာ အရာရာကို တောင်ညာမေလှ သိပါရ၍ ခုမှတမူ သားအပူကြောင့် နန်းသူတောင်ညာ ငိုရပါဟု ဆယ်ဖြာလက်လှ ဦးနှိမ်ချ၍ လျှောက်ထသောခါ မင်းရာဇာလည်း ချိုသာစကား ဤသို့ပြောသည် လှုထောသက်ဝေ သားအသေကို ထုတ်ဝေတုံငြား နောက်တံခါးက ယူသွားလေရ ပြင်ရောက်မှလျှင် သားရွှေစင်ကို မိခင်မွေးဘ တူတကွလျှင် သားလှရှင်ကြောင်း ဆုလျှင်တောင်းမေ ဆိုသည်စကား လင်မယားကို ပြောဟောတိုင်ပင် မိုယ်းလင်းကျင်က မိခင်ချီရွက် ခါးဆစ်ထက်တွင် တင်လျက်အမှန် နောက်ဒွါရံက လောင်းတော်အရိန္ဒမ သုဝဏ္ဏနှင့် ခဏမနေ ထွက်သွားလေသည်။ ရောက်လေသုသာန် တစတည်း။ ။

## သုဝဏ္ဏဂမ္ဘာမိဖုရားနှင့် အလောင်းတော် အရိန္ဒမာတို့ သေသော သားသူငယ်ကို နောင်ဒွါရခေါ် သုသာန်တစသို့ ထုတ်စန်း

(၅၂) သုသာန်တစ သင်းချိုင်းဝသို့ သွားရတုံမြောက် ထိုမှရောက်သော် သစ်အောက်မှန်စွာ ရိပ်သာယာ၌ ချကာထားလေ သားအသေကို မြှုပ်ချေအမှန် ပြုစီရန်ကို သုဝဏ်နှမ မြင်ချေကလျှင် ထိုမှတပြီး ရင်စည်တီး၍ ဆံဖြီးဖားရားရူးသောလားသို့ မိဖုရားမြတ် သားသေရတ်ကို လွမ်းဆွတ်ပူဆာ တစာစာလျှင် ဖက်ကာလည်းဆို ဤသို့ငိုသည် သားညိုရွှေစင် မိဝမ်းဝင်သည် မမြင်ပါလာ ရိပ်သာယာတွင် မျှော်ကာမှိတ်မှိတ် အိပ်သောအဟန် သားနန်းစံသည် နေပြန်ပက်လက် ဘုမ္မိထက်က ထလောယခု မိကိုရှုလော၊ သက်စုရွှေခဲ မိလှိုင်ဆွဲသည် ပုလဲမြညှာ သားပုတ္တာကို ဖက်ကာလည်းစမ်း ဘယ်ညာနမ်း၍ ပြစ်ရွန်းငိုကာ တစာစာသည် လင်းပြာဂျုံးဖြူ ပင်ကကြူသိ သည်းအူလည်းထောင့် သောကပြောင့်ကြောင့် မနှောင့်သုဝဏ် သားအထံဝယ် ပူဖန်လူးလဲ ငိုမစဲတည်း၊ ပုလဲပမာ သားပုတ္တာကို မာတာမိခင် ရှင်စေချင်၍ သက်ဝင်ရကြောင်း ပန်ထွာတောင်းသည် အပေါင်းများစွာ ဒေဝါဒေဝ ဂန္ဓဗ္ဗတို့ မလွတ်ကုန်အောင် တောတောင်သမုဒြာ သီဒါစောင့်ပြီး နတ်သို့မေခလာ များစွာစုဆောင်း အပေါင်းများစွာ နတ်တကာတို့ မ,ပါအကုန် သားကြေးမှုံကို ထတုံလျှင်စွာ မိမာတာ၏ ကညာအမှန် နို့ခီရန်ကို စို့ဟန်သွားလား ဘ,ထံပါးဝယ် ပျော်ပါးပြုချင် တက်လျှင်လူးလဲ အမြဲသွားလာ ဖြစ်စေသားဟု ညာဖျားဒေဝီ အလီလီလျှင် ရင်စည်သော်စား မွေးသည်သားကို ရှင်ငြားစေလို နတ်ထိုထိုအား မေပျိုဟတ္တာ ဒွေးနှစ်ဖြာကို ထိပ်ပေါ်တင်လို မိဌာန်ဆိုသည်။ ။ သားညိုမိနို့ စို့စေတည်း။

## သုဝဏ္ဏဂဗ္ဘာမိဖုရားနှင့် အလောင်းတော် အရိန္ဒမာတို့ သားအသေကို အရှင်ဖြစ်အောင် သစ္စာဆိုစန်း

(၅၃) စို့စေစို့စေ မွေးမိမေလျှင် ငိုလည်းမတိတ် သစ်ပင်ရိပ်တွင် ငိုလျက်ပင်တည်း၊ မိခင်မတော် နေသရော်၌ မင်းကျော်ရိန္ဒမ စောနရလည်း တူစွတုံပြီး သားရင်သည်းကို ခုပြီးထိုတွင် မြှုပ်မည်ပြင်သော် ညာတင်ဒေဝီ လှအင်ညီသည် ကောက်ချီယူလျက် သားပန်းခက်ကို ချီလျက်သိတ်သိတ် ဖျာနှင့်လိပ်၍ ကျိတ်ကျိတ်စည်းပန်း ဘကိုကန်းသော် လှမ်း၍မင်းကျော် သားရွှေလှော်ကို မြင်သောခဏ မြှုပ်တွင်းဝသို့ မချဝန့်ဘဲ မျက်ရည်ရွှဲနှင့် ခမည်းမင်းကျော် သားနန်းလျှာကို တူးသောတွင်းနား ချကာထားမှ စကားလည်းဆို ငိုလည်းငိုသည် သားကိုလည်းဖက် ဆွဲကာရွက်၍ နန်းဆက်တာရှည် ဖြစ်စိမ့်မည်ဟု မှတ်သည်စိတ်တော် ယခုမှာကား နန်းလျှာသားငယ် သက်မရှည်ဘဲ ဘကိုခွဲ၍ မလွဲခုဝယ် ပါရပေသည် သားငယ်လည်းတုံး ပြည်လည်းပြုန်းဟု တွက်ကျုံးမရ လောင်းရိန္ဒလျှင် သွန်ကျမျက်ရေ စီးပြစ်ထွေနှင့် တားဆယ်မရ ဝါခေါင်လတွင် သွန်ကျဖြိုးဖြိုး ရွာသည်မိုယ်းသို့ သတိုင်းမင်းကျော် သားရွှေလှော်ကို ဖက်ကာလည်းချမ်း ကြိမ်ကြိမ်နမ်း၍ အလွန်းမပြေ သားသက်ဝေကြောင့် ပူလေမစဲ နှလုံးထဲဝယ် မီးကဲ့သို့ဆူ ဘအပူကို သားဖြူယူသိမ်း အသာထိန်းမှ ပူငြိမ်းပါ မည် ဘသက်ဝေဟု ဆိုထွေစကား လောင်းမင်းသားလျှင် တရားလည်းကျ သတိရလျှက် ညာရထောင်နေ လှမဟေကို နှုပ်ချေသံချို ဤသို့ဆိုသည် နုပျိုဆင်းဝါ သားမယ်တော်၊ မောင့်မှာယခု သားရှင်မှုကို ပြုမည့်သစ္စာ ဆိုပြီးခါမှ ရာဇာမင်းလှ လောင်းရိန္ဒလျှင် မြွက်ဟသံချို တိုင်တန်းဆိုသည် အိုအိုနတ်များ မသိလားတည်း။ ရှေးသောအခါ ငါမင်းကျော်သည် အောင်ချာတွင်လိုက် သီဝရာဇ်ဝယ် မင်းဖြစ်သောခါ များစွာရွှေငွေ လှူလေမပြတ် ခါမလွတ်တည်း၊ စရပ်ခြောက်ဆောင် ကုန်အောင်မလွတ် လှူမဏ္ဍာပ်ကို ဆောက်လတ်တုံပြီး အလှူကြီးကို ပေးပြီးသည်မှာ အသပြာမူ မှန်စွာတွက်ကိန်း ကုန်ခြောက်သိန်းကို လှူပြီးနောက်မှာ ပုဏ္ဏားလာ၍ ငွေသာတစ်ထောင် ကုန်အောင်မကြွင်း ခပင်းပြည်ရွာ ယဉ်သာရထား ထီးနန်းများကို စိတ်ထားကြည်ဖြူ လှူပါရသား အကျိုးအားကြောင့် ဘဝနောင်ခါ သံသရာဝယ် များစွာဝေဏေ သဗ္ဗေသတ္တာ သတ္တဝါကို ခေမာပူရံ ပြည်နိဗ္ဗာန်သို့ အမှန်ပို့တတ် ပရမတ်ဟု အထွင့်ယောကျ်ား ငါမင်းဖျားလျှင် ထင်ရှားလှူပြည် ပွင့်မည်ဘုရား မှန်ချေကားလျှင် ဤသားအသေ ရှင်ပါစေဟု လောင်းဝေမင်းလှ သုဝဏ္ဏနှင့် တူကွနှစ်ဘော် သားပုတ္တာကို ရှင်ပါစေကြောင်း လက်ဆယ်ချောင်းကို ဦးခေါင်းတင်ချီ အဥ္စလီဖြင့် ထက်ဆီပိုင်စား ရှင်သိကြားအား နှစ်ပါးမင်းပျို မိဋ္ဌာန်ဆိုသည်၊ မြင်းမိုရ်ညွတ်ပြောင်း ယိမ်းကာတည်း။ ။

## သိကြားမင်း ပဏ္ဍုကမ္ဗလာ တင်းမာသဖြင့် လူ့ပြည်သို့ လာ၍ သေနေသော သားငယ်ကို ရေစင်ဖြန်း၍ ရှင်သော အစန်း

သက္ကဿဌာနံ, ဥဏှကာရံ, ဒဿေတွာ, သက္ကော၊ အာဝဇ္ဇန္တော တံကရဏံ ညတွာ, အရိန္ဒမာ,ရညေနဒေဝီယာ၊ ပုတ္တသောစ ကေန, ဟဒယံ, ဖလိတွာ ဒိသွာ, ဗြာဟ္မဏဿ ဝေသေန,မာဝိတွာ၊ ဟတ္ထေန, ဘိင်္ဂါရံ, ဂဟေတွာ, သိဉ္စိ တောဝ, ဇီဝိတံဇီဝံပါဝုဏိသု။

သက္ကဿ၊ သိကြားမင်း၏၊ ဌာနံ၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည်၊ ဥဏှကာရံ၊ ပူပြင်းတင်းမာသော အခြင်း အရာကို ဒဿေတွာ၊ ပြ၍၊ သက္ကော၊ သိကြားမင်းသည်၊ အာဝဇ္ဇန္တော၊ ကြည့်ရှုဆင်ခြင်လတ်သော်၊ တံကရဏံ၊ ထိုအရိန္ဒမာ မင်းနှင့် မိဖုရားတို့၏အကြောင်းအရာကို၊ ညတွာ၊ သိ၍ အရိန္ဒမရညေန၊ အရိန္ဒမာမင်းနှင့်၊ ဒေဝီယာ မိဖုရားတို့သည်၊ ပုတ္တသောစကေန၊ သား၌စိုးရိမ်ခြင်းကြောင့်၊ ဟဒယံ၊ အသည်းနှလုံးသည်၊ ဖလိတွာ၊ ကွဲသည်ကို၊ ညတွာ၊ သိ၍၊ သက္ကော၊ သိကြားမင်းသည်၊ ဗြာဟ္မဏဝေသေန၊ ပုဏ္ဏား၏အသွင်းဖြင့်၊ မာပိတွာ၊ ဖန်ဆင်း၍ ဟတ္ထေန၊ လက်ဖြင့်၊ ဘိင်္ဂါရံ၊ ရေကရားကို၊ ဂဟေတွာ၊ ယူ၍၊ သဉ္စိတောဝ၊ သွန်းလောင်းသည်ရှိသော်၊ သောဒါရကော၊ ထိုသူငယ်သည်၊ ဇီဝိထံ၊ အသက် သည်၊ ဇီဝံ၊ ရှင်ခြင်းသို့၊ ပါပုဏိသု၊ ရောက်ရလေ၏။

(၅၄) ထိုရောအခါ လောင်းတော်ရိန္ဒမ သုဝဏ္ဏတို့ သားလှရှင်ကြောင်း ဆုလျှင်တောင်းသော် ပြည့်ရဆယ်လီ ပါရမီကြောင့် ပထဝီမြေ လှုပ်လေပြင်းစွာ ဆင်ကုန်းခါသို့ ကြာကြာကွဲအက် အသက်ကောင်းကင် ဆူကျင်ပရမတ် အိုးထိန်း စက်သို့ လျှပ်ပျက်လည်းထိုး မုယ်းကြိုးတစ်ထောင် ကုန်အောင်ပိုက်လွှတ် လောကဓာတ်ပေါင်း လှုပလတ်ရှောင်းသော် ထိုရောခါဝယ် ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ချောင်လှစွာ ရေထဲသာက ပြင်းစွာစွင့်စွင့် ခုံလောက်ဆင့်၍

ငါးဆင့်အာလိန် စုံလျှင်ညီ၍ ရန်လီမပြတ် ခုနစ်ထပ်တောင် ဝန်းရံမျှောင်သည် အရောင်လည်းဖြာ သီဒါရစ်ဝန်း လေးကျွန်း အချာ သမုဒ္ဒါဝယ်ႉ ပေါ်လာတုံးတိ ဂီရိဗဟိုရ် မြင်းမိုရ်တောင်ရစ် သောင်းကွင်တိုက်ဝယ် သုံးကျိတ်သုံးပါး နတ်အများတို့ ပျော်ပါးပစ်နေ ဝတီပြည်ကို စိုးသည်ပိုင်ခြင်း သိကြားမင်း၏ နေခြင်းကမ္ဗလာ ပြန္နီးခါလျှင် ပူဆာပြင်းတင်း ရှိလတ်လျှင်းသော် မိုယ်းနတ်ကျော်က ကြောင်းသော်တစိ ဘယ်သို့ရှိပှာ ဘုန်းရှိနတ်ကျော် ကြည့်လတ်သော်လျှင် လောင်းတော်ရိန္ဒမ သုဝဏ္ဏတို့ သောကလည်းဆူ သည်းအူနှလုံး ပြတ်ဆုံးတော့မည် ကုန္ဒပြည်ဝယ် ဖြစ်မည်ကိုပင် တတ်တတ်မြင်သော် အလျှင်မနေ ငါသွားလေမှ တော်မည်ပဟု ဆိုထတုံပြီး နတ်မင်းကြီးလျှင် ဝတိန်ခွင်က ဆင်းကျင်လာပြန် ပုဏ္ဏားဟန်သို့ ပုံစံတူငြား ကရားလက်ပါ ကိုင်ကာအမြဲ တောင်ဝှေးစွဲ၍ မိုယ်းထဲသိကြား ဆင်းလာငြားသည်။ ။ သနားမေတ္တာသောကြောင့်တည်း။

## သားယယ်ရှင်၍ ဝမ်းမြောက် ဝမ်းသာရှိစန်း

(၅၅) သနားမေတ္တာ နတ်ရာဇာလျှင် ဆင်းလာတုံမြော် ထိုမှာရောက်သော် သွန်းမြော်ရေစင် လောင်းလာကျင်သည် သက်ဝင်လေရ သူငယ်ထသော် ရှင်လှုတုံပေ ကြောင်းဖြစ်ထွေကို မွေးသည်မိခင် တတ်တတ်မြင်သော် စိတ်တော် ရွှင်လန်း ပွင့်သည်ပန်းသို့ ယူလှမ်းကိုင်ကာ ရင်ခွင်ပေါ်တွင် တင်ကာမိချစ် နို့ရေတိုက်၍ စင်စစ်လည်းခေါ် သားနန်းလျှာကို ဖက်ကာလည်းရမ်း ဝအောင်နမ်း၍ အလွမ်းပြေကာ မင်းရာဇာအား ခြင်းရာသံချို ဤသို့ဆိုသည် ကျွန့်ကိုချစ်ခင် ရွှေနားရှင်၊ ကျွန်တော်တို့မှာ ကံတော်လှ၍ သေရလေပြီး သားရင်သွေးသည် ခုပြီတစ်ခါ ရှင်ရပါ၍ တို့မှာကပွင့် သားလည်းတင့်ဟု ဆိုလျှင်စကား လင်မယားတို့ ပြောဟောတိုင်ပင် စိတ်ရွှင်ဝမ်းသာ ပန်းပမာသို့ နောင်ခါငါတို့ နန်းဆက်ဖို့ဟု ဤသို့စကား ပြောဟောတုံပေ ပုဏ္ဏားခြေကို လောင်းဝယ်မင်းမြတ် ရိုတုပ်ဝတ်၍ ထွတ်ထွတ်သံချို ဤသို့ဆိုသည် ကျွန့်ကိုချစ်ခင် ရွှေနားရှင်၊ ကျွန်တော်တို့မှာ ကံတော်လှ၍ သေရလေပြီး သားရင်သွေးသည် ခုပြီတခါ ရှင်ရပါ၍ တို့မှာကံပွင့် သားလည်းတင့်ဟု ဆိုလျှင်စကား လင်မယားတို့ ပြောဟောတိုင်ပင် စိတ်ရွှင်ဝမ်းသာ ပန်းပမာသို့ နောင်ခါငါတို့ နန်းဆက် ဖို့ဟု နန်းဆက်ဖို့ဟု ဤသို့စကား ပြောဟောတုံပေ ပုဏ္ဏားခြေကို လောင်းဝယ်မင်းမြတ် ရိုတုပ်ဝပ်၍ ထွတ်ထွတ်သံချို ဤသို့ဆိုသည်၊ တို့ကိုချစ်ခင် ကျေးဇူးတင်သည် သားရှင်ဆရာ ဘယ်ရပ်ရွာက လာပါသနည်း ဘယ်သူနည်းဟု ကြောင်းရေး ကိစ္စရှိသမျှကို ပြောပါစေလို မင်းကြီးဆိုသော် မြင်းမိုရ်ပိုင်စား ရှင်သိကြားလည်း စကားတုန့်လှန် ဤသို့ပြန်သည် နာခံမင်း သား ခုရောက်ငြားသည် ပုဏ္ဏားမဟုတ် အနုတ်တရ ပြည်မှာသခင် သူဇာလင်တည်း ယခင်ရှေးသော် သင်မင်းကျော်လျှင် မည်သာတွင်လိုက် သီဝရာဇ်ဝယ် မင်းဖြစ်ကာလ ကျင့်သီလနှင့် ပုညစာဂီ ပါရမီကို ခုဤဖြည့်မည် မဖြည့်မည်ကို ရောက်ပေ လာငြား မင်းကြီးအားလျှင် ပုဏ္ဏားအဟန် တူစွာဖန်၍ သက်မွန်နှစ်ဆယ် မျှလောက်ဝယ်ကို ရှိပေဖန်ငြား မင်းကြီးအားလျှင် ငွေများတစ်ထောင် လက်ရော့အောင်ကို ရအောင်ခံလာ နတ်ရာဇာတည်း မှန်စွာမချွတ် နော်,တထပ်ခါ ပုဏ္ဏားလာ၍ သက်မှာသုံးဆယ် အဟန်ဝယ်ဖြင့် တူပေဖန်ဆင်း ရာဇာမင်း၏ စွန့်ခြင်းနန်းထီး မြေကြီးမကျန် ရအောင်ခံသည် မမှန်ပုဏ္ဏား ဟန်ဖြင့် သက်မွန်ခြောက်ဆယ် အရွယ်ဖန်ငြား ယာဥ်ရထားကို မင်းအားတောင်းပန် ရအောင်ကြံသည် နတ်မွန်ဒေဝါ ငါရာဇာတည်း၊ မှန်စွာမချွတ် ရှင်မင်းမြတ်လျှင် တောင်ထွဋ်ဒေဝီ မဟေသီနှင့် တူညီနှစ်ဖော် ဟေဝန္တာဝယ် ညောင်းညာ လေဖြေ နေခါဝယ်တွင် ရောက်လေမှန်စွာ ပုဏ္ဏားလာ၍ တောင်းလှာတုံငြား ရှင်မင်းဖျားလျှင် ရှေးသောနန်းမှာ စံသောခါ၌ တောင်းလာခံပေ တစ်ထောင်ငွေကို အပ်ပေတဖန် မင်းကြီးထံမှ ထားပြန်တုံလော တစ်ထောင်ငွေကို မြိုင်ခြေတောထဲ အရစွဲ၍ မင်းရဲနှစ်ဖော် ခုပေးခါပှု မာန်ပါစိတ်ဆိုး ဒေါသကိုး၍ သတိုးမင်းသား ပေးပါလားဟု ရငြားစေကြောင်း လာ၍ တောင်းသည်၊ ၊ နတ်ပေါင်းရာဇာ သိကြားတည်း။ ။

## ကျွန်ဘဝမှလွတ်ရန် သိကြားမင်းအား
## အကျိုးအကြောင်းကို ပြောပြစန်း

(၅၆) နတ်ပေါင်းရာဇာ မှန်စွာစင်စစ် ငါလျှင်ဖြစ်ဟု ဆိုလိုက်တုံပြီး သင်မင်းကြီး၏ ဖြည့်ပြီးပါရမိန် ဒါနရှိန်ကြောင့် ဝတီစိုးပိုင် မနေနိုင်၍ ကိုယ်တိုင်ဆင်းလာ မင်းရာဇာ၏ ပုတ္တာသက်ဝေ သားအသေကို ရှင်စေလိုကြောင်း ရေသွန်းလောင်း သည် နတ်ပေါင်းသခင် သူဇာလင်ဟု ဆိုလျှင်စကား မင်းနှစ်ပါးတို့ လျှင်လျားမနေ သိကြားခြေကို ရိုသေညွတ်နူး သုံးကြိမ် ဖူးမှ ရွှင်မြူးဝမ်းသာ နေသောခါဝယ် ထပ်ကာသံချို သိကြားဆိုသည် အိုအိုရာဇာ ရွှေနားနာလော၊ ဝေးစွာခရီး လူမနီးသည့် တွက်ဘိယူဇနာ ဆယ်လောက်ကွာကို ငါသာရောက်အောင် သွယ်ပို့ဆောင်အံ့၊ မင်းခေါင်ဘုန်းလူ လိုက်တော်မူ၍ ခေါ်မူ

တွင်လိုက် သီဝရာဇ်ကို အသစ်တဖန် မင်းပြုပြန်ဟု ဆိုဟန်သိကြား ထိုစကားကို ကြားလေသောအခါ မင်းရာဇာလည်း ပြန်ကာတ,လို ဤသို့ဆိုသည် အိုအိုသခင် မြင်းမိုရ်ရှင် သခင်ဆိုငြား ထိုစကားသည် တော်ညားပေစွ ယခုမှာကား ကျွန့်မှာ အရင် သူ့မြီတင်၍ မှန်စွာထွက်လေ တစ်ထောင်ငွေကြောင့် ကျွန်ဝေမောင်နှမ ဤဌာနတွင် မည်ရဒါသီ ဖြစ်လို့နေသည် သူ့အိမ်လေးစား စကားဆိုချက် သူ၏ကြက်ဟု ဖြစ်လျက်တုံပေ မောင်နှမေတို့ လုပ်ရဲမလွတ် ဒရဇာတ်လျှင် ဆန်ဖွတ်ထင်းခွေ အထွေထွေကို လုပ်လေမပြတ် တစ်ထောင်ရပ်နှင့် ဆပ်ရမှလျှင် သူ့မြီစင်၍ သွားချင်ပါသည်။ ယခုဝယ်ကား ရှင်စေမလွတ် မလျှော့ပတ်ဟု ရှင်လွှတ်မှသာ သွားနိုင်ရာ၏၊ ထိုခါစကား မင်းကြီးပြောသော် နတ်ရာဇာလည်း သဒ္ဓါစုံမက် ခေါ်စက်စက် နှင့် ထပ်လျက်စကား ဤသို့ပြောသည် မင်းဖျားရာဇာ စောမဟာ၊ ရှေးသောအခါ ပေဟဝန္တာဝယ် ရာဇာမင်းလှ တောင်နန်း ရနှင့် နှစ်ဝတူစုံ နေတုံသောခါ ငါလျှင်လာ၍ ပေးပါတောင်းငြား တထောင်အားကို မင်းဖျားရာဇာ ဆပ်လိုငှာလျှင် သွားလာတုံမြော် ဤပြည်ရော့သော် နှစ်ယော်မောင်နှံ ရှာဖွေကြံ၍ ရပြန်တုံလေ တစ်ထောင်ငွေကို ငါဝယ်သိကြား သုံးမစား တည်း၊ ရှေးပါးဒွါရာ ဤပြည်မှာလျှင် တံခါးတွင်း၌ မြှုပ်ကျင်တုံဘိ ယခုရှိဟု ယူပြီးတုံထွေ ထိုသည်ငွေကို ပူပေငါတို့ ဆပ်ရဖို့ဟု ဤသို့စကား သိကြားပြောသည် ရှင်အားလည်းရ ဝမ်းမြောက်လှ၍ ခဏမကြာ မင်းရာဇာနှင့် တောင်ညာဒေဝီ မိုယ်းဆီသိကြား သုံးပါးတူစွ သွားလေကြ၍ ယူရတုံပေ တစ်ထောင်ငွေကို ဆပ်ပေအမှန် သူဌေးထံသို့ သွားပြန်လေမြောက် အိမ်မှာရောက်သော် သူဌေးကျော်အား ဝမ်းသာအားရ နှစ်သက်ကြ၍ ဆပ်ရအကြောင်း ဆိုတုံရှောင်းသော် မင်းကောင်း ရာဇာ စောထွတ်ချာလည်း လျှင်စွာယူပေ တစ်ထောင်ငွေတွင် ခွဲဝေမှန်စွာ ငွေငါးရာကို ထိုခါမင်းမြတ် သူ့ဖို့ဆပ်၍ လှထွတ်တောင်ညာ ထိုအခါဝယ် မှန်စွာမချွတ် ကျွန်မှလွတ်၍ မချွတ်တဖန် သွားလေပြန်သော် ဒွါရံတွင်ငြား နောက်တံခါး ကို စောင့်ငြားတုံပေ တံခါးသည်အိမ် တလီမင်းဖျား ရောက်လေငြားက ကြောင်းစံပြောထွေ ငါးရာငွေကို ဆပ်ပေအရှင်း ကျွန်မှကင်းသည်၊ လောင်းမင်းရိန္ဒမ ရာဇာတည်း။ ။

## မင်းနှစ်ပါးတို့အား သိကြားမင်း တိုင်းပြည်ကို ပြန်အပ်ပြီး ဘိသိက်သွန်းတော်မူခန်း

(၅၇) အရိန္ဒမာရာဇာ မည်သာတွင်ငြား လင်မယားကို သိကြားဆောင်လတ် ကိုယ့်ဖို့ဆပ်သော် လွတ်ပေထိုက်ရာ ထိုအခါဝယ် ဒေဝါသိကြား မင်းကြီးအားကို စကားသံချို ဤသို့ဆိုသည် အိုအိုရာဇာ ရွှေနားနာလော၊ ဝေးစွာခရီး လူမနီး သည် ခြားဘိယူဇနာ ဆယ်လောက်ကွာကို ငါသာရောက်အောင် သယ်ပို့ဆောင်အံ့ မင်းခေါင်ဘုန်းတူ လိုက်တော်မူဟု နှုတ်ချိုသာယာဆိုသောခါဝယ် ရာဇာမင်းဖျား မိဖုရားတို့ ရှင်အားလည်းရ ဝမ်းမြောက်လှ၍ ခဏမနေ လိုက်တော့မည်ဟု ဆိုပေစကား မိုယ်းသိကြားလည်း ရှေးသောအမှန် မင်းကြီးထံဝယ် တောင်းခံယူငြား ယာဉ်ရထားနှင့် မင်းအားတန်ဆာ စုံလင်စွာနှင့် ယာဉ်မှာလည်းတက် ပြာသာဒ်ထက်ကို မိုယ်းနတ်သိကြား ဆောင်ပေငြား၍ မင်းဖျားထံမှောက် ရှေ့တော် ရောက်သော် နတ်ရာဇာလည်း ခြင်းရာစကား ဤသို့ပြောသည် မင်းဖျားမဟာ စောထွဋ်ချာ၊ မှန်စွာခုဖက် ရထားထက်သို့ တက်ပါစေလို သိကြားဆိုသော် မင်းပျိုအရိန္ဒမ သုဝဏ္ဏာနှင့် ပုတ္တမှန်ငြား ထိုသုံးပါးတွင် ရထားယာဉ်ထီး တက်ကာစီးသော် နတ်ရှင်သိကြား တန်ခိုးအားဖြင့် ဝေးငြားယူဇနာ ဆယ်လောက်ကွာကို တစ်ခါတည်းလျှင် ရထားနှင်၍ ရောက်ကျင်တုံပေ ဝပြောကြွယ်သည် ရွှေပြည်တွင်လိုက် သီဝရာဇ်သို့ မင်းစစ်ရထား ဆိုက်လေငြားသော် အများပြည်သူ မြို့နယ်လူတို့ အူအူသဲသဲ လူခပဲသည် မစဲများစွာ ရောက်ကြလာသော် မြေမှာမလတ် လူချင်းထပ်၍ တုတ်ဝတ်ရှိသေ လောင်းမင်းခြေကို ထိုသည်အခါ ဇမ္ဗူချာတွင် တရားထီးဆောင်း မင်းအပေါင်းတို့ အကြောင်းသိလျှား သတင်းကြားသော် အောင်ချာတွင်လိုက် သီဝရာဇ်ကို စိုးလိုက်ပိုင်ခြင်း ရိန္ဒမင်းလျှင် ကြီးခြင်းအာနုဘော် ဘုန်းတေဇော်ကြောင့် မိုယ်းပေါ်သိကြား ယာဉ်ရထားနှင့် တင်ငြားခုဝယ် ပို့လာပေသည် မနေငါတို့ သွားကြစို့ဟု ဤသို့ဆိုငြား မင်းအများတို့ လျှင်လျားမကြာ ရောက်ကြလာသည် ကညာသွီး အသီးသီးကို ယူပြီးများစွာ မင်းတကာတို့ ထိုခါအစုံ ဆက်ကြကုန်သည် ခြောက်ဘုံစိုးရ နတ်ဒေဝလည်း ခဏမကြာ ပွင့်လောင်းလျှာကို ထိုခါနတ်မင်း နန်းတော်သွင်း၍ အောင်ခြင်းရှစ်ဖြာ မင်္ဂလာကို ကောင်းစွာရှေးဦး အစပြု၍ ချီးကျူးပြီးခါ ပန်းရှစ်ဖြာနှင့် ရသာလည်းဖြန် ဘိသိက်သွန်း၍ နန်းကိုသိကြား အပ်ပေငြားသည်။ လောင်းဖျား ဇမ္ဗူ သောင်းသောင်းတည်း။ ။

## မင်းကျင့်တရား ဆယ်ပါးနှင့်လျော်ညီစွာ တိုင်းပြည်ကို အုပ်ချုပ်စန်း

(၅၈) သောင်းသောင်းဇမ္ဗူ ထိန်ထိန်ဆူသည် ပြိုင်သူမရှိ ဇမ္ဗူဒီဝယ် ဘုန်းရှိန်ထင်ပေါ် သတင်းကျော်သည် လောင်းတော်မှန်လှ ရိန္ဒမလျှင် နှမသုဝဏ် တောင်းနန်းစံနှင့် တရံမကွာ သားပုတ္တာကို မေတ္တာရောရှက် လွန်စုံမက်၍ စံလျက်အမြဲ ရွှေနန်းထဲဝယ် လှိုင်ရွှေမောင်နှံ နေပျော်စံသော မိုယ်းစွန်ထိကြား မင်းကြီးအားလျှင် အပ်ထားနန်းဝယ် ဝတီပြည်သို့ ပြန်လေသွားခါ မည်သာတွင်လိုက် သီဝရာဇ်ဟု မြို့၌နေငြား လူအများတို့ ပြောဟောတိုင်ပင် ငါတို့ရှင်ကို ခုလျှင်မှသာ ဖူးရပါ၍ တို့မှာကံပွင့် မြို့လည်းတင့်ဟု ဆိုလျှင်စကား လူအများတို့ အားရနှစ်သက် မြူအင်တက်၍ ရောက်လျှင်မစဲ တသဲသဲလျှင် ခပဲများစွာ လူတို့မှာလည်း ကိုယ်မှာဆင်ယင် ဝတ်စားပြင်၍ ပျော်ရွှင်တုံပြီး အသီးသီးလျှင် ယူပြီးလက်မှာ သကာထောပတ် မလွတ်သစ်သီး ချိုမြိန်လှစွာ ကောင်းရာရာကို ရွေးကာယူမြော် မင်းထံမှောက်သို့ အရောက်ဆက်ထွေ နေကြလေ၏။ သပြေကျော်သောင်း မြေတိမ်းစောင်း၍ မင်းပေါင်းထက်လွန် ဘုန်းတော်သံသည် လောင်းတော် ရိန္ဒမ စောဒေဝလည်း ဆယ်ပါးမင်းကျင့် မယိုယွင်းဘဲ နန်းတော်ထဲဝယ် အမြဲစံပျော် လူများစွာအား ဆယ်ဖြာအကျင့် မယွင်းအမှန် ငါးတန်သီလ အဋ္ဌရှစ်ဖြာ အရာရာကို ကောင်းစွာလူများ သတိထားဟု မင်းဖျားဘုန်းတူ မိန့်တော်မူသည် မိုယ်းယူအတန် အလှလွန်သည် တွင်ပြန်နာမ သုဝဏ္ဏဟု ဂဗ္ဘာဒေဝီ ဆင်းနတ်ပြီနှင့် တူညီမကွာ ရွှေပြည်သာကို ထပ်ကာ အုပ်စိုး ရွှေထီးမိုး၍ သတိုးမင်းကျော် နွယ်လာမပျက် နန်းသက်အမှန် တသိန်းစံ၍ အမှန်မညီး စည်းစိမ်ကြီးကို မင်းကြီး ရာဇာ ပုတ္တာတွင်ငြား မိဖုရားနှင့် သုံးပါးအမှန် နေပျော်စံသည် ဝန်းရံမောင်းမ မတ်ပေါင်းခလျက် နေ့ညမလတ် အထပ်ထပ်လျှင် ပြာသာဒ်ကြီးကျယ် ပလ္လင်ဗွေထက် နှစ်ဆွေကြင်ဖော် မင်းချမ်းသာတို့ ရှုသကြာမြင့်ညောင်း စံပျော်ရှောင်းသည်၊ နှစ်ပေါင်းများစွာ တူစုံတည်း။ ။

## တပည့်သာဝကတို့အား နိက္ခမပါရမီ အကြောင်းကို ဟောပြောစန်း

(၅၉) သတ္တရတနာ ပြည့်စုံစွာသား စကြာသခင် လေးကျွန်းရှင်ကို မွန်ဖျင်ရံကာ တရားမင်းပေါင်း ခဝတ်ညောင်းသည် ပုံဆောင်တူစွ ငါနှင့်မျှသည် သာဝကများ တပည့်သားတို့ မှတ်သားကြလေ ငါဗုဒ္ဓလျှင် ဤသည်ဘဝ ဖြစ်သမျှလျှင် ဖြစ်ရအညီ မြတ်စာဂီနှင့် ပါရမီထူး ဘုရားဆုကို ပြုစုလုံ့လ ဝီရိယနှင့် နိက္ခမ ပါရမီ စုံစီဖြည့်လိုက် ဘုရားဖြစ်သည် စင်စစ်ခုသာ မဟုတ်ရာတည်း၊ ရှေးခါမဆွ ငါဗုဒ္ဓလျှင် အရိန္ဒမရာဇာ ဖြစ်သောခါလည်း အောင်ချာတွင်လိုက် သီဝရာဇ်မည် တိုင်းရွှေပြည်တွင် စိန်ပြည်မှန်လျက် ရွှေလျှံပြောင်ပြောင် ရွှေရေလောင်းသို့ ရွှေတောင်ပမာ နန်းဘုံသာဝယ် ချမ်းသာလည်း ခံ မေသုဝဏ်နှင့် တရံမကွာ အတူသာလျှင် စံပျော်ကာလ သမ္ဗုဒ္ဓဟု ဘုရားဆုကို ရမူဇောသံ စိတ်ကကြံ၍ ဆယ်တန်အညီ ပါရမီကို ရှေးဆီအတူ ပါဖြည့်ဖူးဟု ချီးကျူးမိရွှတ် ရိန္ဒဇာတ်ကို လူနတ်ဆရာ ဘဂဝါသည် ပြည်သာဝတ္တိ တင့်ဘိသာလွန် ဇေတဝန်ဝယ် ဝန်းရံများစွာ ရဟန္တာနှင့် လေးဖြာပရိသတ် လူနတ်တို့အား မြတ်ဘုရားလျှင် မှတ်သားလေအောင် နိဒါန်းဆောင်၍ ဘုန်းခေါင်မြက်ဖျား ဟောပေကြားသည်။ ။ အများမှတ်စိန့်သောငှါတည်း။

## ဇာတ်တော်ပေါင်းစန်း

အတိတေ, ဘိက္ခဝေ, တတောတဒါကာလေ၊ ပုဗ္ဗဒွါရဂုတ္တံ၊ ဒုဋ္ဌောသောနရော, အနန္တေဝယေဝ, အဟောသိ၊ အရိန္ဒမရာဇာပုတ္တော၊ ဣဒါနေဝ, ရာဟုလော, အဟောသိ၊ သုဝဏ္ဏဂဗ္ဘာဒေဝီ, ဣဒါနေဝ, ဝိမ္ဗဒေဝီအဟောသိ၊ အရိန္ဒမော ရာဇာ၊ ဣဒါနေဝ, တိလောကေန ပူဇိတံ၊ ဗုဒ္ဓေါဇေ, ဥဒပါဒိ။ ။

ဘိက္ခဝေ ငါ၏ချစ်သား ရဟန်းများတို့၊ ဝါ ခန္ဓာငါးပါး နောင်မဖြစ်ရအောင် သံသရာဘေးကို ကြောက်သဖြင့် ငါ့ထံမှောက်၌ သဘာဝဓမ္မကိုသာ ထောက်ရှုဆင်ခြင်ကြသော ငါ၏ချစ်သား ရဟန်းများတို့၊ တတောတဒါကာလေ၊ ထို အရိန္ဒမင်းဟု ခေါ်ဝေါ်ပညတ် ငါဖြစ်ခဲ့သောအခါ၌၊ ပုဗ္ဗဒွါရဂုတ္တံ၊ အရှေ့တံခါးကိုစောင့်သော၊ ဒုဋ္ဌော၊ အလွန်ကြမ်းကြုတ်ဆဲဆိုတတ်သော၊ သောနရော၊ ထိုသူသည်၊ အနန္တေဝယေဝ၊ ယခုငါဘုရား၌ ခစားလိမ္မာ အာနန္ဒာသည်ပင်လျှင်၊ အဟောသိ၊ ဖြစ်၏။ အရိန္ဒမရာဇာပုတ္တော၊ အရိန္ဒမာမင်းကြီး၏သားသည်၊ ဣဒါနေဝ၊ ယခုအခါ၌ပင်လျှင်၊ ရာဟုလော၊ ရာဟုလာသည် အဟောသိဖြစ်၏။ သုဝဏ္ဏဂဗ္ဘာဒေဝီ၊ သုဝဏ္ဏဂဗ္ဘာမိဖုရားသည်၊ ဣဒါနေဝ၊ ယခုအခါ၌ပင်လျှင်၊ ဝိမ္ဗာဒေဝီ၊ ယသောဓရာ

ဟု သမုတ်ကြသော ပိမ္ဗာဒေဝီမိဖုရားသည်၊ အဟောသိ ဖြစ်၏။ အရိန္ဒမောရာဇာ၊ အရိန္ဒမာမင်းကြီးသည်။ ဣဒါနေဝ၊ ယခုအခါ၌ပင်လျှင်၊ တိလောကေနပူဇိတံ၊ နတ်လူပြာဟ္မတို့သည် ပူဇော်အပ်သော။ ဗုဒ္ဓေါဧဝ၊ ငါဘုရားဟု ခေါ်ဝေါ်အပ်သော ပရမတ္ထခန္ဓာတော်ကြီးသည်၊ ဥဒပါဒိ၊ အသိတရား ထင်ရှားဖြစ်ပေါ်တော်မူလာပါပေ၏။

(၆၀) လောဘဒေါသ မိုက်မောဟနှင့် မာနဒိဋ္ဌိ ဝိစိကိစ္ဆာ ထိနပါ၍ ဥဒ်ခါဟိရိက နောတပ္ပဟု တွင်ထကိလေမှောင်လေးသွယ်ကို စင်စေလို့ငါ မဂ်သီဒါဖြင့် ဖြန်းကာဆွတ်လို့ ငါ့ထံခိုသည် ပုဂ္ဂိုလ်မြော်ပေ ဘိက္ခုဝေတို့ လွန်လေရှေးခါ ငါမြတ်စွာသည် တေဇာကြီးခြင်း ရိန္ဒမင်းလျှင် ဖြစ်ကျင်အမှန် ရှေးဒွါရံကို စောင့်ပြန်နေငြား တံခါးသားလျှင် စကားတင်းမာ ဝါစာဖရုတ် ကြမ်းကြုတ်ပြုတတ် တောင်နန်းထွင့်ကို ဆဲလွှတ်မိနဲ့ဆို အမျက်လို၍ စိတ်လိုပြစ်မှား ထိုယောက်ျားကား ထင်ရှားမုချ ခုဘဝတွင် ဖြစ်ရအမှန် ညီအာနန်တည်း။ လောင်းမွန်သက်စု သားမောင်ပုလျှင် ယခုမှန်စွာ ဖြစ်ကြလှာ၍ ပိမ္ဗာဒေဝီ လှအင်ညီ၌ ရင်ဆီသောက်ခါ ရာဟုလာတည်း၊ တွင်ငြားနာမ သုဝဏ္ဏဟု နန်းမညာထား မိဖုရားကား ဖြစ်ငြားမှန်စွာ ယခုခါဝယ် ရာဟုလာမိ အမည်ရှိသည် တွင်ဘိသညာ ယသော်သာလျှင် ဖြစ်လာကျင်၏။ ကျော်တွင်ဖောက်ပြ လောင်းရိန္ဒက ဖြစ်ထမှန်စွာ ယခုခါဝယ် ဆရာ မသင်ကြွင်မဲ့စင်၍ ငါးအင်ညေယျ ဒသဗလော် ဂုဏ်တော်နာဝ ညာဏရောင်စုံ ထက်ဘုံဘဝဂ် အော်နရက်ထိ ဆုံးမရှိသည် တြိသေဋ္ဌာန် ဘဂဝန်လျှင် အမှန်စင်စစ် ငါလျှင်ဖြစ်ဟု အမြစ်အရင်း မကြွင်းတုံရှောင်း ဇာတ်တော်ပေါင်းသည်၊ ။ သောင်းသောင်းနတ်လူကြော်ငြာတည်း။ ။

## အရိန္ဒမ ဇာတက် နိဋ္ဌိတံ

အရိန္ဒမဇာတကံ၊ အရိန္ဒမ ဇာတ်တော်သည်၊ နိဋ္ဌိတံ၊ ပြီးပြည့်စုံပြီး ပု, ဒိ, အာ, နှင့် ပြည့်စုံရပါလို၏။

## နိဂုံး

စစ်တွေမြို့ ဆင်ကူးလမ်းရွာ အကျွန်ုပ် ဆရာ မောင်သာအောင်အား စာအုပ်ဆိုင်ရှင် ဦးအောင်ထွန်းဦးက ပျက်စီးယိုယွင်း ဟောင်းနွမ်းပြီး မှားယွင်းနေသော လက်ရေးလင်္ကာစာတစ်အုပ်ကို ပေးအပ်၍ ဆရာ ကျေးဇူးပြုပြီး ပြင်ဆင်၍ ပေးပါဟု တောင်းပန်သဖြင့် ဗဟုသုတရှိစေခြင်း အကျိုးငှာ ခေတ္တကစ္ဆပနဒီ လကျ်ာကမ်းခြေ ဘုရားလက်ဖန်တော်ခာတ်, ကိန်းအောင်းတော်မူသော ရွာ၏တောင်ဆုံး ဗောဓိကုန်း၌နေ၍ အရိန္ဒမာ လင်္ကာသစ်ဟု အမည်တတ်ပြီး ထုတ်လိုက်ရပေသတည်း။

ကစ္ဆပတွင်ညီ နဒီမြစ်ဝယ် ပစ္ဆိမ၏ ဒေသလက်ဝဲ ထိုမြေထဲတွင် ပြုပြင်သိုဆောင်း အင်းဖါလောင်းတို့ အပေါင်းစစ်သည် များထွေထွေနှင့် ရှေ့ဝယ်ကာလ ပဋ္ဌမက ဖွဲ့နေခဲ့၍ စကားစဉ်လာ သို့တွက်တာကြောင့် သညာတွင်ကျယ် မြို့စစ်တွေ၌ ရှိလေရပ်ရွာ များပြားစွာမှာ ရှေးခါဖြတ်သန်း ဆင်ကူးလမ်းခေါ် ထိုသည်ရွာလျှင် ဖွားမြင်ဇာတိ ချက်မြှုပ်ရှိသော နှံ့သိကျေညာ ငါဆရာအား ကောင်းစွာအားထုတ် စာအုပ်ဆိုင်ရှင် ထင်ပေါ်အထူး အောင်ထွန်းဦးက ဆရာခဏ ထုတ်ကာပြလျက် ယိုယွင်းပျက်စီး ဟောင်းနွမ်းပြီးသော တသီးလင်္ကာ ကဗျာစာကို ထပ်ကာတစ်ဖန် ပြုစီမံ၍ ပေးပြန်သောတွက် တောင်းပန်ချက်ကြောင့် ဆက်လက်တဖန် မှားအမှန်ကို ဆရာဉာဏ်နှင့် ကောင်းစွာချင့်၍ အသင့်နှလုံး ယောနိထုံးကို အသုံးချပြီး ဗဟုသုတ ရှိကြစေငှါ ငါဆရာသည် လကျ်ာကစ္ဆပ ထိုမြစ်မ၏ ရှိထကမ်းခြေ ဗုဒ္ဓေဟတ္ထ သရိရခေါ် ခာတ်မွေတော်သည် စံပျော်ကိန်းအောင်း အပေါင်းသာယာ ထိုရပ်ရွာမှာ ဒက္ခိဏာခေါ် တောင်တော်အဆုံး ဗောဓိကုန်း၌ နေတုံခေတ္တ စီကုံးရ၍ ရိန္ဒခေါ်လစ် လင်္ကာသစ်ဟု နှစ်ချင့်တာရှည် ဘွဲ့အမည်ဖြင့် ထုတ်ဝေငှသည် ဒိဋ္ဌအကျိုးရှိစေသောဝ်။

(ပြီးပြီ)